www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

| | |
|---|---|
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက် (မြဲ ၀၀၈၇၇)၊ အမှတ် (၁၄၅)၊ နှင်းဆီမြူလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးအောင်မြင့် (မြဲ ၀၀၂၇၆)၊ အောင်မြင့်စာပေ။ |
| ဖြန့်ချိရေး | အောင်မြင့်စာပေ၊ အမှတ် (၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။ |


၈၉၅.၈၃

မေဝေကာ

ခေါင်းပြတ်သာရိနှင့် မေဝယာကူ / မေဝေကာ။ - ရန်ကုန်၊


အောင်မြင့်စာပေ၊ ၂၀၁၆။

၁၄၅ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) မေဝေကာ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com





# အခန်း (၁)

ကောင်းကင်မှာ ခုနစ်စင်ကြယ်ပြောင် အမြီးထောင်နေပြီ။ ဘန့်ဘွေးကုန်းရွာကလေးလည်း လကွယ်ည အမှောင်ထုအောက်တွင် အိပ်မောကျနေပြီဖြစ်၍။ လင်းဝက်၊ ဇီးကွက်နှင့် လင်းနို့စသည့် ညဥ့်ငှက်တို့ ကောင်းကင်တွင် လမ်းသလားကာ အစာရှာထွက်နေကြပြီ ဖြစ်သည်။ မဖြစ်စလောက် ကြယ်အလင်းရောင်အောက်မှာ ဘန့်ဘွေးကုန်းက အိပ်မောကျနေပြီဆိုသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ရွာလုံးတော့ မဟုတ်. . .။

သုံးတောင့်ထိုး ဓာတ်မီးတစ်လက်နှင့် လှုပ်ရှားနေသော လူတစ်စုတော့ ရှိသေးသည်။ အားလုံး အာရုံကိုယ်စီနှင့် လျှောက်နေကြခြင်းဖြစ်သည်။

ရှေ့ဆုံးကလူ၏ လက်ထဲတွင် ဘုရားဆင်းတုတော် အသေးလေးကို ပိုက်ထား၏။ ဒုတိယလူမှာ အနည်းငယ် ထိပ်ပြောင်ကာ မျက်လုံးမှိတ်ရင်း ပါးစပ်ကလည်း အဆက်မပြတ် ရွတ်လို့နေလေ၏။ သူ့ နောက်တွင်တော့ လူနှစ်ယောက်။ သူတို့ကတော့ ကိုယ့်စိတ်ကိုယ် မလုံသလို ပုံစံမျိုးနှင့် ပက်ဝန်းကျင်ကို အကဲခတ်ပြီး လိုက်ပါလာကြသည်။

ထိုသူတို့မှာ ဘန့်ဘွေးကုန်းရွာမှ ပယောဂဆရာ ယက္ခနှင့် တပည့်ကျော်များဖြစ်သော သာဂိ၊ ဆိတ်သိုး၊ ခြောက်စောင်း တို့ပင် ဖြစ်ကြသည်။

သူတို့ကုပ်ခြောင်းကုပ်ခြောင်းနှင့် ချွတ်နင်း၍ ရွာမြောက်ဘက်ဆီသို့ ဦးတည်သွားနေကြ၏။ ညကြီးအချိန်မတော် ခိုးကြောင်ခိုးဝှက် လှုပ်ရှားနေကြတာ ဘာ့အတွက်လဲဆိုတာတော့ သူတို့အုပ်စုသာ သိလိမ့်မည်ထင်၏။

ည၏ သရုပ်ဖြစ်သော ခွေးအူသံသဲ့သဲ့က ရွာတောင်ဖျားဆီမှ စတင်ပေါ်ထွက်လာသည်။ ကြားကြားသမျှ ခွေးအပေါင်းက လက်ဆင့်ကမ်းသလို ပါးစပ်သရမ်းကြသည့်အတွက် တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



မြည်းနှင့် ရွာမြောက်ပိုင်းထိ ရောက်လာသည်။

အိပ်ချင်းမူးတူးနှင့် ထကာအူလိုက်သည့် ခွေးတစ်ကောင်မှာ အူနေရင်းတန်းလန်းမှ မသင်္ကာဖွယ်ရာ လူရိပ်များကို တွေ့ရသည့်အတွက် အူတာရပ်ပြီး စူးစူးဝါးဝါး ထိုးဟောင်လေတော့၏။

"ဝုတ်!. . ဝုတ်!. . ဝုတ်!. . "

"ဟဲ့ခွေး . . ဟဲ့. . ခွေး"

"ဟော့ကောင် ဘာကိစ္စ အသံထွက်နေတာလဲ လူတွေသိကုန်တော့မှာပဲ. . "

တပည့်ကျော်ခြောက်စောင်းက ခွေးကို ခြောက်လှန့်နေသဖြင့် ခေါင်းဆောင်ဖြစ်သူ ဆရာယက္ခ ကျိတ်ဆူလိုက်ရသည်။ အားလုံး အသံတိတ်ကာ ဆက်လျှောက်လာလေရာ ညကလဲ ဘိုခြောက်ခြားသလို ခံစားလာရသည်။

ညောင်ပင်ကြီးတစ်ပင်နားအရောက်. . .

"ဝုန်း!!. . . "

"အောင်မလေးဗျ. . . "

ညောင်ပင်ပေါ်မှ ရုတ်တရက် ပြုတ်ကျလာသော မည်းမည်းအကောင်ကြီးကြောင့်. . အားလုံး အော်ဟစ်ထွက်ပြေးကြတော့သည်။ ပြေးရင်း နောက်ပြန်ကြည့်မှ တောကြောင်မှန်း သိသွားကာ အကြောက်ဖြေကြသည်။

"ဟူး. . တော်သေးတာပေါ့၊ ကိုယ့်အာရုံနဲ့ကိုယ်. . ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ညမှိုးထဲ အသက်ပါသွားနိုင်တယ် ကြောင်စုတ်ရဲ့ ကဲ. . သချိုင်း နဲ့နီးလာပြီ အသံမထွက်ကြနဲ့တော့. . သတိရှိပစေ. . ”

တပည့်အားလုံး အသံမထွက်ရဲတော့ဘဲ ငြိမ်ကုတ်ပြီး လိုက်လာကြ၏။ ဆရာယက္ခ ညကောင်းကင်ကို မော့ကြည့်ပြီး စိုးရိမ်သွားဟန်နှင့်. . .

“ဟော့ကောင်တွေ မြန်မြန်လျှောက်ကြစမ်း၊ နက္ခတ် ကောင်းကြုံဖို့ အချိန်သိပ်မလိုတော့ဘူး. . သွက်သွက်လျှောက် ကြစမ်းကွာ. . ”

“ဟုတ် . . ဟုတ်ကဲ့”

ဆရာ့အမိန့်အတိုင်း ခြောက်စောင်းတို့ သုတ်ခြေတင်၏။ လွယ်အိတ်နှစ်လုံး စလွယ်သိုင်းလွယ်ရင်း ခြေကုန်သုတ်လာသော ဆရာတပည့်တွေ ဘစ်နေရာအရောက်တွင် ခြေစုံရပ်လိုက်ကြ ၏။

“ကိုင်း. . ရွာသုသာန်တော့ ရောက်ပြီ၊ ခုချိန်က စပြီး ဘယ်သူမှ စည်းဖေါက်လို့ မရတော့ဘူး၊ စည်းဖေါက်တဲ့ကောင် အသေပဲမှတ်. . ”

“ဟုတ်ကဲ့ပါ ဆရာ”

ဆင်းတုတော်ကိုင်လာသော သာဂိမှာ သချိုင်းထဲအ ရောက် တစ်ကိုယ်လုံး တုန်ယင်နေလေ၏။

“ဘုန်း!. . ”



www.burmeseclassic.com

www.burmeseclassic.com



"အား. . သေပါပြီ"

ဆရာယက္ခက သာဂိအား နာရင်းအုပ်လိုက်ရင်း. .

"ဟော့ကောင်. . မင်းတုန်နေတာ ပြဿနာမရှိဘူး၊ ဆင်းတုတော်ပြုတ်ကျရင်. . ငါတို့အားလုံး မြွေကိုက်ကုန်လိမ့်မယ်"

သို့နှင့် သူတို့အုပ်စု သချိုင်းထဲ ဆက်ဝင်လာခဲ့ကြသည်။ ယက္ခက မြေပြင်ကို ဓာတ်မီးနှင့်ထိုးကာ တစုံတစ်ခုကို ရှာဖွေနေ၏။

"နေ့ခင်းက ဆိတ်သိုး မသာလိုက်ပို့တယ် မဟုတ်လား. . အဲ့မြေပုံဘယ်နားမှာလဲ ရှာစမ်း. ."

"ဟုတ်. . ဟုတ်ကဲ့ဆရာ . ."

ယက္ခလက်မှဓာတ်မီးကို လက်လွှဲရယူပြီး ဆိတ်သိုး ရှာဖွေရေးစသည်။ တောင်မြောက်ဝဲယာ ဝန်းကျင်အနှံ့ ဓာတ်မီးနှင့် ထိုးပြီးနောက်. . .

"အဲ. . မသာပို့တာ နေ့ခင်းကလေ၊ ညဘက်ဆိုတော့ မမှတ်မိတော့ဘူး ဆရာ"

"ဟာ. . သောက်သုံးမကျလိုက်တဲ့ကောင်ကွာ ငါ့နှယ်၊ ပေး. . ပေးစမ်း"

ယက္ခ ဒေါပွသွားပြီး ဓာတ်မီးကိုပြန်လုယူကာ သူ့ဘာသာ ရှာတော့၏။ ညဥ့်နက်သန်းခေါင် သချိုင်းထဲရောက်နေသည်မို့ တပည့်ကျော်သုံးယောက်လုံး အကြောက်လွန်ကာ သုံးပွင့်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖင်ချင်းပေါက်၍ ဂဏန်းသွား သွားနေကြသည့်အတွက် ခရီးမတွင် ဖြစ်နေ၏။ ကွမ်းတစ်ယာညက်ခန့်အကြာတွင် လတ်လတ်ဆတ်ဆတ် မြေပုံတစ်ခုကို တွေ့လိုက်ရသည်။ သေချာအောင်မှတ်တိုင်ကို ဓာတ်မီးထိုးကြည့်လိုက်၏။

**မြနှစ်...(၂၃)နှစ်...**

"ဟော့ကောင်တွေ တွေ့ပြီဟေ့. ."

ယက္ခ ဝမ်းသာအားရ အော်ပြောလိုက်သည်။ နောက်လှည့်ကြည့်တော့ တပည့်တွေ တစ်ယောက်မှမတွေ့တော့. . .

"ဟင်!. . ဟာ. . ဟေ့ကောင်တွေ. ."

ဓာတ်မီးနှင့် လှမ်းထိုးကာ ရှာကြည့်တော့မှ သုံးယောက်သား ဖင်ချင်းဆိုင်ကာ နောက်ကျောမလှုံသလို လျှောက်လာကြသည့် ဆိတ်သိုးတို့ကို တွေ့ရ၏။

"အင်း. . တော်တော်အားကိုးရတဲ့ကောင်တွေပဲ လာကြစမ်းပါကွာ မြန်မြန်လေး"

တပည့်ကျော်တွေ အနားရောက်လာသည်နှင့် အချိန်ဆွဲမနေတော့ဘဲ မီးတုတ်ထွန်းခြင်း၊ စည်းတားခြင်း၊ လိုအပ်သည့်အစီအရင်များ ပြုလုပ်ခြင်းတို့ကို တရစပ်လုပ်ခိုင်းတော့၏။ ပြင်ဆင်စရာ ရှိတာတွေပြင်ဆင်ပြီးသည်နှင့် မြနှစ်အလောင်းအားဖော်ခိုင်းတော့သည်။

"ဆ. . ဆရာရယ် တကယ်လုပ်ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်. . ကျုပ်တို့ကြောက်တယ်ဗျ"

သာဂိတို့ တစ်ယောက်တစ်ပေါက် ပြောလာကြသည်။

"ဘာကွ. . . ဒီ ဝိယသိဒ္ဓိအစီအရင် အောင်မြင်ရင် တစ်သက်စားမကုန်တဲ့ ပိုက်ဆံတွေ ရမယ်ဆိုတာ မသိဘူးလား. . အရူးတွေရဲ့"

"သိပါတယ် ဆရာ. ."

"သိရင်. . ဖော်ကွာ. ."

သာဂိနှင့် ခြောက်စောင်းတို့ တူရွင်းပေါက်တူးဆွဲ၍ မြနှစ် မြေပုံနား တိုးကပ်သွားကြသည်။ ဆိတ်သိုးကတော့ အတော်ပင် ဝမ်းသာအားရဖြစ်သွား၏။ တူးဆွစရာ ပစ္စည်းဆို၍ နှစ်မျိုးသာ ပါသဖြင့် သူမတူးရတော့မှန်း သိကာ ပျော်သွားခြင်းဖြစ်သည်။

ပြီးတော့. . သူက သရဲကြောက်တတ်သည်။ ယက္ခအား မလွန်ဆန်နိုင်၍သာ လိုက်လာရသော်လည်း အခင်းသွားချင်သလိုလို၊ အပေါ့စွန့်ချင်သလိုလို ဖြစ်နေပြီ။

အခုလည်း ဆီးသီးလုံးလောက် ပုတီးရှည်ကြီး လည်ပင်းစွပ်ရင်း သက်ဆိုင်ရာတို့ကို အာရုံပြုနေသော ဆရာ့နောက်မှာ ကိုယ်ကိုပု၍ ဝင်ပုန်းနေလေပြီ. .။

သရဲတကာ့ သရဲတွေထဲ မြနှစ် သရဲဖြစ်နေမှာကို အကြောက်ဆုံးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြနှစ် အသက်ရှင်စဉ်ကာလက အတင်းအဓမ္မလက်ဆွဲကာ ရည်းစားထားပြော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးသည့်တွက်ပင် ဖြစ်၏။

ထို့အတွက် မြနှစ်မြေပုံကို တူးဆွ၍ အခေါင်းအား ဖော်ကာ အလောင်းထုတ်မည်ဆိုတော့ မကြောက်ဘဲမနေနိုင်အောင် ဖြစ်နေရခြင်းဖြစ်သည်။

သာဂိနှင့် ခြောက်စောင်းတို့ တဂုတ်ဂုတ် တဂွပ်ဂွပ်နှင့် တူးဖော်နေတာ လှမ်းမကြည့်ရဲသည့်အပြင် အသံကြားရသည်ကိုပင် ဆိတ်သိုး အကြောက်ပိုကာ တဆတ်ဆတ် တုန်လျက်ရှိနေလေ၏။

ယက္ခကတော့ ဦးဆောင်သူပီပီ သတ္တိကောင်းကာ. . အလွန်အမင်း တည်ငြိမ်စွာဖြင့် အထက်အောက် အစီစီ ရှိရှိသမျှသော သက်ရှိသက်မဲ့နှင့် ပရလောကသားများပါမကျန် မေတ္တာပို့ကာ အမျှဝေလို့နေသည်။

"ဆရာ. . အခေါင်းပေါ်လာပြီ. ."

နှစ်ယောက်သား မျက်နှာကြီးတွေရှုံ့မဲ့ကာ တုန်တုန်ယင်ယင် အသံလေးဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

ယက္ခ မသိမသာ လှုပ်ရှားသွားသလို ဆိတ်သိုးလည်း နေစရာမရှိတော့ဘဲ မြေကြီးကို မျက်နှာအပ်ကာ ဖင်ဘူးတောင်းထောင်နေလေတော့၏။

"အေး. . အခေါင်းအဖုံး ဖွင့်လိုက်တော့. ."

ဆရာ့အမိန့်အတိုင်း သာဂိတို့ ခေါင်းတလား အဖုံးအား



www.burmeseclassic.com

www.burmeseclassic.com



တူရွင်းနှင့်ထိုးကော်ကာ ဖွင့်နေကြပြီ။

"ဒုတ်!. . ဂျွတ်!. . "

ယက္ခမှာ သိမ်ဝင်သပိတ်ကွဲအင်းနှင့် ဂါထာတစ်ထောင် စုတ်ထားသည့် ခြေမန်းကွင်းကို အသင့်ကိုင်ထားရင်း. . .

"ဟော့ကောင် ဆိတ်သိုး ပရိတ်ကြီးဘုတ်အုပ် ထုတ်လိုက် စမ်း. . "

ဆရာအမိန့်ပေးလိုက်သော်လည်း ဘာလှုပ်ရှားသံကိုမှ မကြားရ။ မသင်္ကာ၍ ယက္ခလှည့်ကြည့်လိုက်မှ ဖင်ဘူးတောင်း ထောင်နေသော တပည့်ကျော်အား တွေ့ရတော့၏။ ကျဉ်းထဲ ကြပ်ထဲ အချိန်ကိုက် နက္ခတ်ကိုက်လုပ်နေရသောယက္ခ လွန်စွာ ဒေါပွသွားသည်။ လက်နှစ်ဖက်ကလည်း မအားသည့်အတွက် ထိုင်ရာမှထကာ ဆိတ်သိုး၏ ထောင်နေသောဖင်အား ဖနောင့်နှင့် ပေါက်လိုက်ရင်း. . .

"ကဲကွာ. . ထောင်ချင်တဲ့ဖင်"

"ဘုန်း!. . "

"အောင်မလေးဗျ. . ကြောက်ပါပြီ မြနှစ်ရယ်၊ ငါ့ကို ခွင့် လွှတ်ပါ. . "

ဆိတ်သိုးက မြနှစ်ထပြီး သောင်းကျန်သည်အထင်နှင့် အကန်ခံရ၍ တုံးလုံးလဲနေသည့် အနေအထားမှာပင် မျက်စိ စုံမှိတ်ကာ တတွတ်တွတ် တောင်းပန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . ဒီအကောင် ငါလုပ်လိုက်ရ သေတော့မယ်. .၊ ဘယ်က မြနှစ်လဲ နင့်ပထွေး ယက္ခဟဲ့၊ ထစမ်း. . ဆိတ်မသား ဆိတ်သိုး ပရိတ်စာအုပ်ထုတ်. ."

"ခင်ဗျာ. . ဟင်. . ဆရာယက္ခလား တော်ပါသေးရဲ့၊ စာအုပ်လားဆရာ ဒီမှာပါ. ."

ဆိတ်သိုး လွယ်အိတ်ထဲမှ ပရိတ်ကြီးစာအုပ်ထုတ်၍ လှမ်းပေးခိုက်မှာပင် အခေါင်းအဖုံးအား တူရွင်းနှင့် ကလော်ဖွင့်နေကြသော သာဂိတို့ အောင်မြင်စွာ ဖွင့်နိုင်သွားကြသည်။

ဝုန်းခနဲ ဗြောင်းခနဲ အသံထွက်လာကာ အခေါင်းအဖုံး ဖွင့်သွား၏။ လုံးဝရှင်းသွားအောင် ခေါင်းတလား အဖုံးအား တူရွင်းနှင့်ကလော်ကာ ဖယ်ရှားလိုက်သည့် အခါမှာတော့. .

"ဟင်!. ."

"ဟာ!. . အောင်မလေးဗျ. . ."

သာဂိနှင့် ခြောက်စောင်းတို့ အလန့်တကြားအော်ဟစ်ရင်း ခုန်လွှားသူလွှား ဒိုင်ဗင်ပစ်သူပစ်နှင့် ယက္ခနား ပြိုင်တူရောက်သွားကြ၏။

"ဟဲ့ကောင်တွေ ဘာဖြစ်ကြပြန်တာလဲ. ."

"မြ. . မြစ်နှစ်. . မြနှစ်အလောင်းပေါ်မှာ မြွေတွေငါးရှဥ့်တွေ အများကြီးပဲ"

"ဩော်. . လာပြန်ပြီ၊ ငါးရှဥ့်တွေ့တာများ အရေးလုပ်



www.burmeseclassic.com

www.burmeseclassic.com



လို့ . ခြောက်လှန့်ပြီး မောင်းထုတ်လိုက်ပါလား ဘာမှကို အားမ
တိုးရဘူး. . "

တပည့်များအား ကြိမ်းမောင်းပြီးနောက် ပရိတ်ရွတ်ရန်
ဘုတ်အုပ်ကို ဆွဲယူကောက်လှန်လိုက်၏။ ချည်မန်းကွင်းကိုင်ထား
သည့်လက်နှင့်ပင် အာဋာနာဋိယသုတ်ကိုရှာသည်။

"ဟင်!. . ဗုဒ္ဓေါ. . "

ဖတ်နေကျစာလုံးများမှာ သချိုင်းရောက်မှ ဘာတွေဖြစ်
တုန်မှန်းမသိ။ ဖတ်ရှု၍မရလောက်အောင် မမြင်ဘူးမတွေ့ဘူး
သော စာလုံးမျိုးတွေဖြစ်နေ၏။

'ဘုရား. . ဘုရား. . ငါဘာများမှားလို့ပါလိမ့်' ဟုတွေး
နေစဉ်. . .

"ဆရာ. . ဆရာ"

"ဟေ. . ဘာတုန်း"

"ဆရာ. . ဘုတ်အုပ်ကို ဇောက်ထိုးကြီးကိုင်ထားတယ်"

"ဘာ!. . "

သေချာကြည့်တော့ ဆိတ်သိုးပြောတာ ဟုတ်နေ၏။

သို့သော် ဟန်ကိုယ့်ဖို့ဆိုသည့် စကားအတိုင်း မျက်နှာ
တြောတင်းတင်းနှင့်ပင်. . .

"ငါသိတယ်. . ငါ့ကို ဆရာမလုပ်နဲ့ ပြောင်းပြန်လဲ ဖတ်
တတ်တယ်ကွ. . "



www.burmeseclassic.com

www.burmeseclassic.com



ယက္ခ အရှက်ပြေ လျှောက်ပြောရင်း မကောင်းဆိုးဝါးနှင်သည့် သုတ်တော်အား ကတိုက်ကရိုက် ရွတ်ဖတ်လေသည်။

ရှေ့နှောက်တလွဲ . . ကပေါက်တိကပေါက်ချာတွေ ဖတ်နေလေရာ လေးတန်းအောင်သည့် သာဂိက . .

"ဆရာ့မှာ ကုသရအခက်ဆုံး ရောဂါဖြစ်နေပြီ"

"အရေးထဲ ငါက ဘာရောဂါဖြစ်နေလို့တုန်းဟ . ."

"ဟီး . . ဟီး . . ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ရောဂါ"

"ဟာ . . ဒီကောင် ဆောင့်ကန်လိုက်ရ . ."

"ဟုတ်တယ် ဆရာရွတ်တာတွေ လွဲနေပြီနော် . . ဘာတွေ ရွတ်နေမှန်းကို မသိဘူး . ."

"ဟင် . . ဟုတ်လား ငါမမြင်ရဘူးကွ . . ဟိုကောင် ဆိတ်သိုး ဖယောင်တိုင်မီးညှိစမ်း . ."

"ဟုတ် . . ဟုတ်ကဲ့ . . ဆရာ"

တပည့်တွေ အလုပ်ရှုပ်သွားကြပြန်သည်။ သာဂိ ချထားသော အိတ်ထဲနှိုက်ကာ လိုအပ်သည်များကို ရှာသည်။

ခြောက်စောင်းလက်ထဲ ဖယောင်းတိုင်နှင့် မီးခြစ်တော့ ရသွားပြီ။ ဖယောင်းတိုင်အား ပါးစပ်နှင့်ကိုက်ထားပြီး ယမ်းမီးခြစ်ခြစ်၍ မီးညှိဖို့ ကြိုးစားသည်။

ဥတုသုံးပါးခံသည့် နတ်သမီးတံဆိပ် ယမ်းမီးခြစ်လည်း လေတဟူးဟူး တိုက်နေသောနေရာမှာ အလုပ်မဖြစ် . .။



www.burmeseclassic.com

www.burmeseclassic.com



ယက္ခလည်း စိတ်မရှည်ဖြစ်ကာ. .

"ဟိုနှစ်ကောင် မီးခြစ်,ခြစ်လို့ရအောင် လေကိုကွယ်ထား လေကွာ"

ပြောမှလုပ်တတ်ကြသော တပည့်ကျော်များအကူအညီကြောင့် ဖယောင်းတိုင်အား မီးညှိလို့ရသွားသည်။

"မမြင်ရဘူးကွ. . ဖယောင်းတိုင်ကို စာအုပ်နား နဲနဲတိုး"

မီးမငြိမ်းအောင် ကာထားရင်း ပရိတ်စာအုပ်နား တိုးပေးသည်။

"ထပ်တိုးပါဟ. . မမြင်ရဘူး"

ခြောက်စောင်း ထပ်တိုးပေးလိုက်လေရာ. . . ရှည်နေသေးသော ဖယောင်းတိုင်မီးစာက ယက္ခလက်ထဲမှ ပရိတ်စာအုပ်ပေါ် ပြုတ်ကျသွားကာ မီးစွဲလောင်တော့သည်။

"အောင်မလေး. . လောင်ပီဟ"

ခြောက်စောင်းက ခြေသွက်လက်သွက်နှင့် မီးလောင်နေသော ပရိတ်စာအုပ်ကို ယူပြီးလွှင့်ပစ်လိုက်၏။ ယက္ခလည်း စိတ်ဓာတ်ကျသွားကာ. . .

"သင်္ချိုင်းမြေထဲ ရောက်နေကာမှ ပရိတ်စာအုပ် မီးလောင်ရတယ်လို့ကွာ. . အလွတ်မရဘူးကွ. ."

သို့နှင့် ပရိတ်ရွတ်ခြင်းကိစ္စ ရပ်တန့်သွားကာ ခေါင်းစမစာရွက်အား ထုတ်ယူပြာချလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေခွက်ထဲ ရေထည့်ခဲ့. ."

ဆိတ်သိုးက သာဂိ၏ ဣစ္ဆာသယ လွယ်အိတ်ထဲမှ ဘူးသီးခြောက်ရေဘူးနှင့် ဝါးဆစ်ပိတ်ခွက်ကို ထုတ်ယူသည်။ ယက္ခက ဝါးခွက်ထဲ အင်းပြားကိုထည့်၍ ရေနှင့်ဖျော်သည်။

ပြီးတော့ ဘယ်လက်ခလယ်နှင့် မွှေ၏။ အစီအရင်တွေ အလုံးစုံပြီးမြောက်သွားသော်. . .

"ခြောက်စောင်း အလောင်းကို ဆွဲထူလိုက် ထိုင်လျက်သားဖြစ်အောင်. ."

"အမငး. . မလုပ်ပါရစေနဲ့ ဆရာရယ်"

"ခွေးသား. . ခိုလုပ်ဆိုလုပ်"

ဆရာ့ကိုလဲ ကြောက်ရ. . မြနှစ်ကိုလဲ ကြောက်ရနှင့် ခြောက်စောင်း သေးထွက်ကျမတတ် ဖြစ်နေလေ၏။

လက်အုပ်ကလေးချီကာ မြနှစ်အခေါင်းဘေးနား ဖြည်းဖြည်းချင်း လျှောက်ရင်း. . .

"မြနှစ်ရယ်. . ငါ့ကို ခွင့်လွှတ်ပါနော်. .၊ ဘာမှမလုပ်ပါနဲ့နော်. . မြနှစ်"

ခြောက်စောင်း. . မြနှစ်အလောင်းကို ပုခုံးမှ ဆွဲထူကာ ထိုင်လျက်အနေအထား ပြင်ပေးလိုက်သည်။

"ကဲ. . ကဲ. . အင်းပြားချပြီး ရေကိုလောင်းထည့်မယ်. .၊ အလောင်းထလာပြီး ရန်ရှာရင် သူ့လက်ထဲကို ဒီဓားတုတော်



www.burmeseclassic.com

www.burmeseclassic.com



တင်ပေးဖို့ ခြောက်စောင်းက တာဝန်ယူ၊ ကြားလား . . မလွဲစေနဲ့နော်. . ပြီးမှ ခြေမန်းကွင်းစွပ်မှာ. . ”

“ဟုတ်. . ဟုတ်ကဲ့ ဆရာ”

အစိမ်းသေ မိန်းမပျိုအလောင်းအား နှိုးမည့်အစီအရင်စပြီ။ ခြောက်စောင်းနှင့် သာဂိက မြနှစ်ခန္ဓာကိုယ်ပေါ်မှ မြွေနှင့်ငါးရှဉ့်များကို တုတ်များဖြင့် ကလော်ထုတ်ကာ အဝေးသို လွှင့်ပစ်လိုက်ကြ၏။ ဆိတ်သိုးမှာ ယက္ခခါးကိုဖက်၍ နောက်မှအတင်းတိုးကပ် ရပ်နေလေရာ မနေတတ်မထိုင်တတ် ဖြစ်လာဟန်နှင့်ယက္ခက. . .

“ဟေ့ကောင်. . ဆိတ်သိုး၊ ဆရာကို ပြစ်မှားမယ်တော့ မကြံနဲ့နော်. . ငါ့မှာ လုပ်စရာတွေအများကြီး. . ခါးကိုလွှတ်ပြီး ဝေးဝေးဖယ်နေစမ်း. . ”

“ကြောက်. . ကြောက်လို့ပါ ဆရာရယ်. . ”

“ကြောက်ရင်လဲ မြနှစ်နဲ့အတူ သေလိုက်တော့. . ”

လောလောဆယ်မှာ ထမလာသေးသည့် သရဲထက်ယက္ခက ပိုကြောက်စရာကောင်းနေသည်မို့ ဆိတ်သိုး ခါးကိုဖက်ထားရာမှ လွှတ်ပေးလိုက်ရတော့သည်။

ကြောက်စိတ်အခံရှိထားသည်မို့ ဆိတ်သိုးမှာ ဝန်းကျင်ကို မဝံ့မရဲလှမ်းကြည့်ကာ ပေါ်လာသမျှ အားလုံးကို ကြောက်ဖို့အသင့်ပြင်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငါးရှဉ့်တွေ ဖယ်ရှားပြီးသကာလ ဆရာ့အမိန့်အတိုင်း အလောင်းပါးစပ်ကို ဖြဲဖို့ သာဂိကြိုးစားတော့သည်။ လူသေတို့ ဆိုသည် သေခါစ ကုတ်ကိုခထည့်ဖို့တောင် စေ့နေသည့်မေးကို အတင်းတပ်ပြီး ထည့်ကြရသည် မဟုတ်လား။ သာဂိက မြနှစ် မေးစိတို ဆွဲချပြီး နှာခေါင်းကိုဆွဲလှန်ကာ ပါးစပ်ကိုဟဖို့ ကြိုးစား နေ၏။

ဆေးစေ့ရုံမျှမက မေးပါခိုင်နေပြီဖြစ်သည့် မသာပါးစပ်က လွယ်လွယ်နှင့်ဟ၍မရ။ ဒီနေ့မှမြေမြှုပ်ခဲ့သော်လည်း အခေါင်း ထဲမှာ ငါးရက်ကြာခဲ့ပြီဖြစ်သည်မို့ အပုပ်နံ့က လှိုင်နေပြီဖြစ်သလို အသားအရေကလည်း ရှိရွဲစပြုနေပြီ။ ထို့အတွက် ပါးစပ်ဟဖို့ အတော်ခက်ခဲနေ၏။

"ဟော့ကောင်ဆိတ်သိုး ဝါးစူးတံနဲ့ သွားတွေကြားထဲ ထိုး ထည့်ကလန့်ပြီး ပါးစပ်ဟအောင် လုပ်စမ်းကွာ. ."

"ဗျာ. ."

"မဗျာနဲ့ . . ခိုင်းတာလုပ်"

"ဟာ. . ဆရာ မလုပ်ရဲဘူး ကြောက်တယ်. ."

"ဟာ. . ဒီကောင်နဲ့တော့ ခက်တော့တာပဲ အချိန်မရပါ ဘူးဆိုမှ၊ ဒါဆို ငါ့ကို ဝါးစူးတံပေး. ."

ယက္ခ နက္ခတ်ကောင်း မကြုံမှာစိုး၍ တပည့်များဝို အ ဖြစ်တင်မနေတော့ဘဲ ဝါးစူးတံကိုယူကာ မသာပါးစပ် ဟ,လာ



www.burmeseclassic.com

www.burmeseclassic.com



အောင် အားစိုက်ကြိုးပမ်းတော့သည်။ ဆရာကိုယ်တိုင် ဦးဆောင်တော့မှပဲ မြနှစ်ပါးစပ် ပွင့်လာလေ၏။

"ပေးစမ်း ဝါးဆစ်ပိတ်ခွက်. ."

ဟစေ့စေ့ဖြစ်နေသည့် မြနှစ်ပါးစပ်ထဲ အင်းပြာချရေကို လောင်းထည့်ပြီးနောက် အခြေအနေကို ခဏစောင့်ကြည့်နေလိုက်သည်။

ဆိတ်သိုး၊ ခြောက်စောင်းနှင့် သာဂိတို့ အလန့်တကြားနှင့် ကြောက်အားပိုကာ မြနှစ်ကို မကြည့်ဘဲ မျက်နှာလွှဲထားကြသည်။ ခဏအကြာတွင် မြနှစ် မျက်လုံးပွင့်လာလေသည်။ ရှူးရှူးပေါ်ပေါ် တပည့်တွေမပြောနှင့် ယက္ခကိုယ်တိုင် အထိတ်တလန့်ဖြစ်သွားသည်။

"ဟော့ကောင်တွေ ဆင်းတုတော်အသင့်ပြင်ထား. ."

"ဟုတ်. . ဟုတ်"

ယက္ခ၏ အရေးတကြီးလေသံကြောင့် တစ်ခုခုထူးခြားတော့မည်ဆိုတာ ရိပ်မိကြသော တပည့်များ ကြောက်ကြောက်နှင့် ကြည့်နေကြသည်။

"အူး!. . ဝူး!. . အူး!. . ."

ထိုစဉ်မှာပင် သုဿန်ဝင်းအတွင်း တစ်နေရာမှ မသက်စရာ ဆွဲဆွဲငင်ငင် ခွေးအူသံကြီးတွေကြောင့် သာဂိတို့ ဆတ်ဆတ်တုန်အောင် ကြောက်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းဆိုသလိုပင် မလှမ်းမကမ်းရှိ ညောင်ကြပ်ပင်ကြီးထက်တွင် အိပ်တန်းတက်နေကြသော ငှက်အပေါင်းတို့ဆူညံစွာ အော်ဟစ်မြည်တမ်းရင်း ဝုန်းခနဲ ထပျံပြေးကြတော့သည်။

ဤသို့ ထူးခြားတာတွေ ဆက်တိုက်ဖြစ်လာသည့်အခိုက်မှာပင် အခေါင်းထဲက မြနှစ် ထရပ်လာ၏။ ယက္ခတို့အားလုံးကြောက်လန့်တုန်လှုပ်သွားကြသည်။

လျှပ်တပြက်ဆိုသလို ယက္ခဘေးသို့ မြနှစ် လေအဟုန်နှင့်ရောက်ချလာလေပြီ။

"ဝှီးး!. . ."

"အောင်မလေးဗျ. . သရဲ. . သရဲ"

ယက္ခ အချိန်မမှီတော့. . ။ သူ့လည်ပင်းမှာ တင်းကျပ်သွား၏။

"အ. . အ. . "

မြနှစ်လက်နှစ်ဖက်က ပြန်လွတ်မည့်ပုံမပေါ်. .

ထိုစဉ် သာဂိမှာ ကြောက်စိတ်ကိုမြိုသိပ်ရင်း မြနှစ်လက်ပေါ် ဆင်းတုတော် တင်ပေးလိုက်၏။

ဒီတော့မှ ယက္ခလည်း မြနှစ်လက်မှ လွတ်သွားတော့သည်။ မြနှစ်လည်း တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာခဲ့သည်။ အခွင့်အရေးကို လက်လွတ်မခံဘဲ ယက္ခက မြေမှုန်းကွင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မြနှစ်ခေါင်းကို စွပ်ချလိုက်တော့သည်။

"အားးး!. . ."

မြနှစ်မှာ အသံနက်ကြီးဖြင့် အော်ဟစ်ကာ တစ်ကိုယ်လုံး အငွေ့တထောင်းထောင်း ထလာသည်။ ထူးဆန်းလှသည့် ထို အဖြစ်ကို ဆရာတပည့်တွေ မင်သက်စွာဖြင့် ကြည့်နေကြ၏။

မြနှစ်မှာ မြေမြှုပ်သင်္ဂြိုလ်ပြီးကာမှ ထပ်ပြီး သင်္ဂြိုလ်ခံရ သလို လောင်မြိုက်နေသည်။ ခဏအကြာတွင် မြနှစ်မရှိတော့ဘဲ တစ်ကိုယ်လုံး အငွေ့ပျံကာ ထူးဆန်းစွာ ပျောက်ဆုံးသွားလေ တော့၏။

"ဟင်. . ဆရာ. . ဆရာယက္ခ၊ မြ. . မြနှစ် ဘယ်ရောက် သွားတာလဲ. ."

"ငါလည်း မသိဘူးလေကွာ. ."

မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာ၍ ယက္ခပါ အ ထိတ်တလန့် ဖြစ်သွားလေသည်။ သာဂိတို့ အုပ်စုလည်း သချိုင်း တွင်း အရပ်လေးမျက်နှာသို့ ကျိုးကြည့်ကြောင်ကြည့် ကြည့်ရင်း ထူးခြားဖြစ်စဉ်အသစ်ကို ငံ့လင့်လျက်ရှိနေသည်။

မလင်းမချင်း အလင်းရောင်အောက်မှ မြင်ကွင်းမှာ ထူးခြားတာတွေ ဖြစ်ပေါ်လို့လာနေသည်။ သချိုင်းအတွင်း မြှုပ်နှံ ထားသော မြေပုံဟောင်းများ၏ မြေကြီးများ ပွထလာကာ ဖြိုးဖြိုး ဖျစ်ဖျစ် အသံတွေ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးယောက် အသံကြားရာ လိုက်ကြည့်ကြ၏။

ပွထလာသော မြေစိုင်ခဲများကြားမှ အရိုးပြိုင်းပြိုင်း လက်တွေ၊ ရှိန့်ရှဲနေသည့် လက်တွေ ဖေါက်ထွက်လာတာ မြင်တွေ့နေရသည်။ အားလုံး အံ့ဩလွန်း၍ မျက်လုံးကြီးတွေ ပြူးထွက်ကာ ပါးစပ်အဟောင်းသား ပွင့်ကုန်ကြတော့သည်။

သင်္ချိုင်းထဲ ရှိရှိသမျှ မြေပုံတွေထဲမှ အလောင်းကောင်တွေ ရှစ်တက်အောင် တိုးထွက်လာနေကြသည်။ တချို့လည်း တန်းလန်း၊ တချို့လည်း မြေကျင်းထဲမှထွက်ပြီး မြေကြီးပေါ်မှာ တုန်းကုန်းကွကွ ဖြစ်နေကြပြီ. . ။

"ဒုက္ခပဲ ပရိတ်ကလဲ အလွတ်မရ စာအုပ်ကလဲ မီးလောင်ဆိုတော့ သေပါပီကွာ"

ယက္ခ ခေါင်းစားနေခိုက်. .

"ဆရာ. . မြ. . မြန္နစ်ပျောက်ပြီး သင်္ချိုင်းထဲက သရဲတွေ အကုန်ထလာပြီ ဘယ်လိုလုပ်ကြမလဲ. ."

"ငါလည်း ဘယ်လိုမှ မလုပ်တတ်တော့ဘူး၊ ပြေး. . ပြေးကြတော့ဟေ့"

အစိမ်းသေ မိန်းမပျိုအလောင်းဖေါ်ကာ ပီယသဒ္ဒ ခီရင်ကြမည့် ဆရာတပည့်တွေ သင်္ချိုင်းထဲမှ ခွေးပြေးဝက်ပြေး ပြေးကြရပြီ။ နောက်ကျကျန်ခဲ့သည့် ခြေထောက်အား သစ္စာဖေါက်ဟု သတ်မှတ်၍ အသည်းအသန် ထွက်ပြေးနေကြ၏။ နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်တော့လည်း ဂျိုကျိုးနားရွက်ပဲ့ သရဲအုပ်ကြီးမှာ ဒုက္ခိတပျားတုပ်သည့် စတိုင်နှင့် တစ်လှမ်းချင်းလှမ်းကာ လိုက်လာနေချေပြီ။

ထိုသို့ အသက်လုပြေးနေရသော အချိန်တွင်မှ ယက္ခပေါင်ကြားမှ ရွစိရွစိ ဖြစ်လာသည်။ လှမ်းကိုင်ကြည့်တော့ ပျော့စိစိ ရှည်မျောမျောကြီး စမ်းမိသွားလေရာ. . .

"အောင်မလေး. . လုပ်ကြပါဦး ဘာကြီးလည်း မသိဘူး၊ ပျော့ကောင်တွေ လုပ်ကြပါဦး. . "

ယက္ခ အတင်းအော်ဟစ်နေသဖြင့် တပည့်တွေ ဝိုင်းလာကြသည်။ ဆရာ့ရှမ်းဘောင်းဘီရှည်ထဲ အကောင်ပလောင်တွေ ဝင်နေမှန်း သိ၍ ခြောက်စောင်း ငုပ်တုပ်ထိုင်ကာ ဘောင်းဘီခြေထောက် အောက်ခြေမှ လက်ဖြင့် နှိုက်စမ်းပြီး မိသည့်အကောင်ကို ဆွဲထုတ်လိုက်လေရာ. . .

"ဟာ. . ဆရာ. . ငါး. . ရှဉ့်ဗျ. . ငါးရှဉ့်. . "

"ဟုတ်လား. . တော်ပါသေးရဲ့ မြွေမဟုတ်လို့၊ ကျန်သေးတယ်ကွ ရွစိရွစိနဲ့"

"ဟုတ်ကဲ့. . ဟုတ်ကဲ့. . "

တခြားသူတွေ့လျှင် အမြင်မှား အထင်မှားလောက်ချေ လုပ်ရပ်တွေလုပ်နေသည့် ခြောက်စောင်း၊ ငါးရှဉ့်နှင့် သူ့ဆရာကြနတ်တစ်ကောင်အား ဆွဲကိုင်ထုတ်ယူလိုက်ရာ ယက္ခ အဘားဘား



www.burmeseclassic.com

www.burmeseclassic.com



အောက်မှ မှားပြီးဆွဲမိပြီဖြစ်ကြောင်း သဘောပေါက်သွားသည်။

"ကန်တော့ဆရာ. . ကန်တော့၊ ပုံစံက တူနေလို့ အဟီး"

"လုပ်လိုက်ရင် သောက်ရမ်းချည်းပဲ. . သောက်တလွဲ မင်းအဖေတာ ပေါင်လယ်မှာကွ. ."

"ဟုတ်ကဲ့ဆရာ. . ဘောင်းဘီထဲ ဝင်နေတဲ့ အကောင်တွေက များနေလို့ပါ"

နေရာအတိအကျပြောပြမှ နောက်ထပ်အကောင်ရှည်တစ်ကောင်ကို မိပြီးဆွဲထုတ်ယူလိုက်နိုင်သည်။ ခြောက်စောင်းက အကောင်ရှည်ကို လွှင့်မပစ်သေးဘဲ ချက်စားဖို့အကြံနှင့် ကိုင်မြှောက်ကြည့်လိုက်၏။

"ဟာ. . ဟော့ကောင် မင်းကိုင်ထားတာ ငါးရှဉ့်မဟုတ်ဘူးဟ မဟောက်ကြီး" (မြွေဟောက်အား ဒေသအခေါ်)

ထိုအခါမှ ခြောက်စောင်းလည်း မြွေမှန်းသိပြီး အလန့်တကြား လွှင့်ပစ်လိုက်တော့၏။

"ဟာ. . ဟုတ်တယ်ဟ. . အမလေး"

ခြောက်စောင်း မြွေကိုပစ်လိုက်ပြီး မရှေးမနှောင်းမှာပင် နာနာကျင်ကျင် အောင်ဟစ်သံကြီးကြားလိုက်ရသည်။

"အား!. ."

"ဘာ. . ဘာဖြစ်တာလဲဟ. ."

"ကျုပ်. . ကျုပ်ပိုးထိသွားပြီ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



သာဂိ၏ အလန့်တကြား ဖြေသံကြားမှ ခြောက်စောင်းလွှင့်ပစ်သည့်မြွေက သာဂိကိုပေါက်လိုက်ပြီဖြစ်ကြောင်း ရိပ်မိသွားကြ၏။ ယက္ခ အနားပြေးသွားကာ. .

"မပေါက်ဆို အချိန်မီမှာ မဟုတ်ဘူး၊ ဘယ်နေရာကိုပေါက်သွားတာလဲ ခြေထောက်လား. ."

"မဟုတ်ဘူး ဆရာကြီး၊ တင်. . တင်ပါးမှာ အခုတောင်မျက်စိတွေ ပြာလာပြီ"

"ဟေ. . ကဲ. . ကုန်း. . ကုန်းစမ်း"

သာဂိ လေးဖက်ထောက်၍ ဖင်ကုန်းလိုက်သည်။ ပုဆိုးအား ဖြေလျှော့စေပြီး ဖင်ကို ဓာတ်မီးနှင့်ထိုးကြည့်လိုက်၏။ ညာတင်ပါးတွင် အစွယ်ရာနှစ်ခု တွေ့ရသည်။ ယက္ခက အိတ်ဆောင်ဓားမြှောင်ကိုထုတ်၍ အစွယ်ရာအား ကြက်ခြေခတ် ခွဲချလိုက်လေရာ. .

"အား. . သေပါပြီ ဆရာရယ်"

မြွေဆိပ်က မိနစ်ပိုင်းအတွင်း ပြန့်တတ်သည်မို့ ယက္ခရှည်ရှည်ဝေးဝေး တွေးမနေတော့ဘဲ တင်ပါးကို ပါးစပ်ဖြင့် ငုံ၍ ခဲတာ အဆိပ်တွေ စုပ်ထုတ်ပစ်ရသည်။ သုံးလေးကြိမ်လောက်စုပ်ထုတ်အပြီး. . သာဂိ တုန်ရင်နေသော လေသံဖြင့်. .

"ဆရာ. . ဆရာ မပြီးသေးဘူးလား၊ ဟိုမှာ သရဲတွေနီးလာနေပြီ. ."

www.burmeseclassic.com

www.burmeseclassic.com



"မင်းအသက် ကယ်ပေးနေတာ အဘေးရဲ့ . . အား အိုး ဖွိ ဖွမ် . ."

ယက္ခအဆိပ်တွေ စုပ်ထုတ်ပစ်ပြီးနောက် သာဂီအား တွဲထူတာ . .

"ဟော့ကောင်တွေ သာဂိကိုတွဲခေါ်သွားကြ"

"ဟုတ် . . ဟုတ်ကဲ့ . ."

သာဂီအားတွဲပြီး ဆက်ပြေးရန် ပြင်လိုက်ချိန်မှာ သရဲအုပ်တာ အနားရောက်လာကာ လှမ်းဆွဲနေကြလေပြီ . . ။

"အား . . အောင်မလေး ဆရာရေ လုပ်ပါဦး . ."

"ငါလည်း ဆွဲနေပြီဟ . ."

သရဲများအလယ်တွင် ပယောဂဆရာအုပ်စု အကြီးအကျယ် ဒုက္ခရောက်နေကြပြီဖြစ်၏။ သရဲကို ခိုင်းဖို့လာခဲ့ကြတာ သရဲက ပညာပြန်ပေးနေလေပြီ။ သာဂိတို့လည်း ရတတ်သရွေ့ ဘုရားစာတွေ ရွတ်ဆိုရင်း နောက်ဆုံးအဆင့်အနေနှင့် ဘုရားကုတ်နေကြ၏။ အကြောက်လွန်နေကြပြီမို့ 'နမောတဿ'က ရှေ့မဆက်နိုင် ဖြစ်နေကြစဉ် ပီသကြည်လင်သောအသံနှင့် ပရိတ်ရွတ်သံကို ကြားလိုက်ကြရသည်။

ထိုပရိတ်တရားတော်၏ အစွမ်းကိုတော့ နာနာဘာဝ၊ ဝိနာဘာဝတွေ မခံစားနိုင်ကြ။ ဖရိုဖရဲနှင့် သင်းကွဲကာ ထွက်ပြေးကြပြီး ကိုယ့်မြေပုံကိုယ့်ကျင်းထဲ ပြန်ဝင်သွားကြ၏။ ခုနပ် သရဲ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းမည့်သူတွေ အသက်ဝဝ ရှူခွင့်ရတော့သည်။

"ဟဲ့. . ယက္ခ. . နင်တို့ မိုက်လှချီလား၊ အချိန်မတော် သုသာန်ထဲလာပြီး မဟုတ်တရုတ်တွေ လုပ်နေကြတယ်ပေါ့. . "

ရင်းရင်းနှီးနှီး အပြောအဆိုနှင့် ဆူပူကြိမ်းမောင်းသံ ကြားရတော့မှ သုသာန်ကျောင်းဆရာတော် 'ဦးပရမ'မှန်းသိလိုက်ကြရသည်။ အားလုံး ဒူးထောက် လက်အုပ်ချီလိုက်ကြ၏။

"မှန်ပါ. . ဆေး. . ဆေးဖော်ဖို့အတွက် လာကြခြင်းပါဘုရား"

"တော်စမ်း မသိတာမှတ်လို့ မတောက်တခေါက် ပညာလေးနဲ့ ပရလောကကို အကဲစမ်းချင်ကြတာကိုး၊ ငါ ကျောင်းထဲက အသံတွေ ကြားရလို့သာပေါ့၊ နို့မို့ဆို နင်တို့ အသက်ပျောက်ပြီး လောဘကြီးလွန်းရင် ပိုပြီးဆင်းရဲတတ်တယ်၊ ဒေါသကြီးလွန်းရင် အမြဲပူလောင်တတ်တယ်၊ အနိုင်လိုချင်စိတ် များနေရင် အမြဲရှုံးနိမ့်တတ်တယ် ယက္ခ"

"မှန်ပါ. . တပည့်တော်တို့ မှားပါတယ်ဘုရား. . "

ဆရာတော် ဦးပရမက လက်ကတုံးတောင်ဝှေး ကပ်ပွယလေး မင်းခေါင်ကို အားပြုရင်း ယက္ခတို့အား ဆိုဆုံးမနေသည်၊ မင်းခေါင်က ယက္ခတို့အဖြစ်အား ကြည့်ရင်း သဘောကျစွာ ဘာခစ်ခစ် ကျိတ်ရယ်နေလေ၏။ ထုံးစံအတိုင်း မင်းခေါင်၏ သက်တော်စောင့်ခွေးလေး ရန်လုံကြ သူ့အနားမှာ ရစ်သီရစ်သီ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသည်။

"သွားကြတော့၊ နောက်တစ်ခါဆိုရင် ငါလည်း ကယ်နိုင်မှာ မဟုတ်ဘူးနော်. . "

"တင်ပ့ါဘုရား ကျေးဇူးကြီးလှပါတယ်ဘုရား၊ ခွင့်ပြုတော်မူပါဦးဘုရား. . "

ယက္ခတို့အဖွဲ့ ပိုးထိထားသူ သာဂိအားတွဲကာ သချိုင်းထဲမှ အောင်မြင်စွာ ဆုတ်ခွာသွားကြလေတော့၏။ ထို့နောက်မှာတော့ အရုဏ်တက်ဘက်သို့ ကူးလုလုဖြစ်နေသည့် ညကအရင်အတိုင်း ပြန်လည်တိတ်ဆိတ် ငြိမ်သက်သွားတော့သည်။ ထို့အတူ ဝိညာဉ်တို့ နားခိုရာဖြစ်သော သုသာန်သည်လည်း ပြန်လည်ငြိမ်ချမ်း တိတ်ဆိတ်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

ဘွေးကုန်း(ရှေးအခေါ်)သည် ပဲခူးတိုင်းအတွင်း ရှိပြီး စီးပွားရေးအရ အချက်အချာကျသော ရွာကြီးတစ်ရွာဖြစ်သည်။ ချောင်းမြောင်းတို့ ဝန်းရံနေပြီး ဆန်စက်များ၊ ပွဲရုံများနှင့် နွားပွဲလည်း အမြဲလိုရှိတတ်သဖြင့် အထူးစည်ကားသော ရွာကြီး လည်းဖြစ်သည်။

အခုလို စပါးပေါ်ချိန်၊ ငွေပေါ်ချိန်မှာ ကုန်သည်ပွဲစားတွေ



www.burmeseclassic.com

www.burmeseclassic.com



ခြေချင်းလိမ်နေတတ်သလို၊ အနယ်နယ်မှ လောင်းကစားဒိုင်များလည်း လယ်သမားတွေကို အရေခွံခွာဖို့ အုပ်စုဖွဲ့ ရောက်လာတတ်ကြ၏။ ဒီလိုအချိန်ဆိုလျှင် ရွာက ဘုံဆိုင်ပိုင်ရှင်တွေ လက်ခမောင်းခတ်နိုင်ကြသလို အပေါင်ဆိုင်ပိုင်ရှင် တိန့်ရင်ချောင်းလည်း ရွှေသွားပေါ်အောင် ပြုံးနိုင်သည့် အခါသမယလည်း ဖြစ်သည်။ ရောင်းပန်းဝယ်ပန်း ပွင့်လန်းသဖြင့် ရွာသူရွာသားများလည်း အထူးပင် ဝမ်းသာပျော်ရွှင်နေကြသည်။

အချိန်ကား နံနက်ကိုးနာရီကျော်ကျော်ဖြစ်၏။ သုဿန်တောင်းဆရာတော်နှင့် နောက်ပါ ရဟန်းသံဃာများ၊ ကျောင်းသားလေးများ ရွာလယ်လမ်းအတိုင်း ဆွမ်းခံကြွလာကြသည်။

မင်းခေါင်နှင့် ရန်လုံက ရှေ့ဆုံးမှဖြစ်၏။ ကြေးစည်ကို တနောင်နောင်တီးခတ်ရင်း ဆရာတော် ဆွမ်းခံကြွလာပြီဖြစ်ကြောင်း မင်းခေါင်က နှိုးဆော်သလို ရန်လုံကလည်း တဝုတ်ဝုတ်နှင့် အသံပေးကူညီနေရှာသည်။

"ဆွမ်းတော်ဖို့. . ."

"ဝုတ်. . ဝုတ်. . ဝုတ်. ."

အိမ်ပေါက်စေ့ ဆွမ်းခံရပ်သလို ရွာသားတွေလည်း တကူးတကစောင့်ကာ ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့အား စီမံချက်ပြုတ် လောင်းလှူကြသည်။ ရွာလယ်တန်းနှစ်ဆောင်မြို့င်အိမ်ကြီးရှေ့ ခရေပင်ရိပ်တွင် ရှင်နှောင်းတို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းလောင်းဖို့ စောင့်နေကြ၏။ ဒါကိုလှမ်းမြင်ပြီး မင်းခေါင် အားတက်ပျော်ရွှင်သွားသည်။

သူနှင့် ရှင်နှော်းက မျက်လုံးချင်း စကားပြောနေကြတာ ကြာပြီဖြစ်သည်။ မင်းခေါင်၏ အားတက်သရော ခြေလှမ်းများကြောင့် ဆွမ်းခံကိုယ်တော်တွေ နောက်မှာပြတ်ကျန်ခဲ့၏။

"ကိုမင်းခေါင်တို့ ဒီနေ့နည်းနည်း နောက်ကျတယ်နော်"

"တစ်ရွာလုံး ငွေရှင်နေကြတာလေ. .၊ အိမ်ပေါက်စေ့ ချက်ပြုတ်ပြီး လောင်းလှူနေကြတော့ ကြာတာပေ့ါ ရှင်နှော်းရဲ့၊ ရှင်နှော်းတို့ရော ဘာဟင်းတွေ ချက်ထားလဲ. ."

"ဝက်သားနီချက်၊ ဒန့်ဒလွန်သီးချဉ်ရည်နဲ့ ငံပြာရည်ကြော် လေ. ."

"ဟာ. . ဆရာတော် ဘုန်းပေးပြီးရင် ရှင်နှော်းတို့ဟင်းနဲ့ ဝဲ လွေးတော့မယ်ဗျာ. ."

"မင်းခေါင်ရယ်. . ရှင်နှော်းဟာပဲလား ကျုပ်ဟာရော မြည်းမကြည့်တော့ဘူးလား. ."

ရှင်နှော်း၏ အစ်မဝမ်းကွဲ ကာလသမီးခေါင်း ညိုမြ အပြောကြောင့် အပျိုတွေ ပွဲကျသွားသလို မင်းခေါင်းလည်း မျက်နှာကြီး နီသွားတော့၏။

"ရှက်မနေပါနဲ့ မင်းခေါင်းရယ် ကျုပ်လက်ရာ ဘူးသီးဟင်းခါးနဲ့ ငပိသုပ်စပ်စပ်လေးကို ပြောတာပါတော့. ."



www.burmeseclassic.com

www.burmeseclassic.com



"အဟီး. . ဟုတ်ကဲ့ အဲဒါဆို မြည်းကြည့်လိုက်ပါမယ်"

ရှက်စိတ်မွှန်ပြီး ပြန်ပြောသည့် မင်းခေါင်၏ စကားကြောင့် အပျိုမတွေ ရယ်ပွဲဖွဲ့ကြပြန်သည်။ ဆရာတော် အနားရောက်လာမှ အားလုံး မျက်နှာပိုးသတ်၍ ဆွမ်းလောင်းကြ၏။ ကျောင်းသားလေးတွေချိုင့်ထဲ ဆွမ်းကွမ်း လောင်းလှူပြီးသည့်တိုင်အောင် မင်းခေါင်းမှာ ရှင်နှောင်းအား ငေးမောလို့ကောင်းနေဆဲသာဖြစ်သည်။ သံယောဇဉ်ဆိုတာ အရောဝင်လို့မကောင်းတဲ့ ခွေးကလေးတစ်ကောင်လို ဖြစ်နေပြီ။

"ဝုတ်. . ဝုတ်. . ဝုတ်. . "

အလိုက်ကမ်းဆိုး မသိသည့် ရန်လုံက တဝုတ်ဝုတ်ဟောင်ရင်း မင်းခေါင်း၏ ရှမ်းဘောင်းဘီ အနားစကို ကိုက်ဆွဲကာ ခေါ်နေသေး၏။

"ကိုရင်မင်းခေါင် ဒီမှာဝါဆိုနေရင် ဆရာတော် ခေါ်ပလော်တီးလိမ့်မယ်နော်"

ညိုမြ သတိပေးစကားနှင့်အတူ အပျိုမတို့ ရယ်သံက မင်းခေါင်အား တောထုတ်လိုက်သလိုဖြစ်ကာ လစ်ပြေးရလေတော့သည်။ ဆရာတော်နောက် အပြေးလိုက်ပြီး ရှေ့ဆုံးထိကျော်တက်ကာ ကြေးစည်းတီးရင်း 'ဗျိုး'ဟစ်ရပြန်သည်။

ရွာတန်းအဆုံး. . ချောင်းကူးတံတားနှင့် သင်္ချိုင်းဆိပ်အနီးမှာလည်း ပွဲရုံတန်းတွေ ဈေးဆိုင်တွေနှင့် စည်ကားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခါတော်မီ ဘုံဆိုင်တွေလည်း လာဖွင့်ထားကြသည့်အတွက် လူ ရမ်းကားတို့အတွက် အခါကောင်းဖြစ်နေပြန်သည်။ မင်းခေါင်တို့ တံတားမရောက်ခင်မှာပင် လူတစ်စု ဘုံဆိုင်ထဲမှ ယိုင်တိုင်တိုင်နှင့် ထွက်လာကာ တံတားပေါ် တက်သွားကြသည်။

ကံကောင်းတာလား ဆိုးတာလားတော့ မပြောတတ် တံတားပေါ်မှာ ငမူးတသိုက်နှင့် မိန်းမပျိုလေးဗွေးတုတ်တို့ ပက် ပင်းတိုးသည်။ ငမူးတွေက သူကြီးသား အောင်ဗလ၏ တပည့် များဖြစ်ကြသော တုတ်ကြီး၊ ကွက်နီနှင့် ဘပွားတို့ဖြစ်ကြသည်။

သူကြီးသားအရှိန်နှင့် မိုက်ကြေးခွဲနေသော လူ့ဗလာ အုပ်စုဖြစ်၏။ လူ့ဗလာတွေ မူးနေပြီမို့ ပြောဖွယ်ရာမရှိတော့။ တုတ်ကြီးက လက်ရဲဇက်ရဲနှင့် ဗွေးတုတ်အား ဆွဲတော့၏။

"ဟဲ့ အသေကောင် ဘာလုပ်တာလဲ လွှတ်. . လွှတ်စမ်း"

"ချစ်လို့ပါ. . ဗွေးတုတ်ရယ်၊ နှစ်လ သုံးလလောက် အ တည်ပေါင်းမှာပါ. . ဟဲဟဲ. . "

"ဟင်. . မိုက်ရိုင်းလှချီလား၊ အဲဒီစကား နင့်နှမသွား ပြော. . "

အခြေအနေက မြင်မကောင်း၊ သူကြီးသား၏ အဖွဲ့မှန်း သိနေ၍လည်း လက်ရှောင်နေကြသဖြင့် ဗွေးတုတ်မှာ ကူမည့်သူ ဆေးနေသည်။ ဒါကို ဆရာတော်နှင့် မင်းခေါင်ပါ မြင်ကြ၏။ မင်း ခေါင်က ဆရာတော့်အား ခွင့်တောင်းသလို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ချင်းဆုံသော်လည်း ဆရာတော်က ဘာမှမပြော၊ ဝိနည်းလွတ် မျက်လွှာချကာ ရှောင်တိမ်းပြီး တံတားဘေးမှကပ်၍ ကြွသွား၏။ ဒါ ဆုံးမလိုက်ဖို့ အသံတိတ်ခွင့်ပြုလိုက်တာဖြစ်ကြောင်း မင်းခေါင် ကောင်းကောင်းသိသဖြင့် ကြေးစည်နှင့် လက်ရိုက်ကို လွယ်အိတ်ထဲထည့်ကာ. . ငမူးတွေဆီ ဦးတည်လာခဲ့သည်။

ဖွေးတုတ်မှာ တုတ်ကြီးလက်မှလွတ်အောင် ရုန်းကန်နေသော်လည်း ရာဂအားကောင်းနေသည့် လူ့ဗလာလက်မှ မလွတ်မြောက်နိုင်အောင် ဖြစ်နေ၏။

“ဟေ့ကောင် တုတ်ကြီး၊ ဖွေးတုတ်ကို လွှတ်လိုက်စမ်း”

“ဘာ. . ”

သူကြီးသားတပည့်၏အောက်ဆွဲ တုတ်ကြီးက ဖွေးတုတ်ကို လွှတ်လိုက်ရင်း အမိန့်ပေးရဲသူအား လှည့်ကြည့်သည်။

“ဩော်. . ဘယ်သူများလဲလို့ ဘုန်းကြီးကျောင်းသားပါလား. . ”

“အေး. . ဟုတ်တယ်၊ အရှုံးပေးရင် နှလုံးအေးတယ်ဆိုတဲ့စိတ်နဲ့ ခေါင်းငုံ့နေမိရင်တော့ တက်နင်းသွားမယ့် လူတွေချည်းပဲ ပေါ့ကွာ”

“ဟာ. . ဒီကောင် စကားပြောတာ ကြီးကျယ်နေပါလား။ ဆွမ်းကျန်ကွမ်းကျန်ဝါးဖို့ သွားတွေ မကျန်ချင်ဘူးနဲ့တူတယ်. . ”

မင်းခေါင် မဲ့ပြုံးတစ်ချက်ပြုံးရင်း. .

www.burmeseclassic.com

www.burmeseclassic.com



"အေး. . ငါကလဲ ဟောင်တဲ့ခွေးတိုင်းကို ဂရုမစိုက်တတ်ပေမယ့် နားငြီးလို့ အိပ်မရရင်တော့ ထရိုက်ပစ်ချင်တာ. ."

"ကြာတယ်ကွာ. . ဟော့ကောင်တွေ ဒီဘုန်းကြီးကျောင်းသားကို ဆွမ်းကြီးဝိုင်းလောင်းလိုက်ကြစမ်း. . ."

သေရည်အရှိန်နှင့် သတ္တိတွေ ရှိနေကြသည့် ကွက်နီ၊ ဘပွားနှင့် တုတ်ကြီးတို့ မင်းခေါင်းအား ဝိုင်းဖြဲကြတော့သည်။ သို့သော် ရိုးရာသိုင်းပြောင်းပြန်ကို တတ်ကျွမ်းထားသော မင်းခေါင်ကို မယှဉ်နိုင်သည့်အပြင် ရန်လုံ၏ ကူညီကိုက်ခဲ တိုက်ခိုက်မှုကြောင့် တံတားပေါ်မှ ငမူးအုပ်စု ခွေးပြေးဝက်ပြေး ဆင်းပြေးရတော့သည်။

"ကျေးဇူးတင်ပါတယ် ကိုမင်းခေါင်ရယ် ရှင်သာ ရောက်မလာရင် မတွေးရဲဘူး"

"ရပါတယ်ဗျာ တစ်ရွာထဲသားတွေပဲဟာ၊ ဒီကောင်တွေ ခြသေ့ဖြစ်ချင်တယ်ပြောပြီး ကွက်လိုက်ခုတ်နေလို့ ဘယ်ဖြစ်မလဲ ဗွေးတုတ်ရယ်၊ ခြသေ့ဖြစ်ချင် ခြသေ့လို ကျင့်ရမှာပေ့ါ. . ကဲကဲ သွားစရာရှိတာသွားတော့"

ဗွေးတုတ်ကို နှုတ်ဆက်ပြီး မင်းခေါင်ကျောင်းသို့ ပြန်ခဲ့တော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



သူကြီးသားအောင်ဗလ. . သူတပည့်သုံးယောက် ဒဏ်ရာကိုယ်စီနှင့် ရောက်လာတာကြည့်ရင်း ဒေါပွသွားကာ. .

“ချော်လဲလာတာတော့ မဟုတ်လောက်ဘူး၊ ပြောစမ်း မင်းတို့ကို ဘယ်သူလုပ်လွှတ်လိုက်တာလဲ”

“မင်း . . မင်းခေါင်ပါ ဆရာ. . ”

“ဟင်. . ”

မင်းခေါင်ဆိုတော့ အောင်ဗလလည်း ဖြုံသွား၏။ မဖြုံလို့လည်းမဖြစ် တစ်ရွာလုံးကြောက်ကြရသည့် ဆရာတော်က မင်းခေါင်အား မွေးစားထားခြင်းဖြစ်သလို ဆွေရိပ်မျိုးရိပ်ကောင်းဟုလည်း ကြားဖူးထားသည်။ ပြီးတော့ သိုင်းလည်းကျွမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြူကာမှဖြူရော သူလို သူကြီးသားကို အလေးထားရ ကောင်းမှန်းမသိဘဲ တပည့်တွေကို ဆုံးမလွှတ်လိုက်တာ သူ့ သိက္ခာကျသည်ဟု ထင်နေ၏။

နောက်ထပ် အပြင်းစား မကျေနပ်မှုကတော့ ရွာက ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် အလှနတ်သမီးလေး ရှင်နှောင်း ကို အပြိုင်ပိုးနေကြသူများလည်း ဖြစ်နေပြန်သည်။ ဒီကိစ္စ ရှင် နှောင်းကြားလျှင် သူပဲ အရှက်ကွဲရမည်ဖြစ်သည်။

"ဒီလိုတော့ လုံးဝအဖြစ်မခံနိုင်၊ ဒီတော့ မင်းခေါင်ကို ယှဉ်နိုင်အောင် ဘာလုပ်ရင် ကောင်းမလဲပြောစမ်း"

မူးပြီး ဖူးယောင်နေသော ကြွက်နီတို့ ခေါင်းကုတ်ဖင် ကုတ်နှင့် အကြံထုတ်ကြသည်။ အပေအတေ တပည့်တွေ ဘာ အကြံပေးရမှန်းမသိ။ ဘပွားက. . .

"သူကြီးရဲ့ နှစ်လုံးပြူးခိုးပြီး ဒီကောင့်ကို ပစ်သတ်လိုက် ရင်ကော. . အာစီ"

"ဟော့ကောင် မင်းတို့ငါ့ကို တစ်သက်တစ်ကျွန်း ကျစေချင် တယ် ထင်တယ်"

အဟောက်ခံနေရသဖြင့် ကြွက်နီ၊ ဘပွားတို့ ငြိမ်ကုတ် သွားကြသည်။ ထမင်းစားပြီး အကင်းပါးသည့် တုတ်ကြီးက ဖြား ဖူးနားဝနှင့် အကြံပေးသည်။

"အာစရိ. . ရွာမြောက်ပိုင်းက ရောက်လာတာမကြာ



www.burmeseclassic.com

www.burmeseclassic.com



သေးတဲ့ သိုင်းဆရာကြီး ဦးဒေဝ အတော်အစွမ်းထက်ထယ်လို့ လူပြောများနေတယ်နော်. . အာစိ"

"ဟော. . ဟုတ်လား သူက ဘာစွမ်းတုန်း. ."

"ယောက်ျားကောင်း မောင်းမတထောင်ဆိုတဲ့ အားဆေး ဖေါ်ရောင်းလို့ သူကြီးတောင် ဆေးတဖုံဝယ်သောက်တယ်လို့ သတင်းရပါတယ် အာစိ"

"ဟယ်. . ငါလိုချင်တာ အဲဒီဆေးမဟုတ်ဘူး"

"သိပါတယ် အာစိ သူက အင်းအိုင်ခလှဲ့ လက်ဖွဲ့မကျန် ဆေးအတတ်ပါကျွမ်းတဲ့အပြင် ထိုးကွင်းမှင်ကြောင် ထိုးရာမှာ လည်း ပြောင်မြောက်သလို ကာယသိဒ္ဓိအစီအရင်နဲ့ အင်းများ လည်း စုတ်ထိုးပေးတယ်လို့ သတင်းကြားတယ်. . အာစိရ"

"ဟေ့ ဒီလိုလား. . သိုင်းဆရာ ဆေးဆရာ မန္တာန်ဆရာ ကြီးပေါ့. .၊ ဒင်း ရွာကိုရောက်လာတာ မကြာသေးတော့ သူ့အ ကြောင်း မသိဘူးဖြစ်နေတာ၊ ဒီလူတော့ဖြင့် အားကိုးရလိမ့်မယ် ထင်တာပဲ. ."

"သေချာပါတယ် အာစရိ၊ သူ့ဆီမှာ သိုင်းနည်းနည်းသင် ပြီး ပီးဆေးထိုးလိုက်ရင် မင်းခေါင်ကို ကောင်းကောင်းယှဉ်နိုင်မှာ ပါ. . အာစိ"

"အေး အဲဒါကောင်းတယ်၊ ပြောနေကြာတယ်ကွာ အခုပဲ သွားလိုက်ကြစို့. ."



www.burmeseclassic.com

www.burmeseclassic.com



သူကြီးသားအောင်ဗလနှင့်အဖွဲ့ မင်းခေါင်ကို ယှဉ်နိုင်ရန် အားကိုးရှာ ခရီးထွက်ခဲ့ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

ကျန် ကွမ်းကျန်စား၊ သပိတ်နှင့်ဆွမ်းချိုင့်များ ဆေးအပြီး မင်းခေါင် ရွာထဲထွက်လာခဲ့သည်။ အမိက ဦးတည် ရာက ပယောဂဆရာ ယက္ခထံသို့ဖြစ်သည်။ ဆရာယက္ခက ပယောဂဆရာလိုလို၊ ဗိန္ဓောဆရာလိုလိုနှင့် ရွာမှာ ဆေးကုနေ သော တစ်ဦးတည်းသော ဆေးဆရာတစ်ယောက်ဆိုလဲမမှား ပေ. . ။



www.burmeseclassic.com

www.burmeseclassic.com



ရွာမြောက်ဖျားတွင် ဆရာတစ်ဦးရောက်သည်ဟု ကြားသော်လည်း ရင်းနှီးကျွမ်းဝင်သူတွေ မဟုတ်၍ မသွားချင်။ ယက္ခတို့အဖွဲ့ကတော့ သူနှင့်ပြောမနာဆိုမနာတွေ ဖြစ်၏။ လျှောက်ရင်းနှင့် ယက္ခတို့တဲသို့ ရောက်လာသည်။

"ဗျို့. . ဆရာယက္ခ. . "

"ဝေး. . ဘယ်သူလဲဟ တက်ခဲ့လေ. . "

လူရိပ်လူယောင် မမြင်ရ၍ အသံပေးလိုက်ရာ တဲပေါ်တက်ခဲ့ရန် လှမ်းခေါ်သဖြင့် မင်းခေါင် ခပ်သွက်သွက်တက် လာခဲ့၏။

"ဟော. . ကပွဲယလေးပါလား ကိစ္စရှိလို့လား. . "

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူးဗျာ ဆရာတော် နေမကောင်းချင်သလိုဖြစ်ပြီး ချောင်းတအားဆိုးနေလို့ လျက်ဆားလေဘာလေး တောင်းရအောင် လာခဲ့တာ"

"ဆရာတော် နေမကောင်းဘူးလား ဒါဆို လျက်ဆားတင်မကဘူး ငန်းနီကျော်ပါ ထည့်ပေးလိုက်မယ်၊ ဟေ့. . သာဂိဖန်ပုလင်းလွတ်ရှာပြီး လျက်ဆားနဲ့ ငန်းနီကျော် ထည့်ပေးလိုက်"

"ဟုတ်ကဲ့ ဆရာ"

မင်းခေါင်နှင့် ယက္ခ အလာပသလ္လာပ ပြောဖြစ်ကြ၏။ မင်းခေါင်က သချိုင်းကကိစ္စ အစပြန်ဖော်ပေးလိုက်သည်။ ယက္ခပြန်ပြော၍ မဆုံးတော့၊ တပည့်တွေ စည်းဖေါက်သဖြင့် မြနှစ်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းပါ ပျောက်သွားပုံ၊ သာဂိဖင် မြွေပေါက်ခံရတာပဲ အဖတ်တင်ပုံတွေ ပြန်ပြောကာ ဟားဖြစ်ကြသည်။

ဆရာတော်အတွက် ဆေးရတော့ မင်းခေါင် ပြန်လာခဲ့၏။ ရွာလယ်ပိုင်းသွားကာ ရှင်နှောင်းကိုသွားတွေ့လိုသော်လည်း ဆရာတော်အား ပြုစုရဦးမည်မို့ စိတ်ထိန်းပြီး ပြန်လာခဲ့ရတော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အောင်ဗလတို့လူစု ရွာထဲလမ်းသလားကာ မြောက်ပိုင်းသို့ ဦးတည်သွားနေကြသည်။ စားရကံကြုံ၍မှတ်ဆိတ်ပျားစွဲသည်လား မပြောတတ် သူတို့အုပ်စု ရှင်နှောင်းနှင့် မျက်နှာချင်းဆိုင် ဆုံလေ၏။

"ဟော. . ရှင်နှောင်းပါလား လက်ထဲမှာလည်း အသားတွဲတွေနဲ့. . "

ညိုမြက မျက်နှာမဲ့ကာရွဲ့ကာနှင့်. .

"ဟုတ်တယ်လေ ဒေါင်းညိုက သူကြီးမှာ လိုင်စင်းပြီး အမဲပေါ်တယ်ဆိုလို့ သွားဝယ်ပြီး ပြန်လာကြတာ. . "

"ကျုပ် ရှင်နှောင်းကိုမေးတာပါ. . "



www.burmeseclassic.com

www.burmeseclassic.com



အောင်ဗလ၏ အမေးကို ညိုမြက ဝင်ဖြေသဖြင့် သူကြီးသား မကျေမနပ်နှင့် ဘုတောဓါ၏။ အောင်ဗလက ရှင်နှောင်းအား ဖြီတီတီ မျက်လုံးများနှင့် စိုက်ကြည့်ရင်း. .

"ရှင်နှောင်းလက်ရာ ဖွယ်ဖွယ်ရာရာလေးတွေ စားခွင့်ရရင် ဖြင့် သေပျော်ပါပြီဗျာ. ."

"ဒါဆို အခါနားနီးရင် သုဘရာဇာဆီမှာ အခေါင်းသာကြိုမှာထားလိုက်တော့"

"ဟင်. . ဘာဖြစ်လို့လဲ ရှင်နှောင်း. ."

"အခါမတိုင်ခင် ကျွန်မတို့ အလှူလုပ်မှာလေ အလှူမှာ ကျွန်မလက်ရာကိုလာစားပြီး တခါတည်း တန်းသေလို့ ရအောင်ပေါ့"

ရှင်နှောင်း၏ တုန့်ပြန်မှုကြောင့် အားလုံး ကျိတ်ရယ်ကြသည်။

"ပြောရက်လိုက်တာ ရှင်နှောင်းရယ်. .၊ အဲဒီလိုတော့ မစားချင်ပါဘူး. . ကျုပ်ဆိုလိုတာက ကျုပ်ရဲ့ ဇနီးမယားအဖြစ် ချက်ပြုတ်ကျွေးမွေးတဲ့ ရှင်နှောင်းရဲ့လက်ရာကို နေ့တိုင်းစားချင်တာမျိုးလေ"

"အဲဒါဆိုရင် ဒီတစ်သက် မမျှော်နဲ့တော့. ."

အောင်ဗလ ဒေါပွသွားကာ. .

"ဘာလဲ ဟိုဘုန်းကြီးကျောင်းသားကြောင့် ကျုပ်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မညွှတ်နိုင်တာလား ရှင်နှောင်း၊ ဆွမ်းကျန်ကွမ်းကျန် ကပ်စားနေရတဲ့ကောင်ကိုများ အလေးထားနေရလား. . မိုက်လိုက်တာ ရှင်နှောင်းရယ်"

"အဖေ့အရှိန်နဲ့ ရမ်းကားပြီး လက်ကြောမတင်းတဲ့ ရှင့်လို လူမျိုး ကြိုက်မိတဲ့အထိတော့ မမိုက်သေးပါဘူး. .၊ လမ်းဖယ်နော်. . ဟောဒီလက်ဝါးက သူကြီးသားရဲ့ ပါးတွေဘာတွေ သိတာမဟုတ်ဘူး. ."

တပည့်တွေရှေ့မှာ စွာတေးလန်အောင် အပြောခံလိုက်ရသဖြင့် အောင်ဗလ ရှက်စိတ်မွန်ကာ ကြောင်တွေတွေဖြစ်သွား၏။ ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ရှင်နှောင်းနှင့် ညိုမြတို့ အတင်းတိုးထွက်သွားကြသည်။

"ဒီမယ် ရှင်နှောင်း ကျုပ်အဖေကိုခေါ်ပြီး အိမ်ထိလာတောင်းမှာနော်၊ အဲဒီအခါကျမှ ကျုပ်ရဲ့ ယောက္ခမလောင်းကြီး ငြင်းရဲမလားဆိုတာ စောင့်ကြည့်လိုက်"

အောင်ဗလ လှမ်းအော်ပြောရင်း တောက်ခေါက်၍ ကျန်ခဲ့သည်။ တပည့်တွေက ဝိုင်းအားပေးကြ၏။ ဆရာဒေဝဆီမှာ ပီးဆေးထိုးပြီး မင်းခေါင်ကို အပြတ်ရှင်းရန် အကြံပေးကာ အတင်းဆွဲခေါ်သွားကြသည်။ ကွမ်းတစ်ယာညက်ခန့်ပင် မကြာလိုက် ရွာမြောက်ဖျားမှ ဆရာဒေဝ၏ ခြံဝင်းကျယ်ကြီးထဲရောက်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သိုင်းဆရာကြီး-ပီသစွာပင် သူ့ခြံထဲမှာ လက်ဝှေ့ကြိုးဝိုင်း ခင်တစ်ခုနှင့် အုန်းဆံဖတ်တွေ ပတ်ထားသော လက်သီးတိုင်တွေ အစီအရီ တွေ့နေရသလို၊ လေ့ကျင့်နေကြသည့် ရွာမှ လူငယ် အများအပြားကိုလည်း မြင်တွေ့နေရသည်။

ဆရာဒေဝအား အောင်ဗလ အထင်ကြီးသွားသလို၊ ဆရာဒေဝကလည်း အောင်ဗလအား သူကြီးသားမှန်း သိသွား၍ အထူးတလည် အရေးပေးလေတော့သည်။ လာရင်းကိစ္စကို သိရသောအခါ ဆရာဒေဝက လုံးဝဥဿုံ အာမခံကာ ပီးဆေး ထိုးပေးရန် ပြင်ဆင်တော့သည်။ မင်ခွက်နှင့် ကြေးစုတ်တံကြီး သုံးချောင်း ထုတ်ယူလာသောအခါ အောင်ဗလ သွေးပျက်စ ပြု လာလေ၏။ စုတ်တံအငယ်ဆုံးကပင် တစ်ထွာကျော်ရှိပြီး ချွန်မြ နေသည်။

မှင်တို့လို့ရအောင် စုတ်တံထိပ်ကို တစ်လက်မကျော် ကျော် ခွဲထားသေး၏။ ဆရာဒေဝက အောင်ဗလအခြေအနေကို သတိမပြုမိဘဲ အင်းပေါင်းချုပ် စာအုပ်ကြီးကို လှန်လှောကာ တာယသိဒ္ဓိ အစီအရင်အင်းကို ရှာဖွေနေ၏။

"ဟော. . တွေ့ပြီး မောင်ရင်အောင်ဗလ ဒီအင်းပဲ. . "

စာလိမ်များ အင်းဆံအိမ်များ ပါဝင်သည့် အင်းကွက်ကို အောင်ဗလကြည့်ရင်း မျက်လုံးပြူး မျက်ဆံပြူးနှင့်. .

"ဆရာ. . ဒါ. . ဒါတွေထိုးရင်. . နာ. . နာမှာလား၊



www.burmeseclassic.com

www.burmeseclassic.com



ကြာရောကြာမှာလား. . ”

“သူကြီးသားဆိုတာ အာဂယောက်ျားကွ၊ မနာပါဘူး. . ကြာတာကတော့ ထမင်းအိုးတစ်လုံးချက်လောက်ပါပဲ. . ”

“ဗျာ. . ကျုပ်. . ကျုပ်က. . နာမှာတော့ ကြောက်သဗျ”

“ကိုင်း. . အကျီချွတ်တော့ ဆေးမင်ကြောင်မရှိတဲ့ ယောက်ျားဆိုတာ မိန်းမနဲ့ ဘာမှမခြားဘူး အောင်ဗလ၊ ဟောဒီမှာ ကျုပ်ကိုကြည့် . . ”

အောင်ဗလအား အကျီချွတ်ရင်း ဆရာဒေဝက သူ့ပေါင်ကိုလှန်၍ ထိုးကွင်းမင်ကြောင်များကို ထုတ်ပြနေသေးသည်။ တပည့်တွေနှင့် ရွာကကာလသားပေါက်စတွေရှေ့မှာ အရှက်ကွဲမခံချင်သည့်အတွက် အောင်ဗလ တုန်တုန်ရီရီနှင့်ပင် အကျီချွတ်လိုက်ရ၏။

“ဘယ်. . ဘယ်နေရာမှာ ထိုးမှာလဲ ဆရာ. . ”

“ဂုတ်မှာ အင်းကွက်၊ လက်ဖျံမှာ အစက်သုံးစက် ဒါပါပဲ မောင်ရင်အောင်ဗလရဲ့”

“ဒါ. . ဒါဆို လက်ဖျံကို အရင်ထိုးပေးပါ. . ”

“ကောင်းပါပြီဗျာ. . ”

ဆရာဒေဝ ကြေးစုတ်တံတစ်ချောင်း ရွေးကာ ထိပ်များကို ဖယောင်းတိုင်မီးနှင့် မြိုက်နေလေပြီ။ တက်လာသော မှိုင်းကို အဝတ်စဖြင့် ပွတ်ပြီး မှင်တို့သည်။ အောင်ဗလ လက်သီးဆုပ်၍



www.burmeseclassic.com

www.burmeseclassic.com



ညာလက်ကို ထိုးပေးလိုက်၏။ ဆရာဒေဝက လက်ဖဝါးအောက် နားမှ လက်ကောက်ဝတ်အသားပေါ် စုတ်တင်ကာ တဇတ်ဇတ် နှင့် ပေါက်လိုက်သည်။

"အားးး!. . . အောင်မလေး. . သေပါပြီဗျ. . "

"ဝါး. . ဟား. . ဟား. . ဟား"

ဘယ်လိုပင် သတ္တိမွေးမွေး အသားပေါ် စုတ်ကျလာ သည်နှင့် အောင်ဗလ နာကျင်စွာ အသံကုန်အော်ဟစ်မိတော့ သည်။ အုံကြည့်နေသော ရွာသားတွေ ဝိုင်းဟားကြ၏။

အောင်ဗလ အတော်ရှက်သွားကာ. . .

"အတော်နာသလား သူကြီးသား. . "

"အီး. . အဲ. . နည်းနည်းပါ. . အား"

"ဒါဆိုရင်တော့ ခံနိုင်ရည်ရှိအောင် မင်းကိုယ်ထဲ ပညာ လေး ထည့်ပေးထားမှ ဖြစ်တော့မပေါ့"

ဦးဒေဝ ခေါင်းတညိမ့်ညိမ့်လုပ်ရင်း စုတ်ထိုးခြင်းကို ရပ် လိုက်၏။

"ကဲ. . ဆီမီးခွက်တွေယူ. . အားလုံး ငါ့နောက်လိုက်ခဲ့ ကြ"

ဒေဝ ထသွားရာ ခြံနောက်ဖက်ဆီသို့ အားလုံးထလိုက် လာကြသည်။ အောင်ဗလကတော့ တကျွတ်ကျွတ်အော်ရင်း ဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



ခြံနောက်ဖက် မြေကွက်လပ်ရှိ စားပွဲခုံတစ်လုံးရှေ့တွင် ဦးဒေဝ ရပ်လိုက်သည်။ ရေနံဆီမီးခွက်ကို စားပွဲခုံပေါ် တင်လိုက်ပြီး ခုံပေါ်ကရေခွက်ထဲ ရေထည့်ခိုင်းလိုက်သည်။ ပြီးနောက်. .

"အောင်ဗလ. . မင်း ဟိုအိမ်နောက်ဖက် တံစက်မြိတ်နားမှာ မတ်တပ်သွားရပ်ချေ"

"အမလေး. . နာရတဲ့ကြားထဲ ဘာတွေလာခိုင်းနေတာတုန်း ဆရာရယ်"

ဒေဝကတော့ ရယ်ပြီးသာ သူ့ကိုကြည့်နေ၏။ မီးအလင်းရောင်ဖြင့် ခပ်ရေးရေးသာ မြင်ရသော အိမ်တံစက်မြိတ်တွင် အောင်ဗလ ကြောင်တောင်တောင် သွားရပ်နေရ၏။

ထို့နောက် ဦးဒေဝမှာ စားပွဲခုံရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ရေခွက်ကို ခေါင်းပေါ်တင်ကာ တစ်စုံတစ်ရာကို ရွတ်ဆိုနေလေပြီ။ ခဏအကြာတွင် ဦးဒေဝ. . အောင်ဗလ ရှိရာသလာကာ ရေခွက်ကို လှမ်းပေး၏။

"ကဲ. . အောင်ဗလ. . မင်း ဒီရေခွက်ကိုကိုင်ပြီး တံစက်မြိတ်ပေါ် ရေကို နောက်ပြန်ပက်တင်လိုက်. . ပြီးရင် ပြန်ကျလာတဲ့ရေကို မင်း ဒီခွက်နဲ့ ပြန်ခံပြီးတာနဲ့ ချက်ချင်းမော့သောက်လိုက်တော့"

"ဟုတ်. . ဟုတ်ကဲ့"

"ဒါ တံစက်မြိတ် ရေသွင်းတဲ့ အစီအရင်ပဲ. . တံစက်မြိတ်



www.burmeseclassic.com

www.burmeseclassic.com



ရေဟာ မင်းကို ခံနိုင်ရည်ရှိအောင် ကူညီပေးလိမ့်မယ်. . ၊ ကဲ. . လုပ်တော့"

ဦးဒေဝ ခိုင်းသည့်အတိုင်းလုပ်ကာ ရေတွေကို မြို့ချအပြီး အောင်ဗလမျက်စိထဲ ပြာဝေသွားလေသည်။ ပတ်ဝန်းကျင်က အရင်လောက် မမှောင်တော့သလိုလဲ ခံစားလာရသည်။ ရေနံဆီ မီးအလင်းရောင်က အစိမ်းရောင်သန်းနေသလိုလည်း ခံစားနေရသည်။

"ပြီးရင် အရက်တစ်ပိုင်းလောက်သောက်လိုက် အဲဒါဆို မူးပြီး ဘာမှမသိတော့ဘူး. . "

"ကောင်းသားပဲ ဆရာ"

အောင်ဗလက ကြွက်နီအား ချက်အရက်တလုံးပြေးဝယ်ခိုင်း၏။ အရက်ရောက်လာသည်နှင့် အောင်ဗလနှစ်ခွက်လောက် ဆင့်သောက်ပြီး ဆက်အထိုးခံသည်။ နာတာကတခြား မူးတာက တခြားဖြစ်နေသော်လည်း အောင်ဗလ အံကြိတ်ခံရှာသည်။ ဒီလိုနှင့် အစက်သုံးစက် ပြီးသွား၏။

နောက်ထပ် အရက်(၂)ခါဆက်တိုက်မော့ပြီး ဟန်ပါပါနှင့် ကျောပြင်ကို ဆရာ့ဘက် လှည့်ပေးလိုက်လေသည်။ ဆရာက ကျောပြင်မှ လည်ပင်းရိုးအဆုံး ကျောရိုးအစနေရာကို အရက်နှင့် ပွတ်၍ ချေးချွတ်လိုက်သေးသည်။ ပြီးတော့မှ ကျောပြင်ကိုစုတ် တင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



အသည်းခိုက်မျှ နာကျင်မှုကို ကြိတ်မှိတ်ခံပါသော်လည်း မရ။ အောင်ဗလမှာ အမယ်လေး, အဘလေး တရသည့်အပြင် အမေရေကယ်ပါဦးဟု အော်သည့်အဆင့်ပင် ရောက်လာသည်။ အောင်ဗလအော်တိုင်း တပည့်တွေ အရက်တစ်ခွက်ငှဲ့တိုက်နေကြရာ အင်းကွက်ချ၍ မပြီးခင်မှာပင် အရက်တစ်လုံး ကုန်သွားသည်။

အောင်ဗလ မျက်နှာကြီးရဲကာ တကိုယ်လုံး တဆတ်ဆတ်တုန်နေပြီဖြစ်သည်။ အင်းကွက်ချအပြီး အင်းဆံတွေ စုတ်ထိုးကာ ရေးသွင်းသည့်အခါမှာလည်း အောင်ဗလ အော်သံက မစဲ။ ဝက်ပေါ်နေသလား ထင်ရအောင် ဆူညံနေ၏။

နောက်ဆုံး တစ်ထွာလောက်ရှိသော ဝါးအဖျားပိုင်းကို အဝတ်များပတ်၍ အောင်ဗလအား ကိုက်ခိုင်းထားရသည်။ တပည့်နှစ်ယောက်က လက်နှစ်ဖက်ကို အတင်းချုပ်နှောင်ကာ ဖမ်းထိန်းထားကြရသည်။ အောင်ဗလမှာ သွားရည်တမြားမြား မျက်ရည်တရွှဲရွှဲနှင့် ထွန့်ထွန့်လူးနေပြီဖြစ်သည်။ မခံစားနိုင်တော့သည့်အဆုံး အတင်းရုန်းကာ ခုန်ထလိုက်တော့၏။

"ဟာ. . . မောင်ရင်အောင်ဗလ မပြီးသေးဘူးလေ. . အင်းဆံနှစ်လုံး ကျန်နေသေးတယ်"

"အား. . မရတော့ဘူး နောက်မှပဲ တခါလာထိုးတော့မယ်၊ ဒီနေ့ မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းမစုံရင် မစွမ်းဘူးနော်. . သူကြီးသား. ."

"ရတယ်. . ရတယ် နောက်မှဆက်ထိုးမယ် ဆရာ၊ အခု တော်ပြီ"

အရက်တစ်လုံးသောက်ထားသော အောင်ဗလ မူးတာရော နာတာပါပေါင်းပြီး သတိလစ်လဲကျသွားတော့၏။ တပည့်တွေ မနည်းနှာနှပ်ယူကာ ထမ်းပြီး ပြန်လာရခြင်းဖြင့် ပီးဆေးထိုးတာ အဆုံးသတ်သွားခဲ့ရသည်။

မှောင်မိုက်နေသော လယ်ကွင်းထဲ အောင်ဗလတစ်ယောက် ပြေးလွှားနေရတာ အတော်ပင် ခရီးပေါက်လို့နေပြီ။ တစ်နေရာအရောက်တွင် မိန်းမတစ်ယောက် ရပ်နေတာကို တွေ့၏။

ထိုအမျိုးသမီးက သူ့ကို လှမ်းခေါ်နေလေပြီ။

"ဟင်. . အမေ"

ဟုတ်ပါသည်. . အောင်ဗလရဲ့ သေသွားသော အမေပဲ ဖြစ်၏။ အမေ့ဆီသွားဖို့ သူ ပြင်လိုက်စဉ်. .

"ဟင်. . အမေက သူများပြုစားလို့ ဆုံးသွားတာ ကြာပြီပဲ"

အောင်ဗလ သတိပြန်ဝင်လာကာ အမေ့ဆီ မသွားတော့ဘဲ ဆက်ပြေးသည်။ ထိုစဉ် ခုနက အမေက ခွေးနက်ကြီး ဖြစ်သွားကာ သူ့ဆီ ပြေးလိုက်လာလေသည်။ တစ်ချက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဗလလက်မောင်းကို လှမ်းဟပ်မလို လုပ်နေသေး၏။

အောင်ဗလ မျက်စိမှိတ်ကာ ဦးတည်ရာမဲ့ ဆက်ပြေးနေရာ မောနေပြီဖြစ်သည်။ ချွေးများလည်း ရွှဲနစ်နေလေပြီ။

ပြေးနေရင်း အောင်ဗလရှေ့တွင် အမွှေးများဖြင့် ထူပိန်းနေသော အုန်းပင်အမြင့်လောက်ရှိသည့် ခြေထောက်မဲမဲရှည်ကြီးနှစ်ချောင်းကို တွေ့နေရသည်။

အောင်ဗလ မော့မကြည့်ရဲ. . .

ထိုခြေထောက်နှစ်ချောင်းကြားမှ ဝင်ပြေးရာ နောက်မှ ခြေတံရှည်ကြီး လိုက်လာသံ ကြားရလေသည်။ ကြောက်ကြောက်နှင့် အားတုန်ဆက်ပြေးလေရာ ခြေတံရှည်ကြီးအသံက တဖြည်းဖြည်းဝေးကျန်ခဲ့သည်။

ပြေးနေရင်း သူ့ရှေ့တွင် ထမိန်စတစ်ခု တလွင့်လွင့်လာနေသည်ကို မြင်နေရပြန်သည်။

ထိုအရာက မိန်းမတစ်ယောက်. . ။ လေထဲတွင် ထမိန်တလူလူ ဆံပင်ဖားလျားဖြင့် ပျံသန်းနေခြင်းဖြစ်သည်။

ထိုမိန်းမက သူနှင့်အနီးကပ် ပျံသန်းနေသဖြင့် မိန်းမ၏ ထမိစများက သူ့မျက်နှာကို တစ်ချက်တစ်ချက် လာရိုက်ခတ်လေရာ ညှီစို့စို့ ပုပ်အက်အက် အနံ့ဆိုးကြီးကို ရနေသည်။

ပြေးနေရင်း သူ့အပေါ်မှ ကပ်လျက် လိုက်ပျံနေသော မိန်းမကို မော့ကြည့်လိုက်ချိန်တွင်. .



www.burmeseclassic.com

www.burmeseclassic.com



"အား!..."

အောင်ဗလ လန့်နိုးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

သီဥတုက တိမ်ထူထပ်၍ မိုးအုံ့ပြီး မပူမအိုက်နှင့် သာတောင့်သာယာ ဖြစ်နေသည်။ ဟိုးအဝေး မလှမ်းမကမ်းမှာ လူသေတို့အခြေချသည့် သင်္ချိုင်းကုန်းရှိပြီး ပကတိတိတ်ဆိတ်ငြိမ် သက်နေသည်။ ဒီဘက်မှာတော့ အရိယာသူတော်စင် အနည်းငယ် အခြေကျနေပြီဖြစ်သည့် သုသာန်ကျောင်း ရှိနေသည်။ နှစ်နေရာ နှစ်ဌာနစလုံး ဆိတ်ငြိမ်တာချင်းတူသော်လည်း အနှစ်သာရတော့

www.burmeseclassic.com

www.burmeseclassic.com



ခြားနားလေ၏။ သုသာန်က ဘ၀ကူးသွားသူတို့ မြှုပ်နှံရာဖြစ်ပြီး၊ သုသာန်ကျောင်းကတော့ ဘ၀ကူးကောင်းအောင် အားထုတ်သူများ ခိုလှုံရာဖြစ်သည်။

သုသာန်အနီးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း အရိယာမဟုတ်သူတစ်ဦးလည်း ရှိနေသေးသည်။ ထိုသူက မင်းခေါင်ပင်ဖြစ်၏။ ဆရာတော် ငန်းနီကျော် ဆေးမှီဝဲပြီး ကျိန်းနေခိုက် မင်းခေါင် ကျောင်းအောက်ဆင်းလာကာ တံမြက်စည်းလှဲနေခြင်းဖြစ်သည်။

တံမြက်စည်းလှဲ၍ ရွက်ကြွေတို့ကို စုပြီး မီးရှို့ဖို့ပြင်ဆင်နေခိုက် ရန်လုံမှာ ကျောင်းဝင်းအတွင်း လှည့်ပတ်ပြေးရင်း ဆော့ကစားနေသည်။

ရန်လုံနှင့်ဆော့ဖို့ မအားသေး။ ခါးကြားလိမ်ထည့်ထားသည့် ယမ်းမီးခြစ်ကိုထုတ်ယူစဉ် ရန်လုံဆော့တာရပ်ပြီး တဝုတ်ဝုတ် ထိုးဟောင်တော့သည်။

လူစိမ်းရောက်တာသိလို့ ဟောင်သည့်အသံမှန်း ရိပ်မိ၍ ကျောင်းဝင်းဝသို့ လှည့်ကြည့်လိုက်၏။ လေးဆင့်ဒန်ချိုင့်ဆွဲပြီး ဝင်လာသော ရှင်နှောင်း. . .။

မင်းခေါင် တအားပျော်သွားသည်။ အပြေးသွားပြီး ချိုင့်တို လက်လွှဲယူကာ ဆီးကြိုလိုက်၏။

"ဆွမ်းချိုင့်လာပို့တာလား၊ ပင်ပန်းလိုက်တာ ရှင်နှောင်း



www.burmeseclassic.com

www.burmeseclassic.com



ရယ်. . ”

“အကိုပြောလို့ ဆရာတော် နေမကောင်းဘူးဆိုတာ သိရတာလေ. . ၊ ဒါကြောင့် ဆန်ပြုတ်နဲ့ ငါးကြော်လေး လာပို့ပေးတာ. . ”

“ကျေးဇူးပါပဲ ရှင်နှောင်းရယ်၊ ဆရာတော် ကျိန်းနေတယ် ခဏနော် ချိုင့်လှယ်ပေးမယ်. . ”

မင်းခေါင် ကျောင်းပေါ်တက်၍ ဆွမ်းချိုင့်လှယ်သည်။ ရှင်နှောင်းလိုက်လာသော်လည်း ဆရာတော်ကျိန်းနေတာ နိုးသွားမှာစိုး၍ အသံတိတ်ဝတ်ပြုပြီး ပြန်ဆင်းသွားသည်။ မင်းခေါင်လည်း ချိုင့်ဆွဲပြီး အပြေးလိုက်ခဲ့၏။ ရှင်နှောင်း အပင်အောက် ခုံတန်းလေးမှာ ထိုင်စောင့်နေတာ တွေ့သည်။

“ရှင်နှောင်း. . အောင်ဗလတို့ နှောက်ယှက်လို့ဆို. . ”

“အင်း. . ကြိမ်းမောင်းလွှတ်လိုက်တာပေါ့၊ သူ မကြမ်းရဲပါဘူး. . ”

“ဘာပဲဖြစ်ဖြစ် စိတ်မချဘူး ရှင်နှောင်းရယ်. . ”

မင်းခေါင်အပြောကြောင့် ရှင်နှောင်းမျက်လွှာချသွားသည်။ အောင်ဗလဆိုသည့် ပြိုင်ဘက်၏ သတိပေးခေါင်းလောင်းသံတွေ ညံနေပြီဖြစ်၍ မင်းခေါင် အရဲစွန့်ပြီး စကားစလိုက်၏။

“ရှင်နှောင်းဘဝကို တာဝန်ယူ စောင့်ရှောက်ပါရစေ ရှင်နှောင်းရယ်. . ၊ ကျုပ်ကို မေတ္တာတုံ့ပြန်ပါလားဟင်. . ”



www.burmeseclassic.com

www.burmeseclassic.com



"အို. . ကိုမင်းခေါင်ကလဲ. ."

"ဘုန်းကြီးကျောင်းသားဆိုပေမယ့် အထင်မသေးပါနဲ့ ရှင်နှောင်း. .၊ လယ်ဆယ်ဧကေ သီးစားချထားတာ ရှင်နှောင်းသိပါတယ်၊ တောသားမှာ လယ်ရှိရင် ပြည့်စုံတာပဲလေ. ."

"အဲဒါကြောင့် မဟုတ်ပါဘူး. . ကိုမင်းခေါင်ရဲ့. ."

"ဒါဆို. ."

"စဉ်းစားဦးမယ်လေ. . အမေ့သဘောထားကိုလည်း တီးခေါက်ကြည့်ဦးမှာ"

"ဟုတ်ပါပြီလေ. . စဉ်းစားဦးမယ်ဆိုလည်း သိပ်တော့ မကြာစေနဲ့နော်၊ ဟိုအကောင် အောင်ဗလ လက်ဦးသွားဦးမယ်"

"အဲလိုဖြစ်စရာလား. . ကဲ. . ရှင်နှောင်း ပြန်မယ်၊ ဘာမှန်းလဲမသိဘူး၊ ကျောင်းကို ဆွမ်းလာပို့တာ လူပျိုစကား ပြောသွတ်တယ်"

ရှင်နှောင်းက မင်းခေါင်လက်ထဲမှ ချိုင့်ကိုဆွဲယူကာ ချစ်စဖွယ်အမူအရာ မျက်လုံးထောင့်ကပ်ပြောရင်း ပြေးထွက်သွား၏။ မင်းခေါင်းလည်း ရှင်နှောင်း၏အလှကို လှမ်းကြည့်ရင်း ရင်ခုန်လိုက်မောကာ ကျန်ရစ်ခဲ့တော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဆရာယက္ခ အိမ်တဆောင်လုံး ဝုန်းဒိုင်းကျဲနေသည်။ အပြုစားခံရသလို၊ အပမှီသလိုလို ဖြစ်နေသော မိန်းမပျိုတစ်ယောက်အား ဆွေမျိုးတစ်စုက ဝိုင်းဝန်းချုပ်နှောင်ထားကြရသည်။

ထိုလူနာ၏ ရောဂါ (သို့မဟုတ်) အမှောင့်ပယောဂတွေ ပျောက်ကင်းစေခြင်းအလို့ငှာ ဆရာယက္ခထံ အားကိုးတကြီး ရောက်လာကြခြင်းလည်း ဖြစ်၏။ ထိုလူစုကို သာဂိ၊ ဆိတ်သိုးနှင့် ခြောက်စောင်းတို့က ထိန်းထားကြသည်။

"ဆရာ အမိဋ္ဌာန်ဝင်နေလို့ ခဏစောင့်နော်.

လူနာလာပို့သူတစ်စု အထင်ကြီးလေးစားအားကိုးသွား



www.burmeseclassic.com

www.burmeseclassic.com



ဟန်နှင့် ခေါင်းတညိတ်ညိတ်ဖြစ်သွားသည်။ တကယ်တော့ ဘာမှလုပ်စရာမရှိ၍ ဆရာယက္ခ အခန်းအောင်းကာ အိပ်နေခြင်းဖြစ်သည်။

လူနာမိန်းကလေးမှာ ငိုလိုက်ရယ်လိုက် ပေါက်ကရတွေပြောလိုက်နှင့် ဆူညံပွက်လောရိုက်နေ၏။ ခဏအကြာမှာ ဆရာယက္ခ အိမ်ထဲမှ အိပ်ချင်မူးတူးနှင့် ထွက်လာလေရာ. .

"တယ်. . တယ်ပါဦးဆရာရယ်. . သမီးလေးကို ကယ်ပါဦး"

မိခင်ဖြစ်ဟန်တူသူက စိုးရိမ်တကြီးပြောလာသည်။ အိပ်ရေးဝဟန်မတူသေးသည့် ဆရာယက္ခ ထိုင်နေသူတွေကြားထဲ တိုးဝင်ကာ လူနာမိန်းမပျို၏ ငယ်ထိပ်အား လက်ဝါးနှင့်အုပ်၍ စမ်းကြည့်လိုက်၏။ ထိုအခိုက်မှာပင် မိန်းမပျိုက ဆရာယက္ခ၏ ရှမ်းဘောင်းဘီကို ဆွဲချွတ်ချလိုက်တော့သည်။

"ဟာ. . ဒီဟာမ. . "

"ဟိ. . ဟိ. . ခ်ခ်"

အားလုံးပွဲကျသွားတော့သည်။ ယက္ခလည်း လက်သွက်၍သာ တော်တော့၏။ သို့မဟုတ်လျှင်တော့ အားလုံး မဖွယ်မရာတွေ ပက်ပင်းမြင်တွေ့ရမှာ သေချာသည်။

ယက္ခ ဒူးထောက်ထိုင်ကာ မိန်းမပျို၏ လက်မကောက်ဝတ်အား စမ်းသပ်ကြည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘာဖြစ်သလဲဆိုတာ အတတ်သိဟန်နှင့် ခေါင်းကို ဘယ်ညာတွင်တွင်ယမ်းရင်း. .

"ရွာသူနှောက်ယှက်လို့ သရဲဝင်ပူးနေတာ၊ သရဲ အတော်ကြီးနေပြီ. . မနဲကုမှ ရမယ်. . "

"ကုပါ ဆရာရယ် ကုပါ၊ ကြိုက်သလိုကုပါ၊ ဉာဏ်ပူဇော်ခလည်း ထိုက်ထိုက်တန်တန် ကန်တော့မှာပါ. . "

"အင်း. . အခန်းထဲသွင်းပြီး ရင်ငွေ့လုံ ထုံကူးရမယ်. . ဆွဲချွတ်ရမယ်. . အဲလေ အစွဲချွတ်ရမယ်. . "

"ချွတ်ပါဆရာ ချွတ်ပါ. . "

"လာ. . လိုက်ခဲ့ ကဝေမလေး. . "

ယက္ခက မိန်းမပျိုအား ဆွဲခေါ်သည်။ ထဘီမကျွတ်အောင် ကြိုးနှင့်ချည်ထားပေးရသည့် သရဲပူးခံထားရသော မိန်းမပျိုလည်း အသာတကြည် လိုက်ပါလာ၏။ အိမ်ထဲသွင်းပြီး တံခါးမပိတ်ခင် ဆရာက မှာတမ်းချွေသည်။

"သရဲနဲ့ပညာပြိုင်ရမှာ. . ၊ ဘာသံကြားကြား ဘယ်သူမှ ဝင်မလာနဲ့ ကြားလား"

"ဟုတ်ကဲ့. . "

အခန်းတံခါးတော့ ပိတ်သွားပြီ။ အထဲမှာ. . .

"ဟဲ့ကောင်မ. . ချွတ်လိုက်စမ်း. . အစွဲချွတ်လိုက်. . ၊ တယ်. . ငါလုပ်လိုက်ရ သေတော့မယ်. . "



www.burmeseclassic.com

www.burmeseclassic.com



စသည့်ကြိမ်းမောင်းသံများနှင့်အတူ ရုန်းကန်လှုပ်ရှားသံများကြားနေရသည်။ နောက်တော့ ယက္ခမည်သို့မည်ပုံ ကုလိုက်သည်မသိ၊ အသံတွေငြိမ်ကာ တိတ်ဆိတ်သွားလေသည်။

အပြင်မှ သာဂိတို့တစ်သိုက်နှင့် လူနာရှင်တစ်စုလည်း ရင်တထိတ်ထိတ်နှင့် ပိတ်ထားသည့်တံခါးကို ကြည့်ရင်း သက်ပြင်းချနေကြ၏။

ကွမ်းသုံးယာညက်လောက် အချိန်ကြာမှ တံခါးဖွင့်ပြီး ဆရာယက္ခ ဒယီးဒယိုင်နှင့် ထွက်လာသည်။ အမောတကောပင် ရေတစ်ခွက် တောင်းသောက်၏။

ခဏနေမှ သရဲစီးခံထားရသော မိန်းမပျိုလေးလည်း ကိုယ့်ဘာသာ ထဘီဖြန့်၍ပြန်ဝတ်ရင်း ထွက်လာသည်။ စောစောက ချည်ထားသော ထမီမှုကြိုးလဲ ဘယ်ရောက်သွားမှန်းမသိ။ သို့သော် သူ့မျက်နှာက အလာတုန်းကလို မဟုတ်တော့ ကြည်လင်းဝင်းပ ပြုံးစစနှင့် ပူးနေသောသရဲပင် ထွက်ပြေးသွားပြီ ထင်ရ၏။

"အမေ. . . ဆရာကုတာ အရမ်းကောင်းတာပဲ၊ သရဲထွက်သွားပြီ အဟိ. . ."

သမီးဖြစ်သူ၏ စကားကြောင့် လူနာရှင်များ စိတ်အေးသွားကြတော့၏။ သမီးအား ဂရုတစိုက်စူးစမ်းကြသည်။ တကယ်လည်း အမှောင့်ပယောဂ ကင်းစင်သွားဟန်နှင့် ကြည်လင်ရွှင်ပြ



www.burmeseclassic.com

www.burmeseclassic.com



နေသည်မို့ ဝမ်းသာပျော်ရွှင်နေကြ၏။

"ဆရာ ဘယ်လောက်ကန်တော့ရမလဲဟင်. ."

"စေတနာရှိသလောက်ပဲပေါ့. . ၊ သတ္တဝါတွေကို ကယ်မ ရွေးနုတ်နေတာလေ. . ."

လူနာ၏ဖခင်က ငွေစက္ကူတစ်ထပ်ဆွဲထုတ်လိုက်သည်။ အရွက်ကြီးတွေပဲမို့ ယက္ခမျက်ဝန်းတွေ အရောင်လက်သွား၏။ သို့သော် ထိုလူက ငွေစက္ကူများရေတွက်ရှာဖွေရင်း အသေးဆုံး ငွေစက္ကူကို တွေ့တော့မှပဲ ရှာတာရပ်သွား၏။ ထိုငွေစက္ကူကို ဆရာ့ရှေ့မှ ငွေဖလားကြီးထဲ ထည့်လိုက်ကာ. . .

"ကျေးဇူးပါပဲဆရာ ကျုပ်တို့ပြန်ပါဦးမယ်. ."

မျက်ဝန်းအရောင်တွေ မှေးမှိန်နေပြီဖြစ်သော ယက္ခ မတောက်မကြွနှင့် ခေါင်းညိတ်ပြရှာ၏။ မိန်းမပျိုနှင့် လူနာရှင်တစ် သိုက် ပြန်သွားပြီးနောက် ယက္ခ ပေါင်ကြားထဲ ကြေးကွမ်းအစ်ကြီး ထည့်ကာ ပယ်ပယ်နယ်နယ် ကွမ်းယာ၍ ဝါးနေတော့သည်။

"ဆရာ စောစောက ကောင်မလေးကို ဘယ်လိုကုလိုက် တာလဲဟင်. ."

"အင်း. . အတွင်းအား ကုထုံးနဲ့ဆိုပါတော့ကွာ. ."

ဆရာတပည့်တွေ စကားကောင်းနေခိုက် လူနာထပ် ရောက်လာသည်။ ထိုလူနာ လှေကားမှတက်လာသည်နှင့်တစ် အိမ်လုံး သွက်သွက်ခါသွား၏။ မခါဘဲ ခံနိုင်ပါ့မလား။ လူနာက



www.burmeseclassic.com

www.burmeseclassic.com



လေးလုံးခြောက်ဖက်ပင် မကချင်သည့် မိန်းမဝတုတ်ကြီး ဖြစ်နေ၏။ လူနာရှင်များက ယက္ခအားတွေ့သည်နှင့် အားရဝမ်းသာဖြစ်သွားကာ. .

"ဆရာရယ် သမီးလေးကို ကယ်ပါဦး. ."

စားနေသောကွမ်းပင် ပါးစပ်ထဲမှ ထွက်ကျသွားကာ. .

"ဒါ. . သမီးလေး ဟုတ်လား. ."

"ဟုတ်ပါတယ်ဆရာ အသက်က(၁၉)နှစ် ကျော်ကျော်ပဲ ရှိပါသေးတယ်. ."

"တော့. . အံ့ရော ထွားချက်နှယ်၊ အနို့ ဘာဖြစ်တာတုန်း"

"သည်းခြေပျက်တယ် ထင်ပါရဲ့ဆရာ. .၊ စကားတွေ တောင်စဉ်ရေမရ ပြောနေသလို ညညလည်း မအိပ်ဘူး. . ."

"အင်း. . ပမာဒ လေခတဲ့ လက္ခဏာပဲ. ."

"ပျောက်အောင်သာ ကုပေးပါဆရာ. ."

"အိမ်း. . ကုရပေမပေါ့. .၊ အင်း. . ကုရင် လူနာတစ်ယောက်ပဲ အထဲဝင်ရမှာနော်. ."

"ကြိုက်သလိုသာ ကုပါဆရာ. ."

ယက္ခ ကြေးရေတကောင်းထဲမှရေကို ကြေးဖလားထဲ ထည့်ကာ ကွမ်းတွေကို ပလုပ်ကျင်းပြီး ထွေးထုတ်၏။ ပါးစပ်သန့်သွားတော့မှ. .

"အိမ်း. . သူရော ပယောဂနှယ်သလားဆိုတာ စမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရမယ့်. ."

ယက္ခ ပြောပြောဆိုဆိုပင် ရေတင့် ငုံလိုက်ခါ လူနာ မိန်းမပျို၏ မျက်နှာပေါ် ဖြန်းချသလို ထွေးပစ်လိုက်သည်။ လူနာ က ထူးထူးခြားခြား ဘာမှမဖြစ်။ ယက္ခ သေချာသွားအောင် ရေ ကို ထပ်မံထွေးထုတ်ပြန်၏။ သို့သော် ငုံထားသည့်ရေက ကုန် နေပြီမို့ ဖွီးခနဲ လေတွေသာ ထွက်လာသည်။

"အဟိး. . ခစ်ခစ်ခစ်. . ဆရာ သိပ်ရယ်ရတာပဲ. ."

လူနာက လှောင်သဖြင့် ယက္ခ တင်းသွားသည်။ ရောဂါ လက္ခဏာ စူးစမ်းဟန်နှင့် လူနာကို သေချာကြည့်ရှုသည်။ ခန္ဓာ ကိုယ်က အဆမတန်ထွားကျိုင်းနေသော်လည်း မျက်နှာကတော့ နုနုဖတ်ဖတ်လေးပင်ဖြစ်၏။ ယက္ခ စိတ်ပါသွားသည်။ ဒီလိုလူနာ မျိုးလည်း ကုကြည့်ချင်သေးသည်။

"ကိုင်း. . ထ. . အခန်းထဲလိုက်ခဲ့. ."

"အခုလား ဆရာ. ."

"အင်း. ."

ဆရာကတော်တော်. . လူနာကကဲကဲလား မသိ. .။ သုတ်ခနဲ့ထကာ၊ ဆရာ့အား ပွေ့ချီ၍ အိမ်ထဲဝင်သွားတော့သည်။

"ဟဲ့ . . ဟဲ့ . . အမလေး ဖြည်းဖြည်းလုပ်ပါဟဲ့ မသာမ ရဲ. . ."

အခန်းတံခါးပိတ်ပြီး မကြာခင်မှာပင်. . .



www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေး သေပါပြီဗျ' ဟူသည့် ယက္ခ၏ အော်သံ ကြီးကို ကြားလိုက်ကြရသည်။

အင်း. . သတ္တဝါတွေ ကယ်မနေသည့် ဆရာတစ်ဆူမေ ပဲ ဒီလောက်တော့ ရှိပေမပေါ့. . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

ကွမ်းအစ် အဖုံးထဲမှာ ချာချာလည်နေသည့် ဂျင်၏ လှုပ်ရှားသံကိုကြားရတာ စိတ်လှုပ်ရှားဖွယ် ကောင်းလွန်းလှ၏။ လည်သံက တဖြည်းဖြည်း နှေးသွားကာ နောက်ဆုံးမှာ ဂျင်လဲကျသွားသည့်အသံဖြစ်သည့် ဂျလောက်ဆိုသော အသံကို ကြားလိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏အကြည့်က ယွန်းကွမ်းအစ်အဖုံးဆီမှာ စုပြုံဝိုင်းအုံနေသည်။ ဒိုင်လုပ်သူက အဖုံးကို ဆွဲလှန်လိုက်သည်။

"ဟာ. . ငါးရှဉ့်ကွ. . ငါးရှဉ့်. ."

"သွားပါပြီကွာ. ."

ဝမ်းသာအားရ လေသံထက်. . 'ဟာ, ဟင်, တောက်, ကျွတ်'ဟူသော အားမလိုအားမရ လေသံက ပို၍ကျယ်မည် ထင်သည်။ ခေါင်းငိုက်စိုက်ကျသွားသူတွေထဲမှာ အောင်ဗလလည်း အပါအဝင် ဖြစ်သည်။

စပါးပေါ်ချိန်၊ ငွေရှင်ချိန်မှာ ရွာသား လယ်သမားတွေကို အမဲလာဖျက်သည့် လောင်းကစားဒိုင်တွေ၏ သားကောင်ဘဝသို့ အောင်ဗလ ကျရောက်သွားခဲ့ပြီ။

မျက်နှာမကြည်မသာနှင့် သူတို့ဆရာ ခေါင်းငိုက်စိုက်ချ ထွက်လာတော့ တပည့်များဖြစ်သည့် တုတ်ကြီး၊ ကြွက်နီ၊ ဘပွား တို့လည်း အမြီးကုတ်ပြီး နောက်ပါးမှ လိုက်လာကြ၏။

စိတ်မကြည်မသာ ဖြစ်နေသော အောင်ဗလ အရက်ပုန်းဆိုင်ကိုကျော်ကာ ထန်းရည်ဆိုင်ထဲ ဝင်ခဲ့သည်။ သူကြီးသားကို မြင်သည်နှင့် ထန်းရည်ဆိုင်ပိုင်ရှင် ငွေမောင်း ထန်းရည်မြူအိုး တစ်အိုး အပြေးအလွှားလာချပေး၏။

အမောပြေ ရေငတ်ပြေတစ်ခွက် ဦးဦးဖျားဖျား သောက်လိုက်ပြီး ဆေးပေါ့လိပ်တစ်လိပ် ထုတ်ယူမီးညှိကာ ဖွာရှိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အိမ် ဘယ်လိုပြန်ရမှန်းတောင် မသိတော့ဘူး၊ ဆွဲကြိုး ရော၊ နာရီပါကုန်ပြီ. ."

"အရက်ပုန်းဆိုင်တွေ လောင်းကစားဒိုင်တွေကို သူကြီး သား အရှိန်အဝါသုံးပြီး အခွန်လိုက်ကောက်ပါလားဆရာ. ."

"ဟာ. . ငါ့အဖေ သူကြီးရဲ့ လုပ်ကွက်ကို လုခိုင်းပြီး ထိပ် တိုက်တွေ့အောင် အကြံပေးနေကြတာလားကွ"

အကြံပေးမှားသွားသော ကွက်နီငြိမ်ကုတ်သွား၏။

ထိုစဉ် ဘေးဝိုင်းမှ ကာလသားတစ်စု ပြောစကားက သူတို့နားထဲ ဝင်လာ၏။ ဆရာဒေဝက သူတပည့်တွေကို စင်တင် ကာ ယှဉ်ပြိုင်ထိုးသတ်စေပြီး နောက်ဆုံး အနိုင်ရသူအား ထိုက် ဘန်စွာ ချီးမြှင့်မည်ဆိုသည့် သတင်းပင်ဖြစ်သည်။

"ဒါအချက်ပဲ ဂျင်ပွဲမှာရှုံးသမျှ လက်ဝှေ့ထိုးပြီး ပြန်ရှာ ရမယ်"

"ဆရာဒေဝက ဆုဘယ်လောက်ပေးနိုင်မှာမို့လဲ. ."

"ဘယ်လောက်ပဲပေးပေးကွာ နိုင်ရင် နာမည်ရမှာလေး နောက်ပိုင်း ရွာစဉ်လှည့်ပြီး ကြေးကြီးကြီးနဲ့ လိုက်ထိုးမယ်ကွာ မကောင်းဘူးလား ကွက်နီ. ."

"ကောင်းတယ်ဆရာ. . အဲ. . ဒါပေမဲ့ ဆရာပီးဝေးထိုး တာ မပြီးသေးဘူးလေ၊ အင်းဆံနှစ်လုံး ကျန်သေးတယ်လေ. ."



www.burmeseclassic.com

www.burmeseclassic.com



စွမ်းပါ့မလား"

အောင်ဗလ မျက်နှာပျက်သွား၏။ အရိုင်းသုံးပါး နား လည်သည့် ဘပွားက . .

"မင်းကလည်းကွာ ဆရာဒေဝစွမ်းသလို သူ့ပီးဆေးက လည်းစွမ်းတယ်၊ ဒီတော့ တို့အာစရိလည်း စွမ်းမှာပါကွ၊ တို့ရွာ မှာ ကြက်တိုက်တာတောင် ကြေးကြီးပေး လောင်းကြသေးတာပဲ လူတိုက်ရင် . . အဲလေ လူတွေလက်ဖွေ့ထိုးရင် ပိုပြီးဈေးကောင်း မှာပေါ့"

"အတိုး . . တုတ်တယ်ဘပွား . . မင်းပြောသလိုပဲ"

ဘုန်းကြီးရှေ့နှင့် လေ့လူးတော့ တွေ့နေကြပြီဖြစ်သည်။ အောင်ဗလပိုက်ဆံရှာမည့် အစီအစဉ် အောင်မြင်မလား ဆိုတာ တတော့ . . .။

ဪ ဪ ဪ ဪ



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

ကြွက်နီတို့အုပ်စု အကြပ်ရိုက်နေသလို. . သာဂိတို့အုပ်စုလည်း အခက်တွေ့နေ၏။ ဆရာယက္ခ၏ ကုသချက်နှင့် အသက်ထွက်သွားသည့် ဦးမာဒင်ကြီး အသုဘဖဲဝိုင်းမှာ သူတို့ရက်လည်လုနီးပါးဖြစ်နေပြီ။ သုံးယောက်ပေါင်းပါလာသမျှ ရှိစုမဲ့စုလည်း ကုန်နေပြီဖြစ်၏။

ဒီတော့ ငွေများငွေနှင့်လိုက်ရန် ပညာရှိသာဂိက နည်းလမ်းပြသည်။ ငွေရမည့်နည်းကို မေးမြန်းကြည့်တော့ ကြွက်နီပေးသည့်အကြံကို အားလုံးလက်ခံကြသဖြင့် ဖဲဝိုင်းမှထကာ ဆရာယက္ခအိမ်သို့ ပြန်လာခဲ့ကြသည်။

ယက္ခ နေ့ခင်းတရေးအိပ်ချိန်နှင့် ကွက်တိဖြစ်နေသည်မို့



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့အသုံးအဆောင်များဖြစ်သော ငွေဖလား၊ ကြေးကွမ်းအစ်၊ ကြေးရေတကောင်းနှင့် ကြေးဖလားတို့ကို အသံတိတ် ယူဆောင်တာ လုံခြုံစိတ်ချရသည့် တိန့်ရင်ချောင်း၏ အပေါင်ဆိုင်သို့ ပို့လိုက်ကြတော့သည်။

ပစ္စည်းတွေအပေါင်ထားပြီး ရလာသည့် ငွေနှင့် ဖဲဝိုင်းပြန်သွားတာ ဆုံးရှုံးခဲ့သမျှ ငွေတွေပြန်ရအောင် အရှုံးအနိုင်ကြမ်းသည့် ရှမ်းတိုးမီးဝိုင်းတွင် ဝင်ပွားကြသည်။ အမျိုးမျိုးဖဲလိမ်ကာ မှိုက်တတ်သည့် ရွှေဘိုဒိုင်တွေ နေမညိုခင် အနိုင်ပိုင်းသွားကြပြန်၏။

BURMESE CLASSIC

ရင်းစားပြန်မရသည့်အပြင် ဆရာယက္ခ အလွန်မြတ်နိုးသည့် ပစ္စည်းတွေပါ ပြန်မရွေးနိုင်တော့သည်မို့ သာဂိ၊ ဆိတ်သိုး၊ ခြောက်စောင်းတို့ အိမ်ပြန်ခရီးက တက်တက်ကြွကြွ မရှိလှ. . ။

ထိုအချိန်တွင် တရေးနိုးလာသော ယက္ခမှာ ကွမ်းစားဖို့ တွမ်းအစ် လှမ်းဆွဲသည်။ ရှာလို့မတွေ့။ အာခေါင်ခြောက်လာ၍ ရေသောက်ဖို့ ရေတကောင်း လှမ်းယူသည်။ မရှိတော့. . ။

နောက်ဆုံး ငွေဖလားထဲက ပိုက်ဆံနှင့် ကာကာဆိုင်သွား၍ ကော်ဖီသောက်မည်ကြံတော့လည်း ငွေဖလားပါ အစအန ပျောက်နေပြန်သည်။ ဆက်စပ်တွေးကြည့်တော့ သူ့ပစ္စည်းတွေ ပြန်လမ်းမရှိတော့တာ သိလိုက်ပြီး နှမြောတသ နှလုံးထိခိုက်မှု နှင့် သတိလစ် လဲကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သာဂိတို့သုံးယောက်လည်း အကျိုးအကြောင်းပြောပြ တောင်းပန်မည်ဟု ဆုံးဖြတ်ပြီး အိမ်ပေါ်တက်လာကြသည်။ အိမ်ရှေ့တွင် စန့်စန့်ကြီးလှဲနေသော ယက္ခကိုတွေ့တော့ အကျိုးအကြောင်း အဆိုးအကောင်း နားမလည်သူတွေပီပီ. . ။

"ဟာ. . ဆရာကလည်း အိမ်ရှေ့ကြီးမှာ လာအိပ်နေရလား. . . ထ. . ထ. . အခန်းထဲဝင်အိပ်"

BURMESE CLASSIC

ဆိတ်သိုးက ဗျစ်တောက်ဗျစ်တောက်ပြောရင်း လှုပ်နှိုးသည် ယက္ခက တုတ်တုတ်မျှပင်မလှုပ်။ ထိုအခါမှ တပည့်ကျော်တွေ ပျာယာခတ်သွားပြီး နှလုံးခုန်သံ နားထောင်လိုထောင်၊ အသက်ရှူမရှူ စမ်းလိုစမ်းနှင့် အလုပ်ရှုပ်ကုန်ကြ၏။

"ဒါ သတိလစ်နေတာကွ၊ အဆုတ်ထဲမှာ လေနည်းနေပြီ နှုတ်ခမ်းချင်းတေ့ပြီး လေမှုတ်သွင်းမှ ပြန်ပြီး အသက်မှန်မှန်ရှူလာမှာ. ."

"ဟုတ်လို့လားကွာ. ."

"မယုံ လုပ်ကြည့်"

ဆိတ်သိုးပြောတာ မယုံ၍ ခြောက်စောင်းက ယက္ခဗိုက်ပေါ်တက်ခွကာ နှုတ်ခမ်းချင်းတေ့ပြီး လေမှုတ်သွင်းဖို့ကြိုးစားသည်။ တပည့်တွေ ပက်ပက်စက်စက် မလုပ်ခင် ယက္ခ အချိန်ကိုက် သတိရလာသည်။ ဒါကိုသိ၍ ခြောက်စောင်း ဆရာ့ဗိုက်ပေါ်မှ အမြန်ပြန်ခုန်ဆင်းသည်။ ယက္ခ ကုန်းထလာကာ. .

www.burmeseclassic.com

www.burmeseclassic.com



"မင်း. . မင်းတို့ ပြန်လာရဲသေးတယ်ပေါ့ ဟုတ်လား ငွေပစ္စည်းတွေ ဘယ်မှာလဲ"

"လို. . လုံခြုံစိတ်ချရတဲ့ နေရာမှာ သေချာသိမ်းထားပါတယ်ဆရာ"

"ဘယ်မှာ သိမ်းထားတာလဲ ဘယ်သူ့ဆီ အပ်ထားတာလဲ"

"တိန်. . တိန့်ရင်ချောင်းဆီ. . ဆီမှာပါ. . ဆရာ"

"ဘာ!!. ."

ယက္ခ ကြုံးအော်လိုက်သဖြင့် ဆိတ်သိုးတို့ တုန်တက်အောင် ကြောက်လန့်သွားကြ၏။ ယက္ခ ဒီလောက်ဒေါသဖြစ်တာ သူတို့တစ်ခါမှ မကြုံဖူး. .

"အေး. . အဲဒီပစ္စည်းတွေ အခုချက်ချင်း အပေါင်ဆိုင်က သွားရွေး. ."

ယက္ခ ဒါပဲပြောပြီး အိမ်ထဲဝင်သွား၏။

သာဂိက အပိုင်တွက်ပြီး. .

"အဟင်း. . တော်သေးတာပေါ့ကွာ သွားရွေးဖို့ တို့ဆရာ ပိုက်ဆံဝင်ယူနေပြီ. .၊ အခုပြန်ရွေးပြီးရင်တော့ ထပ်မပေါင်တော့ပါနဲ့တော့ကွာ. . ဆရာသနားပါတယ်. ."

ထိုစဉ် ယက္ခမှာ ငှက်ကြီးတောင် ဓားကိုကိုင်ကာ ပြန်ထွက်လာလေသည်။ ဒါကိုမြင်မှ ပိုက်ဆံဝင်ယူတာ မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မားသွားဆွဲတာဖြစ်ကြောင်း သဘောပေါက်သွားကြသည့် ဆိတ်သိုးတို့သုံးယောက် အသက်လုကာ အိမ်ပေါ်မှ အလုအယက် ဆင်းပြေးကြရတော့၏။

"ငါ့ပစ္စည်းတွေ ပါမလာရင် ဘယ်သူမှ ပြန်မလာကြနဲ့ ကြားလား"

ယက္ခ၏ အသံနက်ကြီးက ဆိတ်သိုးတို့နောက်သို့ ပြေးလိုက်လာသေးသည်။ တပည့်ကျော်တွေကတော့ နောက်လှည့်မကြည့်စတမ်း. . .။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

နေ့ ဆရာဒေဝ၏ ခြံဝင်းထဲမှာ လက်ဖွဲ့ပွဲရှိသည်။ ဒေဝ၏တပည့်များ၊ ပီးဆေးထိုးထားသူများနှင့် ရွာက လက်ဖွဲ့ဝါသနာရှင် တခြားလူငယ်လေးများ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။ ထိုကိစ္စမှ တဆင့်စကား တဆင့်နားနှင့် ရွာလုံးအနှံ့ ပြန့်သွားရာ သုသာန်ကျောင်းမှ မင်းခေါင်းပင် မနေနိုင်တော့ဘဲ အရောက်လာခဲ့မိတော့သည်။ သူရောက်သွားချိန်မှာ ပွဲစဉ်အား

www.burmeseclassic.com



တော်များများ ပြီးနေပြီဖြစ်သည်။

အလှည့်ကျ ယှဉ်သမျှ ပွဲတိုင်းနိုင်ကာ တဆင့်ပြီးတဆင့် တက်လာသူက သူကြီးသား အောင်ဗလဖြစ်၏။ မင်းခေါင်လည်း စာရင်းပေးပြီး မီရာအဆင့်က ဝင်ပြိုင်သည်။ မင်းခေါင်လည်း ယှဉ်သမျှ အလဲထိုးအနိုင်ယူကာ နောက်ဆုံးအဆင့်သို့ တက်လာ၏။

ဗိုလ်လုပွဲမှာ ဆုံကြရသည်က အောင်ဗလနှင့် မင်းခေါင်သာဖြစ်တော့သည်။ ဆရာနှင့်ချ၍ တဝဲလည်လည်ဖြစ်နေသည့် ဆိတ်သိုးတို့လည်း ရောက်နေသည်ဖြစ်ကာ အားပေးသူမရှိ ဖြစ်နေရှာသော မင်းခေါင်အား ဝိုင်းအုံကာ အော်ဟစ်အားပေးကြသည်။ အောင်ဗလမှာ ဒေဝ၏ အရေးပေးခြင်း ခံရသူဖြစ်သလို ဒေဝလက်စွမ်းပြ ထိုးပေးထားသော အင်းဆံနှစ်လုံးလို ဆေးအရှိန်နှင့် မာန်တက်နေသည်။

သူကြီးသားဆိုတော့လည်း တပည့်ရင်းကြွက်နီ၊ တုတ်ကြီး၊ ဘပွားတို့၏ အမာခံအားပေးမှုအပြင် ကာလသားများ၏ မျက်နှာလိုက်အားပေးမှုကိုပါ ရရှိနေ၏။ ဤသို့နှင့် ဗိုလ်လုပွဲ ယှဉ်ပြိုင်မည့်အချိန်သို့ ရောက်လာသည်။

လက်ဝှေ့သမားနှစ်ယောက်အား ဝက်ဝက်ကွဲ အားပေးကြသည်။ ပွဲချိန်အချိန်မသတ်မှတ်ဘဲ အနိုင်အရှုံးပေါ်သည်အထိ ထိုးသတ်ရမှာဖြစ်သည်။ ပွဲစသည်နှင့် ပီးဆေးကိုးထားသည့်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဗလက ယုံကြည်မှုအပြည့်နှင့် တရကြမ်းထိုးသတ်သည်။ မင်းခေါင်ကလည်း ပင်ကိုသိုင်းစွမ်းရည်အပြင် ဆရာတော်ချီးမြှင့်ထားသော လက်ဖွဲ့အား လက်မောင်းမှာချည်ထား၍ အထူးစိတ်အားထက်သန်စွာ ပြန်လည်တိုက်ခိုက်၏။

နှစ်ယောက်စလုံး လက်ရည်က ညီသလို ရှိနေသည်။ ပွဲက အချိန်ကန့်သတ်ချက် မရှိသည့်အတွက် ရေရှည်တွင် သက်လုံကောင်းသူသာ အောင်ပွဲခံမည့် အနေအထားဖြစ်သည်။ ထိုအခါ အရက်၊ ဆေးလိပ်သောက်သုံးမှုက စကားပြောလာတော့၏။

ထိုးသတ်နေရင်းနှင့်ပင် အောင်ဗလ သက်လုံကျလာသည်။ ထိုးအား လျော့သွားသလို ကန်ချက်တွေလည်း မပြင်းတော့။ ထိုအခါမှ မင်းခေါင်က အားပါသောထိုးချက် ကန်ချက်များကို အသုံးပြု တိုက်ခိုက်တော့၏။ အောင်ဗလ အလူးအလဲခုခံကာကွယ်နေရသည်။ ပွဲချိန်ပိုရှည်လာသည်နှင့်အမျှ အောင်ဗလ သက်လုံကျလာသည့်အပြင် အမောဖေါက်လာသည်။

အခြေအနေကို တွက်ဆလို့ရသွားသည့် ပရိသတ်က မင်းခေါင်းကို ဝိုင်းဝန်းအားပေးလာကြ၏။ ဆိတ်သိုး၊ သာဂိနှင့် ခြောက်စောင်းတို့လည်း မင်းခေါင်၏နာမည်ကို အော်ဟစ်ကာ ဆူညံပွက်လောရိုက်အောင် အားပေးကြသည်။

တချိန်တွင် မင်းခေါင်က ဘယ်ယောင်ပြ ထိုးသတ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြင်တာကို အောင်ဗလ ညာတိမ်း၍ အရှောင်တွင် မင်းခေါင်၏ ညာဝိုက်လက်သီးကို ပယ်ပယ်နယ်နယ် မြည်းလိုက်ရ၏။ အောင်ဗလ အရုပ်ကြိုးပြတ်လဲကျသွား၍ အမှတ်စဉ်ရေတွက်ခြင်း ခံလိုက်ရသည်။ သို့သော် ရှစ်အရောက်တွင် ပြန်လည်ထိုးသတ်ရန် အဆင်သင့်ဖြစ် နေသည့်အတွက် လက်ခုပ်သံတွေ ရသွားပြန်သည်။ သို့သော် ခြေမခိုင်ချင်တော့. . .။

မင်းခေါင်လည်း စိတ်မရှည်တော့ဘဲ အလဲထိုးနိုင်ရန် ပိုမိုအားထုတ်လာသည်။ ရှောင်တိမ်းပြီး လှည့်ပတ်ပြေးနေသည့် အောင်ဗလအား ခြေကန်ချက် ဒူးတိုက်ချက်များနှင့် မနားတမ်းထိုးသတ်သည်။ ဟန်ချက်ပျက်နေပြီဖြစ်သည့် အောင်ဗလမှာ နားအုံကို ကန်ချက်တစ်ချက် ထိသွားသည့်အခါမှာတော့ ကြိုးဝိုင်းအတွင်း ဗိုင်းခနဲလဲကျသွားတော့၏။

ဒီတစ်ကြိမ်မှာ အမှတ်စဉ် တစ်ဆယ်ရောက်သည်အထိ အောင်ဗလ ပြန်ထလာနိုင်ခြင်း မရှိသည့်အတွက် မင်းခေါင်အနိုင်ရကြောင်း ကြေညာလိုက်တော့၏။ စင်ပေါ်သို့ သာဂိတို့အုပ်စု ပြေးတက်လာကာ မင်းခေါင်းအား ဝိုင်းဝန်းထမ်းပိုး၍ အောင်ပွဲခံကြသည်။

ဆရာကြီး ဒေဝလည်း မကြည်မသာမျက်နှာနှင့်ပင် ကတိအတိုင်း ဆုငွေများကို မင်းခေါင်အား ချီးမြှင့်ပေးလိုက်ရသည်။ အောင်ဗလ၏ လက်ဖော့ထိုး၍ ငွေရှာရေး အစီအစဉ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်ကြောင့် ပျက်ပြားသွားခဲ့ရပြီ။

သာဂိတို့အုပ်စု၏ အခက်အခဲကိုသိနေသော မင်းခေါင်တ ဂုဏ်ကိုသာ လိုချင်သူဖြစ်၍ သူရသည့်ဆုငွေကို ပေါင်ထားသည့် ယက္ခပစ္စည်းများရွေးရန် သာဂိတို့အုပ်စုအား ပေးလိုက်၏။ နောက်နောင် ဖဲကစ၍ မည်သည့်လောင်းကစားမှုကိုမှ မလုပ်ရန် တတိတစ်ခုတော့ တောင်းခဲ့သည်။

သာဂိ၊ ဆိတ်သိုး၊ ခြောက်စောင်းတို့လည်း ကျိန်ဆို၍ တတိပေးကာ ယက္ခ၏ပစ္စည်းများ တိန့်ရင်ချောင်းထံမှ ရွေးပြီး ပျော်ရွှင်စွာ ပြန်သွားကြလေတော့၏။ မင်းခေါင်လည်း မိတ်ဆွေစစ်၏ အခက်အခဲကို ဖြေရှင်းကူညီပေးလိုက်နိုင်၍ ကျေနပ်ပီတိဖြစ်စွာနှင့် ကျောင်းသို့ ပြန်လာခဲ့လေတော့သည်။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



ဝါပါးပေါ်၍ ငွေရှင်နေသော ဘန့်ဘွေးကုန်း ရွာသူ/ရွာသားတွေ ပျော်မဆုံးဖြစ်နေကြ၏။ လူလိမ္မာမိသားစုဝင် လယ်သမားတွေ ရွှေဝယ်စုနေကြသလို၊ လူမိုက်လယ်သမားတွေကတော့ မူးယစ်သောက်စားလျှက် လောင်းကစား ဖက်နေကြ၏။ ရှင်နှောင်းလည်း အမေအဖေတို့နှင့်အတူ မြို့တက်ပြီး လက်ဝတ်လက်စားများ ထပ်ဝယ်ကာ ရွာသို့ပြန်လာခဲ့၏။ ဘောက်တူပေါ်မှ ဆင်းသည်နှင့် အဖေနှင့်အမေက အိပ်ရာထဲလဲနေသော ဦးလေးတော်သူ အိမ်သို့ဝင်ကာ မြို့မှဝယ်လာသော ဓာတ်စာများနှင့် သတင်းမေးသွားကြ၏။

ရှင်နှောင်းတစ်ယောက်တည်း အိမ်ပြန်လာခဲ့သည်။

www.burmeseclassic.com



ရွာလယ်လမ်းမတွင် သူကြီးသား အောင်ဗလတို့နှင့် ဆုံပြန်၏။ ထုံးစံအတိုင်း ချစ်စကားဆိုကာ ဟန့်တားနှောင့်ယှက်သည်။ ဒါကို ရွာထဲ အလည်လာသည့် မင်းခေါင်းတွေ့ကာ ရှင်နှောင်းအား ကာကွယ်ဖို့ ပြေးလာခဲ့၏။

အနားရောက်တော့ ကျောပေးထားသော ရှင်နှောင်းက မင်းခေါင်ကို မမြင်ဘဲ အောင်ဗလအား အပြတ်ပြောဆိုနေ၏။ ပြောစကားထဲ သူချစ်သူမှာ မင်းခေါင်ဖြစ်ကြောင်း၊ ဒါကြောင့် ထပ်မံနှောက်ယှက်ဖို့ မစဉ်းစားစေချင်ကြောင်း ဆိုတာတွေပါ ပါလာသည်။ မင်းခေါင် တအားပျော်သွားတော့၏။

သို့နှင့် မင်းခေါင် ရှေ့မှဝင်ရပ်ကာ မဏ္ဍပ်တိုင် တက်ပြ လိုက်သည်။

"ကဲ. . အောင်ဗလ ငါနဲ့ရှင်နှောင်းက သမီးရည်းစားတွေ ဖြစ်နေကြပြီ မင်းမနှောင့်ယှက်နဲ့တော့. . "

"ဘာကွ. . ဘုန်းကြီးကျောင်းသား သူတောင်းစားက များ. . "

အောင်ဗလ သူကြီးအားကိုးနှင့် နှိမ့်ချစော်ကားရုံမက လူအုပ်နှင်ပါ အနိုင်ကျင့်ပြီး မင်းခေါင်းကို ထိုးကြိတ်တိုက်ခိုက် တော့သည်။ မထင်မှတ်ဘဲ အဖြေပေးလိုက်မိပြီဖြစ်သော ရှင် နှောင်းမှာလည်း ပူပူနွေးနွေး ရည်းစားလေး မင်းခေါင်းအား ကူညီ သည့်အနေနှင့် ခြံစည်းရိုးတိုင်တစ်တိုင်ဆွဲနုတ်ပြီး အောင်ဗလတို့



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုအား ရိုက်နှက်တော့သည်။

ရန်ပွဲကြောင့် အုံလာသည့်လူအုပ်ထဲ ရှင်နှောင်းမိဘတွေ ပါ ပါလာ၏။ အကြောင်းစုံသိတော့ ရှင်နှောင်းဖခင် ဒေါပွသွားသည်။ အောင်ဗလအား လက်ညှိုးငေါက်ငေါက်ထိုးကာ . .

"မင်း တကယ်မေတ္တာရှိရင် မင်းအဖေသူကြီးကိုခေါ်ပြီး မိသားဖသားပီပီ လာတောင်း၊ တစ်ခုတော့ရှိတယ် ငါကျေနပ်အောင် တင်မတောင်းနိုင်ရင် သဘောတူလိမ့်မယ် မထင်နဲ့"

ဟုပြောဆိုပြီး သမီးကိုခေါ်ကာ ပြန်သွားခဲ့သည်။

မင်းခေါင်လည်း အခြေအနေတွေ ရှုပ်ထွေးနေခိုက် အသာလစ်ထွက်လာခဲ့၏။ သူ့ကိုတကယ်ချစ်တာလား တကယ်အဖြေပေးခဲ့တာလားဆိုတာပင် မေးဖို့အချိန်မရလိုက်။ သို့သော် အောင်ဗလရှေ့မှာ ထုတ်ပြောခဲ့တာမို့ မိန်းကလေးတစ်ယောက် လူကြားထဲမှာ ထုတ်ပြောခဲ့တာ အမှန်ဖြစ်ဖို့များသည်ဟု တွက်ပြီး အပျော်ကြီးပျော်နေ၏။

မပျော်နိုင်သူမှာ အောင်ဗလဖြစ်သည်။ မင်းခေါင်နှင့်ယှဉ်တိုင်း လက်ဝှေ့ပွဲမှာလည်း ရှုံး၊ အချစ်ပွဲမှာလည်း ရှုံးဆိုတော့ မခံချိမခံသာ ဖြစ်နေ၏။ အဖေဖြစ်သူ သူကြီးကို ခေါ်ပြီးသွားတောင်းခိုင်းရအောင်လည်း အဖေကိုယ်တိုင်က အောင်ဗလကို ကြည့်မရဖြစ်နေသည်။

သူကြီးသားဆိုသည့် အရှိန်အဝါနှင့် ဘာတို့မှ လက်



www.burmeseclassic.com

www.burmeseclassic.com



ကြောတင်းအောင်မလုပ်ဘဲ သောက်စားရမ်းကားပျော်ပါးနေသည့်အတွက် နှင်ချမည်ဟု ကြိမ်းတာပင် အခါခါဖြစ်နေခဲ့ပြီ။ ဒီအချိန်မှာ မိန်းမတောင်းခိုင်းလို့ကတော့ အိမ်ပေါ်က ခေါင်းနှင့် ဆင်းရဖို့က သေချာသလောက်အခြေအနေပင် ဖြစ်သည်။

ယောက္ခမလောင်းကလည်း သူ့စိတ်ကြိုက်တင်မတောင်းနိုင်လျှင် မစဉ်းစားဟု အပြတ်ပြောသွားခဲ့ပြီ။ ဒီကြားထဲ သူကြိုက်သည့် ရွာကကွမ်းတောင်ကိုင် အလှလေးက ဘုန်းကြီးကျောင်းသားကို မျက်နှာသာပေးနေသည်။ သူကြီးသားဖြစ်ပြီး ကိုယ့်ရွာမှ ကွမ်းတောင်ကိုင်ကို အပိုင်းမသိမ်းနိုင်လျှင် မျက်နှာကို ဓားနှင့် လှီးပစ်ဖို့သာကောင်းတော့သည်။

သုံးစားမရသည့် တပည့်များကို အကြံတောင်းတော့ အချိန်တိုအတွင်း မက်လောက်အောင်ရနိုင်တာက လောင်းကစားပဲရှိသည်တဲ့။ ဒါကို အောင်ဗလလက်ခံသည်။ သို့သော် ထိုဝိုင်းတွေဆီ လက်ဗလာနှင့် သွားလို့မရတာက ပြဿနာဖြစ်နေ၏။

ငွေရလမ်းကို စဉ်းစားတော့ သူ့အဖေသူကြီး၏ လယ်မြေ ဧက(၂၀) ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း(လယ်ဂရန်)များကို အောင်ဗလ ပြေးမြင်မိသည်။ သို့နှင့် ရှင်နှောင်းအား တင်တောင်းဖို့ ငွေရအောင်ရှာဖွေရေး စီမံကိန်းမှာ အရင်းငွေ အဖြစ် လယ်ဂရန်စာရွက်တွေကို အပေါင်ဆိုင်ပို့လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရတတ်သရွေ့ အရိုးနှင့်အရေခွာဖို့ ကြံနေသော တရုတ် အပေါင်ဆိုင်ပိုင်ရှင်ကလည်း သူကြီးလယ်တွေကို မဖြစ်စလောက် ငွေပေးကာ အပေါင်ခံထားလိုက်တော့သည်။ ရှင်နှောင်းမှ လွဲ၍ ဘာကိုမှမမြင်တော့သော အောင်ဗလမှာ မ,ဘက်လိုက်၍ မိုက် ဘက်ပါသည်ဟုပင် ဆိုရမလိုဖြစ်နေသည်။

လယ်ပေါင်ထားသည့်ငွေများနှင့် ဂျင်ဝိုင်းသွားကာ ငွေရှာ တော့၏။ လူမိုက်နှင့်ငွေ အတူမနေဆိုသည့် ဆိုရိုးစကား မှန် ကြောင်းသာ အောင်ဗလ သက်သေပြနိုင်တော့သည်။ ပါလာ သမျှ ပိုက်ဆံတွေ ဒိုင်ကိုသာ လှူခဲ့ရသည်။ အောင်ဗလအား တံကြမ္ဘာက မျက်နှာသာမပေးတော့. .

ထိုအချိန်မှာ ဘုန်းတွေးကုန်းရွာဦးစေတီ ဘုရားပွဲကျင်းပ ဖို့ ပြင်ဆင်နေကြသည်။ ဆရာတော်ကိုခွင့်တောင်းပြီး သူကြီး ပွဲသွင်းသည်။ ဗလာဇတ် ငှားသည်။ မျက်လှည့်ပွဲတွေ၊ ကြည့်ချင်ပွဲ တွေ အစုံအလင်နှင့်မို့ ဘုန်းတွေးကုန်းသာမက ရွာနီးချုပ်စပ်ကပါ လာရောက်ပျော်ပါးကြဖို့ စီစဉ်ပြင်ဆင်နေကြ၏။

ထိုအခြေအနေမှာ ကျဉ်းထဲကြပ်ထဲ ရောက်နေသော အောင်ဗလ ထွက်ပေါက်ရှာတော့သည်။ သူ့အခက်အခဲတွေ အဆင်ပြေစေဖို့အတွက် အကွက်ကျကျ လှုပ်ရှားရန် ပြင်ဆင် သည်။

သူကြံစည်သည့်အလုပ်က ကြီးမားလှသည်။ တယောက်



www.burmeseclassic.com

www.burmeseclassic.com




တည်း မနိုင်သည်မို့ အဖေါ် ရှာရသည်။

'လူမိုက်ကကျွန်တော်. . အဖေါ် ကပါပ' ဆိုသလို. . ထို အကြံအစည်ကို အကြောင်းပြု၍ အောင်ဗလနှင့် ဆရာဒေဝတို့ တွဲမိသွားကြသည်။ သူတို့လည်း သူတို့အစီအစဉ် အကောင် အထည်ဖေါ် ရန် ကြိုတင်ပြင်ဆင်နေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

ခေါင် ထုံးစံအတိုင်း ကြေးစည်တီး၍ ဖိုးဟစ် လာသည်။ ရွာစဉ်အတိုင်း ဆွမ်းခံထွက်လာရာ ရှင်နှောင်းတို့ အိမ်နား ရောက်လာသည်။ ရှင်နှောင်းနှင့် ညီမြတို့ ဆွမ်းလောင်းဖို့ ပြင်ဆင်စောင့်ကြိုနေကြ၏။ မင်းခေါင်ခြေလှမ်းတွေ သွက်သွား သည်။ ဆရာတော်နှင့် ကိုရင်တွေ နောက်မှာကျန်ခဲ့ပြီ။ ရန်လုံက တဝုတ်ဝုတ်. . .။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်နှောင်း. . ဘုရားပွဲလျှောက်မလည်ဘူးလား. ."

"လည်မှာပေါ့. . ဒီညထွက်မှာ အစ်မညိုမြတို့နဲ့ တိုင်ပင်ပြီးသွားပြီ. ."

"ဟင်. . ဟုတ်လား. .၊ ဒါ. . ဒါဆို ကျုပ်. . ကျုပ်လည်း လာခဲ့မယ်နော် တူတူလည်ရအောင်၊ ဘုရားလည်းဖူးမယ်. . ပြီးတော့. . ဟင်းဟင်း"

"ဘာလဲ ကိုရင်မင်းခေါင် လိပ်ဥတူးမယ်လို့ ဆိုလိုချင်တာလား"

ညိုမြက ဝင်နှောက်သဖြင့် မင်းခေါင် စပ်ဖြဲဖြဲ ဖြစ်သွားသည်။

"ဒါပဲနော် ဘာတွေးကို တိုင်ပြောလိုက်မှာ"

"ဟာ. . အဲလိုတော့ မလုပ်ပါနဲ့ ညိုမြရယ်၊ ကျုပ် ပွဲဈေးတန်းကမုန့်တွေ ဝယ်ကျွေးပါ့မယ်. .၊ ကျုပ်မှာလဲ စပါးပေါ်ချိန် သီးစားခတွေ ရထားပါတယ်ဗျ. ."

"တကယ်နော် ကျုပ်က မြောင်းမြမုန့်ဟင်းခါးဆိုတာကို အသေစားချင်နေတာ"

"တကယ်ပါဗျာ. . စိတ်ကြိုက် အဝသာစား ကျုပ်ကျွေးမှာ. ."

ညိုမြကို ချော့မော့ပေါင်းသင်းပြီး ရှင်နှောင်းနှင့်ဘုရားပွဲအတူလည်ရန် ချိန်းခဲ့ပြီးနောက် မင်းခေါင်ပျော်ရွှင်စွာနှင့် ဆွမ်းခံ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထွက်ရပြန်သည်။ စိတ်ထဲမှာတော့ ညကို ချက်ချင်းရောက်ချင်နေပြီဖြစ်၏။

ဘန့်ဘွေးကုန်းမှာ ဘုရားပွဲစတာ သုံးရက်ရှိပြီဖြစ်သည်။ ဘုရားပွဲကြောင့် ရွာကို လူစိမ်းအဝင်အထွက်လည်း များလှသည်။ ရွာမှာ ရဲစခန်းမရှိသဖြင့် သူကြီးဆယ်အိမ်ခေါင်းနှင့် ဦးပဇ္ဇင်းနှစ်ပါးသာ ပွဲတော်လုံခြုံရေးကို ကြီးကြပ်နေရသည်။ နေ့ခင်းဘက် ပွဲဈေးတန်းမှာ အရောင်းအဝယ်လုပ်ကြ၊ ညဘက် ကြည့်ချင်ပွဲတွေ ကြည့်ကြနှင့် ဘန့်ဘွေးကုန်းသားတွေ အပျော်ကြီးပျော်နေကြ၏။

စေတီရင်ပြင်တော်ပေါ် ညဦးပိုင်းလောက်သာ ဘုရားဖူးများရှိကြပြီး ညဉ့်နက်သည်နှင့် လူတွေအားလုံး ပွဲခင်းထဲ ရောက်တုန်ကြရာ ဘုရားပေါ်မှာ လူရှင်းသွားသည်။ မင်းခေါင်းလည်း ရှင်နှောင်းနှင့် အချိန်အချက်လုပ်ထားသည့်အတိုင်း ဘုရားစောင်းတန်းခြေရင်းမှာ ထိုင်စောင့်နေသည်။

တအောင့်လောက်ကြာတော့ ရှင်နှောင်း၊ ညိုမြနှင့် ဂွမ်းပုတို့ရောက်လာကြသည်။ ဦးစွာ ဘုရားပေါ်တက်ပြီး ဝတ်ပြုကြ၏။ မင်းခေါင်အတွက် ရှင်နှောင်းနှင့်အတူ ယှဉ်တွဲကာ ဘုရားဝတ်ပြုရသည်က ပထမဆုံးမို့ ကြည်နူးမဆုံးဖြစ်နေရှာသည်။ ဘုရားဝတ်ပြုပြီး ရင်ပြင်တော်ပေါ် ပတ်လျှောက်တော့လည်း ရှင်နှောင်း၏ လက်လေးကို ဆုပ်ကိုင်ခွင့်ရပြန်သဖြင့် ကြည်နူးမဆုံး ဖြစ်နေလေ၏။ စောင်းတန်းမှပြန်အဆင်းမှာ ညိုမြစကားစလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်မင်းခေါင် ကျုပ်ဆာလှပြီတော့ မုန့်ဟင်းခါးစားမှာ နော်. ."

"စားပါဗျာ. . စားပါ၊ ကျုပ်မှာပိုက်ဆံ အလုံအလောက် ယူလာပါတယ်ဗျ. ."

ဒီလိုနှင့် မင်းခေါင်တို့ ပွဲဈေးတန်းဆက်လျှောက်ကြသည်။ တိုးမပေါက်အောင်စည်ကားသည့် လူတွေကြားထဲ လူစုမကွဲအောင် တစ်ယောက်လက်တစ်ယောက် တွဲထားကြရသည်။ မင်းခေါင်လည်း ရှင်နှောင်းလက်ကိုဆွဲလိုက်၊ ပုခုံးလေး မသိမသာဖက်လိုက်နှင့် အတော်ကောင်းစားနေ၏။

ညီမြတကျိုကျိုပူဆာနေသည့် မြောင်းမြမုန့်ဟင်းခါးလည်း ဝင်စားကြသည်။ ဗိုက်ဝတော့မှ ပွဲဈေးဆက်လျှောက်ရင်း မျက်လှည့်ပွဲ ဝင်ကြည့်ကြသည်။ ပွဲတန်းကြီးအတွင်း လူတွေကျိတ်ကျိတ်တိုး စည်းကားနေသော်လည်း ဘုရားဖူးသူတစ်ယောက်မှ မရှိတော့သဖြင့် အလှူခံဂေါပကတွေတောင် အလှူခံပုံးသိမ်းပြီး ပြန်သွားကြပြီဖြစ်သည်။ ညကလည်း တဖြည်းဖြည်း နက်လာပြီမို့ ပွဲခင်းထဲမှသာ လူစည်နေတော့၏။

ထိုအချိန်တွင် လူတစ်စုမှာ ဘုရားပေါ်သို့ စောင်းတန်းမှ မတက်ဘဲ နောက်ဘက်တောင်ကုန်းမှတစ်ဆင့် တရွေ့ရွေ့တက်လာနေကြသည်။ သူတို့အုပ်စု လှုပ်ရှားမှုက သွက်လက်လိုခိုးကြောင်ခိုးဝှက် ဆန်လွန်းနေသည်။ ထိုလူအုပ်က ရှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ရှိ၏။ လူမသိအောင် တိတ်တဆိတ်လှုပ်ရှားနေသော သူတို့အုပ်စု ရည်ရွယ်ချက်က ဘာလဲဆိုတာတော့ သူတို့သာလျှင် သိလိမ့်မည်ထင်၏။

မျက်လှည့်ပွဲမှ ရင်ခုန်ရသ အထူးအဆန်းတွေကို ခံစားကြည့်ရှုပြီးနောက် မင်းခေါင်တို့အဖွဲ့ ပွဲဈေးဆက်လျှောက်ကြပြန်သည်။ မင်းခေါင်ပျော်နေသလောက် ဒုက္ခရောက်နေသည်က ရန်လုံသာဖြစ်သည်။

လူကြားထဲတိုးဝှေ့ပြီး မင်းခေါင်နောက် တကောက်ကောက်လိုက်သည်။ ဟိုလူကကာန် ဒီလူကခြောက်နှင့် ရန်လုံမှာ ပွဲခင်းထဲ တဝဲလည်လည်ဖြစ်နေ၏။ မင်းခေါင်ပျောက်သွားတာလည်း ခဏခဏ။ သို့သော် ခွေးပီပီ သခင့်အနံ့ကိုခံကာ ပွဲခင်းထဲမှာ တွေ့အောင်ရှာနိုင်သည်။ မင်းခေါင်ကတော့ မွှန်နေ၍ ရန်လုံကိုပင် မေ့နေလေ၏။

ပွဲဈေးလျှောက်ရင်း အပျော်တမ်း လက်ဝှေ့စင်ဆီရောက်လာကြသည်။ ရွာက ကာလသားတွေ လူရေးလူစ တက်ပြသည့်အနေနှင့် လက်ဝှေ့ပြိုင်နေ၏။ လေးကင်းသံကြားသည်နှင့် မင်းခေါင် သွေးကြွနေပြီဖြစ်သည်။

"ကိုရင်မင်းခေါင်. . တော်. . ထက်ထိုးကြည့်ပါလား"

"အို. . မညိုမြကလဲ. . မဟုတ်တာ. . "

"ဒီမယ် ရှင်နှောင်း၊ ကိုရင်မင်းခေါင်က ဟိုနှမ်းကောင်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဗလကိုတောင် ဆုံးမထားတာ. . သူတို့လောက်တော့ အပျော့ပေါ့. . ”

“စိတ်မပူပါနဲ့ ရှင်နှောင်း ကျူပ်တစ်ပွဲလောက် တက်ထိုးလိုက်ဦးမယ်၊ စင်ပေါ်ကကောင် မာန်တက်နေတာ ကြည့်မရလို့. . ”

“အို. . မလုပ်ပါနဲ့ ကိုမင်းခေါင်ရယ်. . ”

“ရတယ် ရှင်နှောင်း. . ဘာမှမဖြစ်စေရဘူး ခဏလေးရယ်”

မင်းခေါင်း အင်္ကျီချွတ်ပြီး ရှင်နှောင်းအား ပေးခဲ့ကာ စင်ပေါ်တက်သွား၏။ လက်ခုပ်သံတွေ တဖြောင်းဖြောင်းထွက်လာသည်။ ဒိုင်၏ခွင့်ပြုချက်ရသည်နှင့် လက်ဝှေ့ထိုးခြင်း စတင်တော့သည်။ စင်ပေါ်မှာ တစ်ပွဲနိုင်ပြီး မာန်တက်နေသူက တခြားရွာမှဆိုတော့ မင်းခေါင်ကို အားပေးသူများနေ၏။

ပွဲစသည်နှင့် တရွာသားက တရပ်စပ်ထိုးနှက်တိုက်ခိုက်သည်။ မင်းခေါင်က ရှောင်လိုက်တိမ်းလိုက် ပုတ်ထုတ်လိုက်နှင့် အခြေအနေကို အကဲခတ်နေ၏။ ပိုင်လောက်မှ တစ်ချက်တစ်ချက် လှမ်းထိုး၏ ထိုးတိုင်းလည်းထိသဖြင့် လက်ခုပ်သံက ပိုကျယ်လာသည်။ တဖြည်းဖြည်းနှင့် ထိချက်များလာတော့ တရွာသား မျက်ကွင်းတစ်ဖက် ညိုလာသည်။ ဒီတော့ ဒေါသတကြီး ဖြစ်လာပြီး မဆင်မခြင် လိုက်ထိုးသည်။ ထိုအခါ ပို၍အမှားများလာ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်အတွက် အခွင့်အရေးတွေ ပိုရလာသည်မို့ အပိုင်ထိုးသတ်နေရာ တဖက်လူ ပိုအထိနာလာသည်။ ထိုလူ ရှုက်ရမ်းရမ်းပြီး ပြေးအဝင်မှာ မင်းခေါင်က ခြေထောက်နှင့်လှမ်း တားလိုက်၏။ အရှိုက်ကိုထိသွားသဖြင့် ကုန်းကွကွ ဖြစ်နေစဉ် မင်းခေါင်က ထိုလူ့ခေါင်းကိုလှမ်းဆွဲကာ ချုပ်ပြီး ဒူးနှင့်တိုက်လိုက် သည်။

ချက်ကောင်းထိသွားသဖြင့် နှာခေါင်းထဲမှ သွေးဖြာကျ လာကာ ဗိုင်းခနဲ လဲသွားတော့၏။ သွေးထွက် အရှုံး၊ ကွဲလျှင် အရှုံးဆိုတော့ မင်းခေါင် အနိုင်ရခဲ့တော့သည်။ ရှင်နှောင်းမှာ ချစ်သူကို အထင်ကြီးအားကိုးသွားဟန်နှင့် လက်နှစ်ဖက်လုံး နီရဲနေအောင်ပင် လက်ခုပ်တီး အားပေးရှာသည်။

မဖြစ်စလောက် ဆုငွေလေးယူကာ ပြန်ဆင်းလာသည့် မင်းခေါင်လည်း ချစ်သူရှေ့မှာ အစွမ်းပြခွင့်ရသဖြင့် မြှောက်ကြွ မြှောက်ကြွ ဖြစ်နေလေတော့၏။

ထိုအချိန်တွင် ဘုရားကုန်းမှ တိတ်တဆိတ် တက်လာ သောလူစုမှာ ဘုရားပေါ်ရောက်လာပြီဖြစ်သည်။ ရင်ပြင်တော် ပေါ် ရောက်တော့လည်း ခိုးကြောင်ခိုးဝှက် အမူအရာကမ ပျောက်၊ အမှောင်ထုကို အကာအကွယ်ယူကာ ခိုးကြောင်ခိုးဝှက် နှင့် စေတီတော်နား ကပ်လာကြ၏။ ရှစ်ယောက်အုပ်စု ခေါင်းဆောင် ဆိုင်ကာ တာဝန်ခွဲဝေနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဒေဝတို့အဖွဲ့က ဌာပနာဖေါက်ကြမှာနော်. . ကျုပ်တို့က ကြေးဆင်းတုတော်တွေသယ်မယ်. . "

"ဟုတ်ပြီ အားလုံးမြန်မြန်ထက်ထက်လုပ်ကြ. . ကဲ. . စတော့"

ဖွတ်ထွက်မှ တောင်ပို့မှန်းသိ. . ဆိုသလို သူကြီးသား အောင်ဗလနှင့် ဆရာဒေဝတို့ ပူးပေါင်းမိပြီး မလုပ်သင့်မလုပ်ထိုက်တာတွေ လုပ်နေကြပြီဖြစ်သည်။ ဒေဝတို့အုပ်စု တူရွင်းတွေ ဂေါ်ပြားတွေထုတ်ပြီး ဘုရားကိုဖြိုဖျက်၍ ဌာပနာဖေါက်ကြသည်။

အောင်ဗလနှင့် အပေါင်းအပါတို့လည်း စေတီတော်မုခ်လေးမုခ်မှ ကြေးဆင်းတုတော်တွေကို ပလ္လင်ပေါ်မှ ဆွဲချသယ်ထုတ်နေကြပြီ။ ကျောချမ်းဖွယ်ရာ ကောင်းလွန်းလှတော့၏။

တဒုတ်ဒုတ် တဂွပ်ဂွပ်နှင့် ထုနှက်ရိုက်ဖျက်နေကြတာ အချိန်အတော်ကြာခဲ့ပြီ ဖြစ်သည်။ သို့သော် ဘုရားပေါ်မှာ ဂေါပကတွေ၊ တာဝန်ရှိသူတွေ တစ်ဦးမှ မရှိတော့သည့်အတွက် လူယုတ်မာတို့ အခွင့်အရေးရနေ၏။

ကံကြမ္မာအနေအထားက ကောင်းမှုနှင့် မကောင်းမှုငါးဆယ်ရာနှုန်းစီ ဖြစ်လာသည်လား မပြောတတ်၊ စောင်းတန်းတွင်း မှုံမှုံနှင့်အိပ်ပျော်နေသော ကဖော်သမားတစ်ယောက် ထုရိုက်သံများကြောင့် လန့်နိုးလာသည်။ နိုးတဝက် မှုံဝေဝေကြီးနှင့် အရက်သမား. . အခြေအနေကို စူးစမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်ပေါ် မည်းမည်းအရိပ်တွေ ဥဒဟိုသွားလာနေကြတာမြင်တွေရသဖြင့် အမူးပြေကာ ထိတ်လန့်လာ၏။ ဘုရားပေါ်သရဲတွေ တက်နေပြီထင်ပြီး ကြောက်လန့်ကာ ထွက်ပြေးဖို့ကြံစည်တော့၏။ ထိုစဉ် သူရှိရာ စောင်းတန်းထဲ အရိပ်မည်းတချို့ ဝင်လာတာတွေ့၍ တိုင်ကွယ်ပြီး ပုန်းနေရသည်။

"ဟော့ကောင်တွေ မြန်မြန်လုပ်၊ ဒီတစ်ဆူသယ်ပြီးရင်ပြီးပြီ"

သရဲမဟုတ်ဘဲ လူဖြစ်နေမှန်း စကားပြောသံကြောင့် သိသွားသဖြင့် ငမူး မျက်လုံးကျယ်သွား၏။ လုပ်ရပ်များကို ဆက်စောင့်ကြည့်မှ ဆင်းတုတော်တွေ ခိုးယူနေကြမှန်း သိသွားပြီးထိတ်လန့်သွားရသလို အလွန်အမင်းလည်း ဒေါသထွက်လာသည်။

တစ်ရွာလုံး ဘုရားပွဲမှာပျော်နေတာကို အခွင့်ကောင်းယူပြီး ကျူးလွန်မှန်းသိ၍ ရွာထဲအရောက်သွားကာ အကျိုးအကြောင်းပြောပြမှ ဖြစ်တော့မည်မှန်း သဘောပေါက်သွား၏။

ဘုရားသူခိုးတွေအလစ်မှ ငမူး ရင်ပြင်ကိုဖြတ်၍ စောင်းတန်းဆီသို့ပြေး၏။ ဒါကို အောင်ဗလမြင်သွားကာ ဒေဝတို့အဖွဲ့အား အော်ဟစ်သတိပေးသည်။ ရွာထဲသတင်းသွားပေးမည့်သူတို ဒေဝတို့အဖွဲ့ ဆီးကြိုစောင့်ကာ မားဖြင့်ခုတ်သတ် နှုတ်ပိတ်သိုက်ကြ၏။

အောင်ဗလတို့အဖွဲ့၏ လုပ်ရပ်ကတော့ ကမ်းကုန်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဒေဝတို့ရှာသည့် ဘုရားဌာပနာတွေလည်း တွေ့ပြီမို့ အားလုံးသိမ်းကျုံးစုဆောင်းကာ ဘုရားပေါ်မှ ပြန်လည်ထွက်ခွာသွားကြတော့သည်။

အချိန်က ညအတော်နက်နေပြီမို့ မင်းခေါင်လည်း ရှင်နှောင်းတို့ကို အိမ်ပြန်ပို့ရတော့မည်။ သမီးရည်းစားဘဝ ပထမဆုံး ဆုံတွေ့မှုကတော့ အမှတ်ရစရာတွေ တသီတတန်းကြီးနှင့် မမေ့ရက်နိုင်စရာအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်သည်။ လက်တွဲမဖြုတ်စတမ်း ရင်ခုန်နွေးထွေးစွာနှင့် ပြန်လာသော မင်းခေါင်တို့ချောင်းစပ်နားအရောက်တွင် မသင်္ကာစရာ လှုပ်ရှားမှုတချို့ကို သတိပြုမိကြ၏။ ရန်လုံကလည်း ဟောင်သည်။

"ခိုးကြောင်ခိုးဝှက်နဲ့ ဘယ်သူတွေလည်း မသိဘူး. ."

ညိုမြက စပ်စပ်စုစုနှင့်ပြောဆိုရင်း ဓာတ်မီးဖွင့်ကာ လှမ်းထိုးလိုက်သည်။ ဓာတ်မီးအလင်းရောင်အောက်တွင် အောင်ဗလနှင့် ဒေဝတို့အုပ်စုကို ရှင်းရှင်းလင်းလင်း တွေ့လိုက်ရ၏။

"ဟင်. . ဘုရားဆင်းတုတော်တွေကို လှေနဲ့သယ်မလို့ပါလား ဘာလုပ်ကြတာလဲ မသိဘူး. ."

"ဟင်. . အဲဒါ ရှေးဟောင်းဆင်းတုတော်တွေ၊ ရောင်းစားဖို့ ခိုးလာကြတာထင်တယ်"

"ဟင်"

မင်းခေါင် ပြောလိုက်တော့မှ သဘောပေါက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင်နှောင်းတို့ ထိတ်လန့်တကြား ဖြစ်သွားကြ၏။

"ဂွမ်းပုံ. . ဘုရားပွဲမှာ သူကြီးနဲ့လုံခြုံရေးတွေရှိတယ်. . သူတို့ကိုပြောပြပြီး ခေါ်လာခဲ့. . သွား. . သွား"

မင်းခေါင်းက အကွက်မြင်စွာ ခိုင်းစေလိုက်၍ ဂွမ်းပုံ နောက်ကြောင်းပြန်လှည့်ကာ ပြေးထွက်သွားတော့၏။ မင်းခေါင် လည်း အောင်ဗလတို့အုပ်စုကို အချိန်မီတားရန် ချောင်းစပ်သို့ ပြေးဆင်းခဲ့သည်။ အောင်ဗလတို့ကလည်း သူတို့လုပ်ရပ် မြင် သူမှန်သမျှ နှုတ်ပိတ်မည် ရည်ရွယ်ပြီး ကျောသိုင်းလွယ်ထား သည့် ဓားများထုတ်ကာ အသင့်စောင့်နေကြ၏။

"ဟေ့ကောင်တွေ မင်းတို့ ဒီဆင်းတုတော်တွေ ဘာလုပ် ကြမလို့လဲ"

"ဘာလုပ်လုပ် မင်းအပူလား၊ မသေချင်ရင် ဝင်မရှုပ်နဲ့ မင်းခေါင်"

"မရှုပ်လို့ ရမလားကွ၊ ဒါ တို့ရွာရဲ့ သမိုင်းအမွေအနှစ် တွေ"

"ဟာ. . စကားများလိုက်တဲ့ကောင်ကွာ. . "

"ရှုပ်တယ် အာစရိ အသေလုပ်ပစ်လိုက်"

ထို့နောက်မှာတော့ တစ်ယောက်နှင့်အများ ဓားများနှင့် သတ်နက်မဲ့ကို အသည်းအသန် တိုက်ခိုက်ကြတော့သည်။ မင်း ခေါင် သိုင်းကျွမ်းသည်ဆိုသော်လည်း တစ်ယောက်နှင့်အများမို့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကြာလာသည်နှင့်အမျှ အရေးနိမ့်လာ၏။

အကြွေးတွေ ဗလပွနှင့် အဖေ့လယ်တွေပါ ယူပေါင်ပြီး ဂျင်ရှုံးထားသော အောင်ဗလ ဆင်ခြင်တုံတရား ကင်းမဲ့အောင် မိုက်တွင်းနက်နေပြီဖြစ်သည်။ ထို့အတွက် တစ်ခုတည်းသော သူ့ ထွက်ပေါက်ကို လာတားသည့် မင်းခေါင်အား အသေသတ်ဖို့ အားထုတ်တော့သည်။ မင်းခေါင်ကလည်း ခေသူမဟုတ်၊ လက်နက်မျိုးစုံနှင့် တိုက်ခိုက်တာကို အချိန်အတော်ကြာ ခုခံနေနိုင်သည်။

ထိုမျှမက တံစဉ်ကိုင်ကာ လှမ်းခုတ်သည့် ဘပွားကို ဖမ်းချုပ်ပြီး ထိုးကြိတ်လှဲသိပ်ကာ တံစဉ်ကိုပင် လုယူလိုက်သည်။ မင်းခေါင်း တံစဉ်လက်နက်ကို ရသွားတော့ ထိန်းချုပ်ရ ပိုခက်ခဲလာ၏။ အချိန်ကြာလာလျှင် ပွဲခင်းထဲကလူတွေ ရောက်လာတော့မည်မို့ တက်သုတ်ရိုက် ထိုးသတ်ကြသည်။

မင်းခေါင် ကံခေချင်တော့ ချောင်းစပ်ကန္တာပြင်မှာ ချော်လဲသည်။ အခွင့်ကောင်းရသွားသော ဒေဝက ခုတ်ပိုင်းလိုက်ရာ ဗိုက်ကိုရှပ်ထိသွားပြီး မင်းခေါင်း ကုန်းထလာခိုက် အောင်ဗလက မင်းခေါင်၏ဇက်ကို ပိုင်းချပစ်လိုက်လေတော့၏။

ခုတ်ချက်ပြင်းလှသဖြင့် မင်းခေါင်ခေါင်းမှာ တိခနဲ ပြတ်ကျသွားသည်။ လှမ်းကြည်နေသော ရှင်နှောင်းနှင့် ညိုမြတို့ အလန့်တကြား အော်ဟစ်ကြသလို ရန်လုံးလည်း တဝုတ်ဝုတ်

www.burmeseclassic.com

www.burmeseclassic.com



ယောင်ကာ ပြေးဝင်သွား၏။ သခင်ကိုဝိုင်းသတ်ကြသည့် လူတွေကို တတ်အားသရွေ့ ကိုက်ခဲကာ လက်စားချေသည်။ ရန်လုံကြောင့် အောင်ဗလတို့ ဖရိုဖရဲဖြစ်သွားကြ၏။

ဘာမှမဟုတ်သည့် ခွေးက စွာကျယ်ကျယ်လာလုပ်နေ၍ အောင်ဗလ ဒေါပွသွားကာ ရန်လုံကိုပါ ခုတ်သတ်လိုက်ပြန်သည်။ ရန်လုံ တဂိန်ဂိန်အော်ညည်းရင်းနှင့်ပင် သခင်ဘေးမှာ ခွေလဲသွားရှာသည်။

"ကဲကွာ. ."

ဒေါသမပြေသေးသည့် အောင်ဗလက မင်းခေါင်၏ ခေါင်းပြတ်ကြီးကို ချောင်းထဲကန်ချလိုက်သေးသည်။

ထိုအခါမှ ရှင်နှောင်းတို့ ပြေးဖို့သတိရသွားကြ၏။

သို့သော် အခါနှောင်းသွားခဲ့ပြီဖြစ်သည်။ အောင်ဗလတို့အုပ်စု ဝိုင်းဝန်းချုပ်နှောင်ခြင်းကို ခံလိုက်ရ၏။ သူတို့က အချိန်မဆွဲဘဲ ခြုံထဲထိုးဆိုက်ဖွက်ထားသော လောင်းလှေများထုတ်၍ လူရော ပစ္စည်းများပါတင်ကာ ထွက်ခဲ့ကြသည်။

လောင်းလှေပေါ် အချုပ်အနှောင်ခံကာ လိုက်ပါလာရသည့် ရှင်နှောင်းလည်း ချောင်းစပ် ဗွက်တောထဲ ခေါင်းတခြား ကိုယ်တခြားနှင့် ဝိညာဉ်ကင်းမဲ့ကျန်ခဲ့ရှာသော ချစ်သူမင်းခေါင်ကို လှမ်းကြည့်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျနေရှာသည်။

အောင်ဗလတို့ထွက်သွားမှ သူကြီး၊ ဦးပု၊ ငါးနှစ်ပါးနှင့်



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးအဖွဲ့များ ရောက်လာကြ၏။ သူ့သားကို ဘုရားခိုးဟု စွပ်စွဲကာ ခေါ်လာသဖြင့် လိုက်လာခဲ့သည့် သူကြီးမှာ လူရိပ်လူယောင်ကိုမျှ မတွေ့ရ၍ အနည်းငယ်စိတ်အေးသွားသည်။

သို့သော် ဦးပဥ္စင်းတပါး ထိုးလိုက်သည့် ဓာတ်မီးရောင်အောက်တွင် ခေါင်းမရှိတော့သည့် ခန္ဓာကိုယ်တခုကိုတွေ့ရ၍ ရင်တုန်ပန်းတုန် ဖြစ်သွားတော့၏။

"ဟင်!. . အမလေး. . အဲ. . အဲဒါ ကိုရင်မင်းခေါင်ပဲ၊ သူ့အတိုကို မှတ်မိတယ်. . ၊ ဒီအတိုင်းဆို သူကြီးရဲ့သားက ရှင်နှောင်းနဲ့ ညီမြကိုပါ ဖမ်းခေါ်သွားတာဖြစ်မယ်. . "

"ဒီမယ် ဂွမ်းပုံ သက်သေမရှိဘဲနဲ့ အရမ်းမစွပ်စွဲနဲ့နော်. . ငါ့သားလုပ်တာ မဟုတ်လို့ကတော့ နင်မလွယ်ဘူးမှတ်. . "

သူကြီးမကျေမနပ်ပြောနေစဉ် ကာလသားတစ်သိုက် ရေကြီးသုတ်ပြာနှင့် ရောက်လာကြပြန်သည်။

"သူကြီး အရက်သမားခင်မောင် ဒဏ်ရာတွေနဲ့ စောင်းတန်းလှေကားက လိမ့်ချလာတာတွေ့လို ပြုစုပြီး မေးကြည့်တာ သူကြီးသားနဲ့ ဦးဒေဝတို့အဖွဲ့ ဘုရားဌာပနာ ဖေါက်သွားတယ်တဲ့. . "

"ဟုတ်တယ် သူကြီး. . စေတီပေါ်က ကြေးဆင်းတုတွေခိုးသွားကြတယ်လို့ပြောတယ်. . "

ကာလသားတွေ ပွတ်လောရိုက်ကာ ပြောကုန်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!. ."

သူကြီးတုန်လှုပ်သွားသလို အားလုံးအကြည့်က သူ့ဆီ စုပြုံရောက်သွားတော့၏။

"အခု ခင်မောင် ဘယ်မလဲ"

"စောင်းတန်းခြေရင်းမှာ သွေးထွက်လွန်ပြီး ဆုံးသွားပြီ"

"ဟာ!. ."

သူကြီးက မယုံချင်. .

"သူကြီး ဘုရားအရင်သွားပြီး စစ်ဆေးကြည့်ရင် ကောင်းမယ်"

"ဟုတ်တယ်. . ဟုတ်တယ်. . သူကြီးရဲ့"

"ဘုရားဥာပနာဖေါက်တဲ့ကောင် တွေ့တဲ့နေရာမှာ အသေသတ်ပစ်ကြ. ."

လူအုပ်က ထိန်းမရအောင် ဒေါပွနေပြီဖြစ်သည်။ ရွာသားအားကို သူကြီးလည်း မလွန်ဆန်နိုင်သည့်အတွက် သတ်သေနှင့်တကွမိလျှင် ဥပဒေအတိုင်း အရေးယူမည်ဟု ကတိပေးကာ ဘုရားဆီသို့ ချီတက်ခဲ့ကြတော့၏။

ငြိမ်သက်စွာ ကျန်နေခဲ့သည့် ချောင်းပြင်ကျယ် ရေအလျဉ်ကြောမှာတော့ မင်းခေါင်၏ ခေါင်းပြတ်ကြီးက မျောလျက်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



မပြေးသော် ကန်ရာရှိ ဆိုသကဲ့သို့ အောင်ဗလတို့အား သက်သေနှင့်တကွ မမိသော်လည်း ဒေဝရော အောင်ဗလပါ ရွာမှာမတွေ့ရသည့်အတွက် သူကြီး ငြင်းဖို့ခက်နေသည်။

ဆရာတော်က ဥာပနာလည်းပျောက် ဘုရားဆင်းတော်တွေလည်း ခိုးခံရသည့်အပြင် ကပ္ပိယမင်းခေါင်ပါ အသတ်ခံရသည့်အတွက် အောင်ဗလကို မိအောင်ဖမ်းပေးဖို့ တောင်းဆိုနေသည်။

ဘုရားပွဲလည်း ပျက်သွားပြီဖြစ်ပြီး တရားခံများကို ဖမ်းနိုင်ရန် မြို့သို့လူလွှတ်၍ ရဲကိုလည်း အကြောင်းကြားရသေး၏။ ဒီနယ်ထဲက ကျော်ပြီးထွက်ပြေးမသွားစေရန် လူစု၍လည်း တော



www.burmeseclassic.com

www.burmeseclassic.com



နင်းရှာနေကြသည်။ ရေလမ်းရော ကုန်းလမ်းပါ နှစ်ခွဖြစ်နေသည်မို့ နှစ်အုပ်စုခွဲ၍ လိုက်ရှာရသည်။

ထိုအချိန်တွင် အောင်ဗလတို့အုပ်စုမှာ တစ်ဖက်ရွာအနီးမှ ဆန်စက်နှင့် ဂိုထောင်ပျက်ကြီးအတွင်း စတည်းချနေကြသည်။ ချိန်းဆိုထားသည့် တစ်ဖက်နိုင်ငံမှ မှောင်ခိုကုန်သည်များနှင့် အဆက်အသွယ်မရသေးချိန်မှာ အောင်ဗလ ရာဂမီးတောက်ပြီး ရှင်နှောင်းကို မဟားဒယားလုပ်ဖို့ ကြံလေတော့သည်။

ထို့အတွက် ဆရာဒေဝနှင့် စကားများကာ အချင်းချင်း စိတ်ဝမ်းကွဲကြသေးသည်။ နောက်ဆုံးတော့ ရှင်နှောင်းနှင့် ညိုမြကို စတိုအခန်းဟောင်းကြီးတစ်ခုအတွင်း ပိတ်လှောင်ထားခြင်းဖြင့် ပြဿနာတစ်ခန်းရပ်သွား၏။

ညီအစ်မနှစ်ယောက် အချင်းချင်းဖက်ပြီး မျက်ရည်ကိုသာ အဖော်လုပ်နေကြရတော့သည်။

သူကြီးနှင့် ရှာဖွေရေးအဖွဲ့များမှာလည်း ယုန်တောင်ပြေး ခွေးမြောက်လိုက်ဆိုသလို ရေလိုက်လွဲနေကြသဖြင့် ရှင်နှောင်းတို့အား မကာယ်တင်နိုင်သလို ဘုရားပိုင်ရတနာများနှင့် တရားခံများကိုလည်း ရှာမတွေ့နိုင် ဖြစ်နေကြ၏။ ရှင်နှောင်းနှင့်ညိုမြတို့၏ မိဘမောင်ဖွားဆွေမျိုးများမှာလည်း သမီးနှစ်ယောက်အတွက် ရတက်မအေးနိုင် ဖြစ်နေကြသည်။ ဒီလိုနှင့် တစ်ရက်လွန်ကာ တစ်နေ့ကူးသွား၏။ အခြေအနေက ဘာမှမထူးခြား. . ။

www.burmeseclassic.com



ထူးခြားသည်က အ,ကာလ ညအခါကျမှသာဖြစ်သည်။ မနေ့ညက တစ်ညတည်းလူနှစ်ယောက် အသတ်ခံထားရသည့်အတွက် တစ်ရွာလုံး အထိတ်တလန့်နှင့် ကျီးလန့်စာစား ဖြစ်နေကြသည်။ ထိုသို့ဖြစ်နေကြသည်ဆိုကာမှ ခွေးတွေကလည်း အဆက်မပြတ် အူ၊ ကျီးတွေကလည်း အခါမဟုတ်ဘဲ ပြိုနေ၍ ပိုပြီး ထိတ်လန့်ချောက်ချားနေကြ၏။

အောင်ဗလ အိပ်ပျော်နေရာမှ မီးအလင်းရောင်ကြောင့် မျက်လုံးများကျိန်းစပ်ကာ နိုးသွားတော့၏။

"ဟေ့ကောင်တွေ ဘယ်သူ မီးခွက်ထွန်းတာလဲ"

ပြန်ထူးသံ မကြားရ၍ ဘေးခြင်ထောင် လှမ်းကြည့်တော့ သူ့အားကျောပေးကာ အိပ်နေသော လူတစ်ယောက်. . ။

"ဟာ. . ဟေ့ကောင်. . ပြောနေတာ မကြားဘူးလား"

ပြောပြောဆိုဆိုနှင့် အောင်ဗလ ခြင်ထောင် ကောက်လှန်လိုက်စဉ်. .

"ဖူး!. . ."

ဆိုသော အသံကြီးသာ ကြားလိုက်ပြီး မီးခွက်ငြိမ်းသွားလေတော့သည်။ ထိုအချိန်တွင် အခန်းတံခါးဖွင့်သံနှင့်အတူ. .

"ဆရာ. . ဆရာ. . ဘာတွေဖြစ်လို့လဲ"

ဝင်လာကြသူများက သူ့တပည့်များဖြစ်သော တုတ်ကြီး၊ ကြွက်နီ၊ ဘပွားတို့ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမီးခွက် ဘယ်သူထွန်းတာလဲကွ"

တပည့်များ ကြောင်သွားကြသည်။

"ဆရာပဲ ထွန်းတာမဟုတ်ဘူးလား၊ ကျွန်တော်တို့သုံးယောက်က အခန်းအပြင်မှာ အခါးရည်သောက်နေကြတာပါ ဆရာရယ်"

"ဟင်. . ဒါဆို ငါ့ခြင်ထောင်မှာ အိပ်နေတာ ဘယ်သူလဲ"

"ဒီအခန်းထဲမှာ ဆရာတစ်ယောက်ထဲ အိပ်နေတာလေ"

တုတ်ကြီးပြောလိုက်တော့ အောင်ဗလ ကြက်သီးမွေးညှင်းပင် ထသွားလေသည်။ စောစောက သူ. . အထင်းသားကြီး မြင်လိုက်ရသည် မဟုတ်ပါလား. . ။

"ဟာကွာ. . မင်းတို့နဲ့ပဲ အခါးရည်လာသောက်တော့မယ်"

ပြောရင်း အောင်ဗလ ကြောက်စိတ်ကို မူးတာဖြင့်ကုစားဖို့ ကြိုးစားရလေတော့သည်။

"အူး!. . အူး!. . ဝူး!. . အူး!. ."

ထိုအချိန်၌ လယ်သမားကြီး ဘအောင်သိုက် အိမ်ရှေ့တွင်လည်း မသတီစရာ ခွေးအူသံကြီးတွေ ပေါ်ထွက်နေ၏။ ဘအောင်သိုက်မှာ အူနေသည့်ခွေးအုပ်ကို လေးခွနှင့်ပစ်ပြီး မောင်းထုတ်ရန် အိမ်ပြင်ထွက်လာလေသည်။ အကျောင်ထုထဲ



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းနေသော ခွေးများကို ပြုံးပြုံးနေအောင်ကြည့်ကာ ရှာဖွေသည်။

အေးအေးဆေးဆေး လမ်းသလားနေသည့် ခွေးတစ်ကောင်တွေ့၍ ခြောက်လှန့်ပစ်ခတ်ရန် လေးခွနှင့်ချိန်စဉ် ဘေးတွင်ပေါ်လာသည့် လူတစ်ယောက်ပုံသဏ္ဌာန်ကြောင့် ဘအောင်သိုက် မျက်လုံးပြူးသွား၏။ အမြင်မှားတာများလား တွေးကာ မျက်လုံးပွတ်ပြီး သေချာကြည့်လိုက်သည့်အခါမှာတော့. . .

"အမလေး. . သရဲ. . သရဲ. . ဗျို့၊ လုပ်ကြပါအုံး ခေါင်းပြတ်သရဲကြီး. .၊ မင်းခေါင်ရော သူ့ခွေးပါ သရဲဖြစ်နေပြီ. . သရဲဗျို့. . သရဲ. ."

ဘအောင်သိုက်၏ အလန့်တကြား အော်သံကြောင့် သူ့အိမ်သားတွေနှင့် အိမ်နီးချင်းတွေ ကြောက်ကြောက်နှင့် ထွက်ကြည့်ကြသည်။ မင်းခေါင် ခေါင်းပြတ်သရဲနှင့် ခွေးသရဲကို ရွာခွေးတွေ ဝိုင်းဟောင်နေကြတာ ပက်ပင်းတွေ့ပြီး အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားကာ တံခါးတွေပိတ် မီးတွေမှိတ်ကာ တစ်ရွာလုံး တိတ်သွားကြတော့သည်။

ခေါင်းပြတ်သရဲမှာ ရွာရိုးကိုးပေါက် လျှောက်နေသဖြင့် တစ်ရွာလုံး အကြောက်ကြီးကြောက်နေချိန် သုသာန်ကျောင်းဆရာတော်၊ တိုက်အုပ်ဦးပဥ္စင်းနှစ်ပါးနှင့် ကိုရင်လေးများသာမှ မသိသေးသဖြင့် အေးအေးဆေးဆေး ရှိနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှ ကပ္ပိယလည်းဖြစ် မွေးစားသားလည်းဖြစ်နေသည့်မင်းခေါင် အသေဆိုးနှင့် ဆုံးပါးသွားရသည့်အတွက် ဝမ်းနည်းမိသော်လည်း တရားရှိသူပီပီ ဆရာတော်ကြီးမှာ သချိုင်းမြေပုံထက်တွင် သီတင်းသုံးလျက် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းရှုမှတ်နေသည်။

ငယ်ရွယ်သေးသည့် ကိုရင်လေးများကတော့ ပူအိုက်တာကို အကြောင်းပြုပြီး ကျောင်းနောက်ဖက် ရေခိုးဆိပ်တံတားပေါ်တွင် စုထိုင်ကာ ရေဆင်းကူးရင်း ဆော့ဖို့တိုင်ပင်နေကြ၏။

"လသာတာပဲ ရေကူးရင်း ဘောလုံးပစ်တမ်း ဆော့ရရင်ကောင်းမယ် ကိုရင်"

"ဘောလုံးမှ မရှိတာ. ."

"အုန်းသီးခြောက်တွေ ရှိတယ်လေ ရေပေါ်ပေါ်တာပဲဟာ"

"အေး. . ကောင်းတယ် . ."

ကိုရင်(၄)ပါး စိတ်တူကိုယ်တူနှင့် ချောင်းထဲဆင်းကာ ရေကူးရင်း အုန်းသီးခြောက်နှင့် ပစ်ပေါက်ဆော့ကစားကြတော့သည်။ ခွေးရူးလိုက်သူကိုရင်လေး မမိအောင် ကျန်ကိုရင်(၃)ပါးတ အုန်းသီခြောက်အား တစ်လှည့်စီ လှမ်းပစ်ပေးနေကြ၏။ ထိုသို့ဆော့ကစားရင်း အုန်းသီးခြောက် အဝေးသို့ရောက်ကာ ရေနှင့်မျောပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အုန်းသီးနောက်သို့ ကိုရင်တွေ အပြိုင်အဆိုင်ရေကူးရင်း လိုက်ဆယ်ကြသည်။ လက်လှမ်းမီလာသည့် ကိုရင်တစ်ပါး အုန်းသီးခြောက်အား ဆွဲယူလိုက်၏။ ထူးထူးဆန်းဆန်းပင် အုန်းသီးခြောက်က ရေထဲမြုပ်သွားသည်။

ကိုရင်လေး ရေထဲလက်နှိုက်စမ်းတော့ တွေ့သဖြင့် ဆွဲယူကာ ရေချိုးဆိပ်တံတားပေါ် သို့ ပြန်ပစ်လိုက်သည်။ ကိုရင်တွေ နောက်ကြောင်းပြန်လှည့်ပြီး ကူးကြပြန်၏။

ထို့နောက် ကိုရင်တစ်ပါး တံတားပေါ် တက်ပြီး အုန်းသီးခြောက်အား ကိုင်မြှောက်ရင်း ပစ်ပေးဖို့ ဟန်ပြင်စဉ် ကျန်ကိုရင်တွေ အလန့်တကြား အော်ဟစ်ကြတော့လေ၏။

"ဟာ!. . ခေါင်း. . ခေါင်းပြတ်ကြီး"

"ကိုရင့်လက်ထဲကဟာ အုန်းသီးခြောက် မဟုတ်ဘူး"

ခေါင်းပြတ်အား ကိုင်ထားသည့် ကိုရင်လေးက တခြားကိုရင်တွေ အလန့်တကြား ပြောနေကြတာကို နားမလည်၍ သူ့လက်ထဲမှ အုန်းသီးခြောက်အား ကြည့်လိုက်ရာ. .

"ဟင်!. . အောင်မလေး ခေါင်းပြတ်ကြီး. . "

အသည်းပြုတ်ထွက်မတတ် ထိတ်လန့်သွားသည့် ကိုရင်လေး မင်သက်မိနေစဉ် ခေါင်းပြတ်ကြီး လှည့်လာပြီး ကိုရင်လေးအား ပြုံးပြလိုက်၏။ အကြီးအကျယ် ချောက်ချားသွားသည့် ကိုရင်လေးမှာ ခေါင်းပြတ်ကြီးအား လွှတ်ချလိုက်ရာ ရေချိုးဆိပ်



www.burmeseclassic.com

www.burmeseclassic.com



တံတားပေါ် ပြုတ်ကျပြီး တလိမ့်လိမ့် လိမ့်သွားတော့သည်။

အလန့်တကြား အော်ဟစ်သံများ ဆူညံပွက်လောရိုက်သွားသည်မို့ သုဿန်ထဲမှဆရာတော်နှင့် ကျောင်းပေါ်မှ ဦးပဥ္ဇင်းနှစ်ပါး ရောက်လာကြ၏။ တံတားပေါ်မှ ခေါင်းပြတ်ကြီးကို မြင်ကြသဖြင့် အဖြစ်အပျက်ကို သဘောပေါက်သွားပြီး ဦးပဥ္ဇင်းတစ်ပါးက ကောက်ယူကာ ခပ်ဝေးဝေး ချောင်းရေပြင်ထဲသို့ လွှင့်ပစ်လိုက်၏။ ထိုအခါမှပဲ ကိုရင်တွေ ရေထဲက အပြေးအလွှားတက်လာကြတော့သည်။

ဆရာတော် တရွေ့ရွေ့မျောပါသွားသည့် မင်းခေါင်၏ ခေါင်းပြတ်ကြီးကို လှမ်းမျှော်ကြည့်ရင်း မေတ္တာပို့ကာ အမျှဝေနေလေ၏။ ဦးပဥ္ဇင်းနှစ်ပါးလည်း ဆရာတော်နှင့်အတူ မေတ္တာပို့ပေးကြ၏။ အကြောက်လွန်နေသည့် ကိုရင်လေးတွေ တုတ်တုတ်မှ မလှုပ်ရဲတော့။ သူတော်စင်ဆရာတော်ပင် မင်းခေါင်အား သနားဝရုဏာသက်ပြီး မျက်ရည်ဝဲနေလေတော့၏။

"အင်း. . ကံဆိုးလိုက်တာ မင်းခေါင်ရယ်. ."

မင်းခေါင်၏ ခြောက်လှန့်မှုက ထိုမျှနှင့်မပြီးသေး။ ရေထဲမျောသွားသည့် ခေါင်းပြတ်ကြီးက ဟိုဒိုက်ပုံနှင့်တိုး၊ ဒီသစ်ကိုင်းနှင့်ငြိ၊ ငြိမ်သည့်အခါငြိမ်၊ ရေစီးအတိုင်း မျောသည့်အခါမျောနှင့် ခရီးဆက်လျက်ရှိနေသည်။

ထိုအချိန်တွင် ညဘက်ငါးအရှာထွက်သည့် တံငါသည်



www.burmeseclassic.com

www.burmeseclassic.com



လင်မယားမှာ လောင်းလှေကို အားစိုက်လှော်ခတ်ရင်း တရွေ့ရွေ့ ဆန်တက်လာနေသည်။ ဝမ်းရေးကြောင့် မဖြစ်မနေ ထွက်လာခဲ့ရသော်လည်း လင်မယားနှစ်ယောက်စလုံး တွေးကြောက်လျက် ကျီးကြည့်ကြောင်ကြည့် ဖြစ်နေကြ၏။

"ခေါင်းပြတ်သရဲ မင်းခေါင်နဲ့ တိုးနေဦးမယ် ယောက်ျားရယ်. . "

"ပူရန်ကောကွာ၊ အဲဒီသရဲက ရွာရိုးလျှောက်နေမှာပါကွ၊ ချောင်းထဲလာမှာ မဟုတ်ပါဘူး. . "

ကြောက်၍ စကားစလာသော ဇနီးသည်အား ကြံ့ဖန်ဖြေသိမ့်လိုက်သည့် လင်ယောက်ျားကိုယ်တိုင်လည်း ချောက်ချားလို့နေသည်။ သို့သော်လည်း အလုပ်ကအလုပ်ပဲမို့ ရေစီးသံကြားမှ ငါးပွက်သံကိုနားစွင့်ကာ လှော်တက်ချပြီး ပိုက်ကွန်ပစ်လိုက်သည်။ ဇနီးသည်က ပဲ့ပိုင်းမှထိန်းကာ ဆက်လှော်လာ၏။ ရေဆန်မို့ လှေက ရှေ့မတိုး နောက်မဆုတ် ငြိမ်သက်လို့နေသည်။

ခဏအကြာမှာ တံငါသည်က ရေထဲမှ ပိုက်ကိုပြန်ဆွဲတင်လိုက်၏။ လှေပေါ်ပိုက်ရောက်လာသည်နှင့် ဇနီးဖြစ်သူက မီးအုပ်ဆောင်းကို မြှောက်ကိုင်ကာ ပိုက်ထဲဘာငါးတွေ ပါသလဲဆိုတာ ကြည့်သည်။ တံငါသည်မိန်းမ တွေ့လိုက်ရသည်က ငါးတွေမဟုတ်ဘဲ ခေါင်းပြတ်ကြီးဖြစ်နေလေ၏။

"ယောက်ျား. . ခေါင်း. . ခေါင်းပြတ်ကြီး မင်းခေါင်. .



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်ခေါင်းကြီး. . .”

“ဟော!!. .”

တံခါသည်ယောက်ျားလည်း ပိုက်ကိုဆွဲမ၍ ရေထဲပြန်ခါချသည်။ ခေါင်းပြတ်ကြီး ပိုက်ထဲမှ လွတ်ထွက်မျောပါသွားပြန်၏။ တံငါသည်လင်မယား ငါးမရှာနိုင်တော့၊ နီးရာကမ်းစပ်သို့ လှေဦးတင် ထိုးဆိုက်ကာ ထွက်ပြေးကြလေတော့၏။

ထိုစဉ်မှာ ရွာရိုးလျှောက်နေသည့် မင်းခေါင်၏ ခေါင်းမပါ ငုံးတိတိ ခန္ဓာကိုယ်ကြီးမှာ စားဒဏ်ရာများနှင့်ရန်လုံအား အဖော်ပြုလျက် ချောင်းဘက်ဆီသို့ လှမ်းလာနေကြ၏။ ဖြစ်ချင်တော့ကြုံသလို ဖါးရိုက်ရင်း ဟင်းစားရှာနေကြသော ဖျောက်ဆိတ်နှင့် မှုဝံ ညီအစ်ကိုက မြှုံးထောင်ဖို့ ထွက်လာတာနှင့်ကြုံသည်။

ရွာလယ်ချောင်းကူးတံတားနားအရောက် တံတားပေါ်မတက်ဘဲ ချောင်းစပ်ဆင်းလာကြသည်။ ချောင်းစပ်မှ မြှုံးထောင်သူထောင်၊ ဖါးရှာသူရှာနှင့် ရွာဓလေ့အတိုင်း ပျော်မွေ့နေကြ၏။ သူတို့က လူငယ်တွေပီပီ အကြောက်အလန့်တော့ သိပ်မရှိ အေးအေးဆေးဆေး ကိုယ့်အလုပ်ကိုယ်လုပ်နေကြ၏။

ထိုအချိန်မှာ ခေါင်းမပါသော မင်းခေါင်ကိုယ်လုံးကြီးနှင့် ရန်လုံတို့ တံတားပေါ်ရောက်လာကြသည်။ ရန်လုံက ရေထဲစိုက်ကြည့်ရင်း စူးစူးဝါးဝါး ထိုးဟောင်သည်။ ခွေးဟောင်သံကြောင့် ဖါးရှာ,မြှုံးထောင်နေသော မှုဝံတို့ညီအစ်ကိုနှစ်ယောက် အသံ



www.burmeseclassic.com

www.burmeseclassic.com



လာရာ လှမ်းကြည့်လိုက်သည်။

ခပ်ပါးပါး လရောင်အောက်မှာ သူတို့မြင်လိုက်ရသည်က ခေါင်းမပါသော လူတစ်ယောက်နှင့် ခွေးတစ်ကောင်ဖြစ်နေသည်။ မူဝံ အူကြောင်ကြောင်ဖြစ်သွား၏။

"ဟော့ကောင် ဖျောက်ဆိတ်. . ဟို. . ဟိုမှာ"

"အေး. . တွေ့တယ်၊ တို့ကို မင်းခေါင် ခြောက်နေပြီ"

သူတို့ထွက်မပြေးဘဲ ရဲရဲတင်းတင်း ဆက်ကြည့်နေစဉ်မှာပင် ခေါင်းပြတ်သရဲ၏လက်တစ်ဖက် ရှည်ထွက်လာပြီး သူတို့ ထောင်ထားသည့် မြုံးတွေနားထိ ရောက်ချလာသည်။ ဒါကိုမြင်တော့ ညီအစ်ကိုနှစ်ယောက် နည်းနည်းတော့ ဖြုံသွားကြသည်။ ထိုသရဲလက်ကြီးက ချောင်းစပ်မှ ဒိုက်ပုံကို ဖြဲပြီး တစ်ခုခုကို ရှာဖွေနေ၏။ နောက်ဆုံးမှာတော့ သရဲလက်ကြီးက သူလိုချင်တာ တွေ့သွားကာ ဆွဲယူလိုက်တော့သည်။

ထိုအရာကား သူ၏ ခေါင်းပြတ်ကြီးပင် ဖြစ်လေ၏။ ခေါင်းပြတ်သရဲက သူကိုယ်တိုင် ပြန်ရှာထားသော သူ့ခေါင်းပြတ်ကြီးကို မူဝံတို့ညီအစ်ကိုနှစ်ယောက်ရှေ့မှာ ဝံပြ၏။ ခေါင်းပြတ်ကြီး ပါးစပ်လှုပ်လာပြီး ပြုံးပြလိုက်သည့်အခါမှာတော့ ညီအစ်ကိုနှစ်ယောက် မခံစားနိုင်ကြတော့. . ။

"ဟီးဟီး. ."

"အောင်မလေးဗျ. . ကြောက်ပါပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



အော်ဟာစ်ကာ သုတ်ခြေတင် ထွက်ပြေးကြတော့သည်။ ဒါကို မင်းခေါင်၏ ခေါင်းပြတ်ကြီး သဘောကျစွာနှင့် တဟားဟား အော်ရယ်နေ၏။ ပြီးတော့မှ ခေါင်းပြတ်ကြီးကို မူလ လည်ပင်း ငုတ်တိုနေရာတွင် ပြန်စွပ်လိုက်သည်။

သို့သော် ပြောင်းပြန်ကြီးဖြစ်နေသေး၏။ မင်းခေါင်က ပုံမှန်ပြန်ဖြစ်သွားရန် လက်နှစ်ဖက်နှင့် သူ့ခေါင်းသူ နေသားတကျ ဖြစ်အောင် ဆက်နေလေသည်။ ရန်လုံက သူ့သခင်၏ လုပ်ရပ်ကို ကြည့်ရင်း တဝုတ်ဝုတ်နှင့် အားပေးနေ၏။

ခေါင်းနှင့်ကိုယ် ပြန်လည်တွဲဆက်သွားသော်လည်း လည် ပင်းမှ သွေးစို့နေသည့် ပြတ်ရှရာကြီးကတော့ ကျန်နေသေးသည်။ သို့သော် မူလက မင်းခေါင်ပုံစံအတိုင်း ပြန်ဖြစ်သွား၍ ကြည့်ပျော် ရှုပျော်ဖြစ်သွားသည်။

အင်္ဂါစုံသွားသော မင်းခေါင် ရွာလယ်ချောင်းကူးတံတား ကို ဖြတ်ပြေးသည်။ ရန်လုံလည်း ခုန်ပေါက်၍ မြူးတူးစွာ လိုက် လာလေ၏။ သူတို့ သုသာန်ကျောင်းသို့ ပြန်လာခြင်းဖြစ်သည်။

သုသာန်ထဲအဖြတ်မှာပင် တရားထိုင်နေသည့် ဆရာ တော်ကို တွေ့လိုက်၍ အပြေးရပ်ကာ ဖြည်းဖြည်းလျှောက်၍ အနားတိုးလာသည်။ ဆရာတော်ရှေ့မှာ ဒူးတုပ်ထိုင်ချလိုက်၏။ ပြီးတော့ ထိခြင်းငါးပါးနှင့် ရိုသေစွာ ဝတ်ပြုရာသည်။ ရန်လုံလည်း မင်းခေါင်ဘေးမှာ ခြေစုံဝပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် မျက်လွှာဖွင့်အကြည့် . . မင်းခေါင်ကလည်း ထိုင်ကန်တော့နှင့် ပက်ပင်းဆုံသွားသော်လည်း ကန်တော့ရန် တုန်းလိုက်သော မင်းခေါင်ခေါင်းမှာ ဆရာတော်ရှေ့သို့ ပြုတ်ကျတာ လိမ့်သွားလေတော့သည်။

"ဟင်! . . "

ရုတ်တရက်မို့ ဆရာတော် မျက်လုံးပြူးသွားရသည်။

"သြော် . . မင်းခေါင် . . မင်းခေါင် ဒုက္ခကြီးလိုက်ပါဘိတွယ်၊ မင်း ဘာကိုများစွဲလမ်းနေလို့ ဘဝမကူးနိုင်သေးတာလဲ"

"မှန်ပါ ဘုရား၌ာပနာဖေါက်တဲ့ လူယုတ်မာအောင်ဗလတာ ရှင်နှောင်းတို့ ညီအစ်မကိုပါ ဖမ်းသွားပါတယ်ဘုရား"

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ သူ့သဘောသူဆောင်နေတာ ရှေးကံအတိုင်း အကြောင်းရှိလို့ အကျိုးဖြစ်နေတာ မင်းနဲ့က ဘဝခြားသွားပြီပဲ မဆိုင်တော့ဘူး . . . ကိုယ့်လမ်းကိုယ်လျှောက်ပါ မင်းခေါင်"

"တပည့်တော် အောင်ဗလကို လက်စားချေရမှ ကျေနပ်မှာပါဘုရား၊ ရှင်နှောင်းတို့ကိုလည်း ကယ်ချင်သေးတယ်ဘုရား"

"ဟယ် . . . မိုက်လိုက်တဲ့ မင်းခေါင်နှယ်၊ ဒီအတိုင်းဆိုနှင် အပယ်လားတော့မပေါ့"

"လားပါစေတော့ ဘုရား"

မင်းခေါင်းက သူ့ခေါင်းသူကောက်ယူကာ ပြန်တပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုင်း. . ဆုံးမ,မရလည်း မင်းထိုက်နဲ့မင်းကံပဲ လုပ်ချင် သလိုသာလုပ်တော့"

ဆရာတော်က စိတ်ပျက်သွားဟန်နှင့် တရားထိုင်နေရာ မှထကာ ကျောင်းဘက်သို့ လျှောက်သွားတော့၏။ လက်အုပ် ချီကာ ကျန်ခဲ့သည့် မင်းခေါင်က. .

"သံသရာရှည်တော့မယ် ငမိုက်သားကို ခွင့်လွှတ်လိုက် ပါ ဆရာတော်ဘုရားရယ်. . ."

တီးတိုးတောင်းပန်ရင်း ထိုနေရာမှ မင်းခေါင် လှည့် ထွက်ခဲ့သည်။ သူဘယ်သွားသွား တစ်ဖဝါးမှ မခွာဘဲ လိုက်လာ သူက ရန်လုံသာဖြစ်သည်။ ညဉ့်နက်နေပြီဖြစ်၍ သူတို့ကိုမြင် ပြီး လန့်အော်မည့် ရွာသူရွာသားများလည်း မရှိတော့သည်မို့ အနှောင့်အယှက်မရှိ သွားလာလို့ရနေသည်။

သိပ်မကြာသည့်အချိန်အတွင်းမှာပင် သူသွားလိုရာသို့ မင်းခေါင် ရောက်လာသည်။ ထိုနေရာက ပယောဂဆရာ ယက္ခ ၏ အိမ်ဖြစ်၏။ ယက္ခတို့ဆရာတပည့်တွေ အိပ်မောကျနေကြပြီ ဖြစ်သည်။ ထို့အတွက် မင်းခေါင်က လေတွေတိုက်အောင် ပြုလုပ် လိုက်သည်။

"ဝေါ!. . ဝီး!. . ဝေါ!. ."

ယက္ခအိမ်တစ်အိမ်ထဲ လေဒဏ်ခံရ၍ တဝုန်းဝုန်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်မို့ အိမ်ထဲကလူတွေ လန့်နိုးပြီး ထွက်ကြည့်ကြ၏။ မင်းခေါင်နှင့် ခွေးလေးရန်လုံကို တွေ့သည်။ တစ်နေရာတည်း ကွက်၍ တိုက်နေသည့်လေလည်း ငြိမ်သွား၏။

"အချိန်မတော်ကြီး မင်းခေါင်ရာ၊ ဆရာတော် နေမကောင်းလို့လား"

"မဟုတ်ဘူး အောင်ဗလကို သွားရှာပြီး ရှင်နှောင်းကို ကယ်မလို့. ."

စကားတွေ အပြန်အလှန်ပြောပြီးမှ ဆိတ်သိုးက မင်းခေါင် အသတ်ခံထားရတာကို သတိရသွားကာ. .။

"ဟာ!. . မင်း. . မင်းက သေပြီပဲ. . အောင်မလေး သရဲ သရဲမင်းခေါင်. . သရဲဗျို့. ."

အားလုံး ကြောက်လန့်တုန်လှုပ်သွားကာ ဆရာယက္ခ နောက်သို့ ဝင်ပုန်းကြ၏။

"မကြောက်ပါနဲ့ဗျာ ဘာမှမလုပ်ပါဘူး၊ အောင်ဗလတို့ကို ကျုပ်တစ်ယောက်တည်း နိုင်မှာမဟုတ်ဘူး ခင်ဗျားတို့ အကူအညီ လိုတယ်"

"မကူညီနိုင်ဘူး. . ကြောက်တယ်ကွ. ."

အသာတကြည်ပြောလို့ရမှာ မဟုတ်မှန်းသိ၍ မင်းခေါင် သူ့ခေါင်းသူဖြုတ်ပြီး လှမ်းပစ်လိုက်တော့၏။ ခေါင်းပြတ်ကြီး ဝဲပျံကာ ယက္ခတို့နား ရောက်လာသည်။ အားလုံးကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com



တကြားနှင့် အော်ကြဟစ်ကြတာ ကမ္ဘာပျက်သလို ဖြစ်နေ၏။

သူတို့အနားရောက်လာသော ခေါင်းပြတ်က. .

"ကျုပ်နဲ့ မလိုက်ခဲ့ဘူး မကူညီဘူးဆိုရင်. . အားလုံးကို ဂုတ်ချိုးသတ်ပစ်မယ်. ."

"အမလေး. . မလုပ်ပါနဲ့ မင်း. . မင်းခေါင်ရယ်"

မင်းခေါင်တကယ်လုပ်မည်ဆိုတာသိပြီး ဆရာယက္ခတို့အဖွဲ့ မင်းခေါင်နှင့်အတူ လိုက်လာကြ၏။ အားလုံး လက်နက်ကိုယ်စီတော့ ဆောင်လာကြသည်။

ဤသို့ဖြင့် ရွာကိုလွန်၍ ဆန်စက်ဟောင်းနှင့် ဂိုဒေါင်ပျက်ဆီသို့ ရောက်လာခဲ့သည်။

"ဒီထဲမှာ သူတို့အုပ်စုရှိတယ်၊ လူတော့များတယ်နော်ကျုပ်ဝင်ပြီး ရှုတ်ရှုတ်သည်းသည်းဖြစ်အောင်လုပ်မယ်၊ ခင်ဗျားတို့က ရှင်နှောင်းကိုရှာပြီး ကယ်ထုတ်"

အစီအစဉ်တွေ စည်းဝါးကိုက်ပြီး မင်းခေါင်နှင့် ရန်လုံးတို့ ဆန်စက်ဟောင်းထဲ ဝင်သွားကြသည်။ ဒေဝ၏တပည့်များနှင့် အောင်ဗလ၏တပည့်များ မင်းခေါင်ကိုမြင်တော့ အလန့်တကြား ဖြစ်သွားကြ၏။ အများနှင့်တစ်ယောက်မို့ သရဲလည်း မကြောက် ဟန်နှင့် ခေါင်းပြတ်ပြီး မသာပေါ်ခဲ့တာတောင် မလျှော့သေးဘူး လားဟု ကြိမ်းကာ ဓားကိုယ်စီထုတ်၍ ဝိုင်းခုတ်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်ကလည်း တံစဉ်နှင့်ခုခံ၏။ လူတွေခုတ်သမျှ ဓားချက်က မင်းခေါင်အား ဘယ်လိုမှ ဒုက္ခမပေးနိုင် လုံးဝအရာ မရောက်ဘဲ ဖြစ်နေသည်။ မင်းခေါင်၏ တံစဉ်ကသာ တုတ်ကြီးနှင့် ကြွက်နီတို့ကို ဝိညာဉ်နှုတ်သွား၏။ ကျန်သူတွေလည်း ဖရိုဖရဲ အလဲလဲအကွဲကွဲ ဖြစ်ကုန်သည်။

ထိုအချိန်မှာ အောင်ဗလက စတိုခန်းထဲမှာ ရှင်နှောင်းအား အဓမ္မအပိုင်သိမ်းဖို့ အားထုတ်လျက်ရှိသည်။ ညှိမြကတော့ အောင်ဗလ၏ ရိုက်ချက်နှင့် သတိလစ်နေပြီဖြစ်၏။

ဆရာယက္ခတို့အုပ်စုလည်း အခြေအနေကြည့်ကာ ဆန်စက်ထဲဝင်လာကြသည်။ ယက္ခအုပ်စုနှင့် ဒေဝအုပ်စုတို့ ဆုံကာ အကြီးအကျယ် တိုက်ခိုက်ကြတော့သည်။ အသာစီး ရနေပြီဖြစ်သော မင်းခေါင်လည်း ရှင်နှောင်းအား နေရာအနှံ့ လိုက်ရှာ၏။

ရှင်နှောင်းမှာတော့ ရေတိမ်နစ်လုဆဲဆဲ ဖြစ်နေပြီ. . ။ လူယုတ်မာလက်ချက်နှင့် ဘဝပျက်ရန် လက်တစ်ကမ်းသာ လိုတော့သည်။

ထိုစဉ်အခိုက်မှာပင် စတိုခန်းတံခါးက ဝုန်းခနဲ ပွင့်သွားသည်။ ချစ်သူ ရှင်နှောင်းအပေါ် ခွစီးထားသော အောင်ဗလကို တွေ့လိုက်ရတော့ သရဲမင်းခေါင် စိတ်မထိန်းနိုင်ဖြစ်သွားပြီး နံရံအဖြစ် ကာထားသော သွပ်တစ်ချပ်ကိုဆွဲဖြုတ်၍ ပစ်လွှင့်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုး!. . ဒုတ်!. . "

"အား!!. . "

သွပ်ပြားမှာ လေထဲအရှိန်နှင့်ဝဲပျံလာရင်း အောင်ဗလ၏ လည်ပင်းကို တိုးတိုက်ဖြတ်သန်းသွားသည်။

အောင်ဗလခေါင်းကြီး ပြတ်ကျသွားလေ၏။

"အမလေး!!"

ရှင်နှောင်းကြောက်လွန်း၍ မျက်စိစုံမှိတ် အော်မိသည်။ ထိုနေရာသို့ ယက္ခတို့အဖွဲ့တွေ ရောက်လာကြသည်။

"ဆရာယက္ခတို့ ရှင်နှောင်းနဲ့ ညီမြကို ဒီနေရာက ကယ်ထုတ်သွားကြပါ. . "

"အေးပါ မင်းခေါင်ရယ်. . အေးပါ. . "

မင်းခေါင်လှည့်ထွက်သွား၏။ မင်းခေါင်ထိုသို့ ပွဲကြမ်းနေသလို ရန်လုံကလည်း အစွမ်းပြလျက်ရှိသည်။ သူ့ကိုယ်သူ ကျွဲလောက်နွားလောက်ကြီးသည့် ခွေးကြီးအဖြစ် အသွင်ပြောင်းတာ ဘုရားဌာပနာဖေါက်သူများကို ကိုက်သတ်ဆုံးမလျက်ရှိသည်။

ရန်လုံလုပ်တာ သဘောကျသွားပြီး မင်းခေါင်လည်း အသွင်ပြောင်းကြည့်၏။ အကြီးကြီးဖြစ်မလာဘဲ ကလေးတစ်ယောက်အသွင် ပြောင်းသွားသည်။ သို့သော် လက်ထဲမှာတော့ တံစဉ်ကိုင်ထားဆဲဖြစ်၏။ ဒေဝ၏ တပည့်များက ကလေးပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော သူ့အား အလေးမထားကြ၊ ဒီတော့လည်း လူမိုက်တွေ အငိုက်မိသွားကြသည်။ ကလေးလို ပုံပြောင်းထားသည့် မင်းခေါင် နောက်ထပ် နှစ်ယောက်ကို ရှင်းပစ်လိုက်နိုင်သည်။

ဘုရားသူခိုးတွေ သွေးပျက်ကုန်ကြသည်။ မနိုင်တော့မှန်း သိပြီး ဆရာဒေဝထံ ပြေးသွားပြီး ကယ်ပါယူပါ တစာစာနှင့် အားကိုးတကြီး အကူအညီတောင်းကြတော့၏။

"ဆရာလုပ်ပါဦး ဟိုကောင် အောင်ဗလလည်း သေပြီ၊ ဒီသရဲကောင်ကို မနိုင်တော့ဘူးဗျ၊ ကယ်ပါဦး ဆရာရယ်. ."

"ဝိညာဉ်ကို ဝိညာဉ်နဲ့တိုက်မှ နိုင်မှာပေါ့ကွ ငါမွေးထားတဲ့ ကောင်တွေခေါ်လိုက်မယ် တွေ့ကြရောပေါ့. ."

ဆရာဒေဝက သူ့လွယ်အိတ်ကြီးထဲ လက်နှိုက်ပြီး ဖန်ပုလင်းငယ်တလုံး ထုတ်ယူကာ ဂါထာတစ်ပုဒ် ရွတ်ဆိုရင်း ပုလင်းကို အသက်သွင်းသလို လုပ်နေသည်။ မင်းခေါင်လည်း အန္တရာယ် အငွေ့အသက်တစ်ခုခု ရသလိုခံစားရ၍ ငြိမ်ကာကြည့်နေမိ၏။

ဆန်စက်ထဲ တဝဲလည်လည်ဖြစ်နေသည့် ယက္ခတို့အဖွဲ့နှင့် ရှင်နှောင်းတို့လည်း ထိုနေရာသို့ ရောက်လာကြသည်။

ဒေဝနှင့် မင်းခေါင်တို့ မျက်နှာချင်းဆိုင် ရပ်နေတာကို ကြည့်ပြီး အာလုံးက ဝိုင်းဝန်းစူးစမ်းနေကြ၏။ ရုတ်တရက်ဆို သလို ဒေဝက လက်ထဲမှပုလင်းငယ်လေးကို မင်းခေါင်းရှေ့မြေ ခင်းဆီသို့ ပစ်ပေါက်ခွဲချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခလွှမ်း!. ."

ကွဲသွားသည့်ပုလင်းထဲမှ အခိုးအငွေ့များ တလူလူထွက်လာကာ လူတစ်ယောက်ပုံစံဖြစ်လာ၏။ တအံ့တဩနှင့် ဝိုင်းကြည့်နေကြစဉ်မှာပင် ထိုလူ တဖြည်းဖြည်း ကြီးထွားလာသည်။

သာမန်လူတွေ မပြောနှင့် မင်းခေါင်ပင် အထိတ်တလန့်ဖြစ်သွားကာ နောက်သို့နှစ်လှမ်းသုံးလှမ်းလောက် ဆုတ်လိုက်မိ၏။ လွန်စွာသန်မာထွားကျိုင်းသည့် ဝိညာဉ်ကြီးကို ဖန်ဆင်းလိုက်နိုင်သည့် ဒေဝမှာ ဝင့်ကြွားစွာ မာန်တက်နေတော့သည်။

ဒေဝ မာန်တက်မည်ဆိုလည်း တက်ချင်စရာ၊ ထိုထွားကြိုင်လှသော ဝိညာဉ်ကြီးက မင်းခေါင်အား မနားတမ်း စတင်တိုက်ခိုက်တော့၏။ အလုံးအထည်ခြင်း ကွာသည့်အပြင် နှစ်ချိုးဝိညာဉ်ကြီးနှင့် တိုက်ခိုက်နေရသည်ဖြစ်၍ မင်းခေါင် အလူးအလဲပင် ခုခံနေရသည်။

ဝိုင်းကြည့်နေကြသည့် ရှင်နှောင်းအပါအဝင် လူသားများမှာ ဝိညာဉ်ချင်းတိုက်ပွဲကို ဘယ်လိုမှ အကူအညီမပေးနိုင်ဘဲ ရင်တထိတ်ထိတ်နှင့်သာ လက်ပိုက်ကြည့်နေကြရလေ၏။

ဝိညာဉ်တိုက်ပွဲကလည်း ပြင်းထန်လှသည်။ ရုပ်သွင်ပြောင်းပြီး ရင်ဆိုင်ရအောင်လည်း မင်းခေါင်က ကလေးပုံစံသို့သာ ပြောင်းနိုင်သည်မို့ အခက်တွေ့နေလေ၏။ ဝိညာဉ်ချင်းတိုက်ခိုက်ရာတွင် ထွားကျိုင်းဝိညာဉ် ထိုးနှက်လိုက်တိုင်း မင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



မခိုမဆုံ ခံစားရကာ လွင့်ထွက်ပြိုလဲသွားရသည်ချည်းသာ ဖြစ်သည်။

"ဆရာယက္ခ ကြည့်လုပ်ဦး ကိုရင်မင်းခေါင် အခြေအနေ မကောင်းဘူး"

"ငါလည်းမြင်နေရတာပဲလေ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ ဒေဝက အရမ်းစွမ်းထက်နေတာ မဟုတ်လား၊ သရဲတောင် မွေးထားနိုင်တဲ့သူလေ၊ တို့ရဲ့မင်းခေါင်က မနေ့တနေ့ကမှ သရဲဖြစ်သွားတာဆိုတော့ ဘယ်ယှဉ်နိုင်မှာလဲ"

ယက္ခရှင်းပြတာ မှန်နေသဖြင့် အားလုံး စိတ်မကောင်းဖြစ်သွားကြသည်။ မမျှတသည့် ပြိုင်ပွဲတခုကို ကြည့်နေရသလို ခံစားနေကြရ၏။ သို့သော် မင်းခေါင်းက လူ့ဘဝကတည်းက ခေါင်းမာလှသည့် ကျားကုပ်ကျားခဲသမား၊ ယှဉ်လာလျှင် ဘယ်တော့မှ အရှုံးမပေးတတ်သူဖြစ်သည်။

ထို့ကြောင့်လည်း သရဲဘဝမှာ ရင်ဆိုင်နေရသည့် အင်အားကြီးမားလှသည့် ပြိုင်ဘက်အား အနိုင်မခံအရှုံးမပေး ခုခံတိုက်ခိုက်နေဆဲဖြစ်သည်။

သိုင်းပြောင်းပြန်သမား မင်းခေါင်က သူ့ထက်လက်ခုပ်တဖောင်ခန့် ပိုမြင့်နေသည့် ဝိညာဉ်ကြီးအား ခုန်ပျံ၍ပင် ထိုးနှက်တိုက်ခိုက်သည်။ ဟိုဘက်က ပြန်လုပ်လိုက်လျှင်လည်း ခွေးကျဝက်ကျ ပြန်ပြုတ်ကျကာ မရှုနိုင်မကယ်နိုင်အောင်ပင် ခံစားနေ



www.burmeseclassic.com

www.burmeseclassic.com



ရ၏။

ဒေဝမှာ မင်းခေါင်ခံနေရပုံကိုကြည့်ပြီး သဘောကျ တျေ နပ်နေသည်။ ခုတော့ အားလုံးပြီးသွားပြီ၊ ဝေစုခွဲမည့် အောင်ဇလ လည်းမရှိတော့၊ ဝိညာဉ်အစုတ်ပလုတ် မင်းခေါင်ကို ရှင်းပြီးလျှင် ဌာပနာ ရတနာများနှင့် ပစ္စည်းအားလုံး သူပိုင်ပြီ။ ဒေဝ ဝမ်းသာ အားရဖြစ်စွာနှင့် လဲကျနေသော မင်းခေါင်အား အရသာခံ၍ ကြည့်နေစဉ် မထင်မှတ်တာတခုဖြစ်လာသည်။

"ဝုတ်!. . ဝုတ်!. . ဝုတ်!. . ဝေါင်း!!. ."

ရန်လုံက ရောမခွေးကြီးသဏ္ဌာန်အသွင်ယူလျက် တိုက်ပွဲအလယ်သို့ ဝင်ချလာ၏။ ခွေးက ကျားလိုဟိန်းဟောက်၍ အစွယ်ဖွေးဖွေးကြီးတွေ ထုတ်ကာ သန်မာထွားကျိုင်းလှသည့် ဝိညာဉ်ကြီးအား ခုန်အုပ်ကိုက်ဖဲ့တိုက်ခိုက်လာ၏။

ဒေဝ အံ့သြထိတ်လန့်သွားရသလို ရှင်နှောင်းနှင့် ယတ္တ တို့အဖွဲ့လည်း အားတက်သရော ဖြစ်လာကြသည်။ ရန်လုံ၏ ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်မှုကို ဝိညာဉ်ကြီး မခံစားနိုင်တော့။ နောက်ဆုံး အရှုံးပေးသည့်အနေနှင့် အခိုးအငွေ့သဏ္ဌာန် ပြောင်းကာ မျောလွင့်ကွယ်ပျောက်သွားသည်။

"ဝေးဟေးဟေး. . ဒါမှ တို့ ရန်လုံကွ. . ရန်လုံကွ"

အနိုင်ရသွားသည့် ခွေးသရဲ ရန်လုံလည်း မူလအရွယ် အစားအတိုင်း ပြန်ဖြစ်သွားသည်။ သက်သာရာရသွားသည့်



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်လည်း အားတင်းကာ ပြန်ထလာ၏။ ရှင်နှောင်းတို့ မင်းခေါင်အား ဖေးမရန် ဟန်ပြင်စဉ် ဒေဝ တစခန်းထလာပြန် သည်။

"ဒီလို လွယ်လွယ်နဲ့ ပွဲပြီးပြီထင်ရင် မှားမှာပေါ့. ."

လှည့်ကြည့်တော့ ဒေဝက လွယ်အိတ်ထဲမှ ကြာပွတ်တစ် ချောင်းထုတ်ယူလိုက်တာ တွေ့ကြရသည်။ ဘယ်လိုနည်းပညာ တွေနှင့် စီရင်ထားသည့်တော့မသိ၊ ထိုကြာပွတ်နှင့် မင်းခေါင်း အား တဖြန်းဖြန်းလှမ်းရိုက်သည်။ ကြာပွတ်အဖျားက မင်းခေါင် ၏ခန္ဓာကိုယ်အား ပတ်မိသွားရာ ထိုကြာပွတ်ကြိုးရာအတိုင်း မီးတုန်းတုန်း ထတောက်ပြီး မချိမဆန့် ဝေဒနာတွေ ခံစားနေရ တော့သည်။

ဒေဝက ကြာပွတ်အား ဆောင့်ဆွဲလိုက်ရာ မင်းခေါင်မှာ ကြိုးတုတ်မိလျက်အနေအထားနှင့် တုံးလုံးလဲကျသွားတော့၏။ ဒေဝမှာ ကျေနပ်အားရဖြစ်သွားပြီး ပွဲသိမ်းပစ်ရန် နောက်ဆုံး လက်နက်ကို ထုတ်လာ၏။

ထိုလက်နက်မှာ ဓားမြှောင်တစ်ချောင်းဖြစ်သည်။ ဓား အိတ်တွင် မမ,တွေ အင်းတွေနှင့် တန်ဆာဆင်ထား၏။ လုံးဝ မလှုပ်နိုင်တော့ဘဲ အော်ဟစ်ညည်းညူနေရသော မင်းခေါင်ထံ တရွေ့ရွေ့ လှမ်းလာသည်။ လှမ်းလာရင်းနှင့် ဓားမြှောင်ကို ဓား အိမ်ထဲမှ ဆွဲထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဓားသွားတွင်လည်း အင်းစာလုံးများကို ထွင်းထားသေးသည်။ မင်းခေါင်ဘေးနားအရောက်တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ဓားမြှောင်ကို စုံကိုင်မြှောက်၍ ရင်ဝအား ထိုးစိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်တွင် ခွေးသရဲလေး ရန်လုံလည်း အသံပင်မပေးတော့ဘဲ လှစ်ခနဲ ပြေးဝင်သွားကာ ဒေဝအား ခုန်အုပ်လိုက်တော့သည်။ အငိုက်မိ၍ ဒေဝ လဲကျသွားသော်လည်း သတိကြီးသူပီပီ ရန်လုံအား ဓားမြှောင်နှင့် အမိအရပင် လှမ်းပက်လိုက်သည်။ ရန်လုံ့လည်ပင်းမှာ ဓားဒဏ်ရာအသစ်တစ်ခု ထပ်ပေါ်လာကာ ဝုန်းခနဲ လဲကျသွားတော့၏။ ဒေဝက ထိုမျှနှင့် မကျေနပ်နိုင်သေးသလို ရန်လုံ၏ ရင်အုံအား ထပ်မံ၍ ဓားမြှောင်နှင့် ထိုးစိုက်လိုက်ပြန်သည်။

ထိုအခါ ရန်လုံမှာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာကာ အရောင်တွေဖြာထွက်လာပြီး လုံးဝငြိမ်သက်သွားလေတော့၏။ ထိုဓားမြှောင်က ဝိညာဉ်တွေကို နှိမ်နင်းနိုင်သည့် **အစီအရင်**ဓားမြှောင်ပင် ဖြစ်လိမ့်မည်။ ရန်လုံအား ရှင်းလင်းပြီးနောက် ဒေဝမှာ မင်းခေါင်ဘက်သို့ ပြန်လှည့်လာသည်။

မင်းခေါင်ကိုလည်း ရန်လုံကဲ့သို့ပင် **အစီအရင်ဓားမြှောင်**နှင့် ရှင်းပစ်ရန် ဒေဝအားထုတ်လာပြန်သည်။ ယက္ခတို့စုနှင့် ရှင်နှောင်းတို့လည်း ဘာမှမတတ်သာဘဲ ငေးကြည့်ငိုနေရရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ သရဲပေါက်စလေး မင်းခေါင်၊ ခြေချုပ်ချည်မန်းကွင်းကြာပွတ်ရဲ့ အရသာကို သဘောကျရဲ့လား. . ဟားဟား. . ဟား"

ဓားမြှောင်ကို စုံကိုင်မြှောက်၍ ထိုးစိုက်ဖို့ချိန်ရွယ်ထားရင်း ဒေဝက မာန်တက်စွာနှင့် လှောင်ပြောင်ပြောဆိုနေသည်။

"မင်တို့ကို မလောက်လေးမလောက်စား ကောင်တွေကို စကြာဝဠာအပြင်ဘက်ထိ မောင်းထုတ်ပစ်မယ့် ဝိဉာဉ်နိုင် ဓားမြှောင်ရဲ့အစွမ်းကိုလည်း မြည်းကြည်လိုက်ဦး. . "

ဒေဝက လုပ်ငန်းစဉ်အား အဆုံးသတ်တော့မည့်ဟန်နှင့် ဓားမြှောင်ကိုင်ထားသည့်လက်ကို အရှိန်ရအောင် ပို၍မြှောက်တင်လိုက်သည်။ မင်းခေါင်၏ ရင်ဝအား ချိန်ရွယ်ကာ ထိုးစိုက်ချလိုက်စဉ် လမ်းခုလတ်မှာ ဓားမြှောင်အရှိန် ရပ်တန့်သွား၏။ ဒေဝ၏ မျက်ဝန်းတွင်လည်း မယုံကြည်နိုင်ခြင်း နာကျင်ခြင်းစသည့် ဝေဒနာအရိပ်အယောင်များ ထင်ဟပ်လာသည်။

ဒေဝအား ထိုသို့ဖြစ်အောင် လုပ်လိုက်သူမှာ ရှင်နှောင်းပင် ဖြစ်သည်။ သူ့မျက်စိအောင်မှာ ချစ်သူမင်းခေါင် အခါခါသေရမည့်အဖြစ်ကို မရှုရက်နိုင်၍ ကြမ်းပေါ်မှာ ဓားတစ်ချောင်းကောက်ယူကာ ဒေဝ၏ နောက်ကျောမှ ထိုးသွင်းလိုက်ခြင်း ဖြစ်၏။

အရှိန်ပြင်းလား မပြင်းလားတော့ မပြောတတ်၊ ဓားဦးက



www.burmeseclassic.com

www.burmeseclassic.com



ဒေဝရင်ဘတ်မှာ တမိုက်လောက် အစွန်းထွက်နေသည်။ ဒေဝက ဝိညာဉ်မဟုတ်၊ လူသားစင်စစ်ဖြစ်သဖြင့် သွေးဝေါက်တောက်ပန်း ထွက်ကာ ဗိုင်းခနဲ လဲကျသွားပြီး တမလွန်ရောက်သွားတော့၏။

ချစ်ရသူကို ကယ်တင်ဖို့အရေး တခုတည်းသာတွေးမိပြီး ထိုသို့လုပ်ခဲ့သည့် ရှင်နှောင်းလည်း သူ့ကိုယ်သူ မယုံကြည်နိုင်အောင် ဖြစ်နေလေ၏။ ဒေဝ သေသွားတော့မှ အကြောက်လွန်ပြီး မထွေးနိုင် မအန်နိုင် ဖြစ်နေရှာသည်။ အစ်မဖြစ်သူ ညိုမြ ပြေးဖက်လိုက်တော့မှပဲ စိတ်လျှော့ပြီး အစ်မရင်ခွင်ထဲမှာ တသိမ့်သိမ့် ရှိုက်ငိုနေလေတော့၏။

ယက္ခ၊ သာဂိ၊ ဆိတ်သိုးနှင့် ခြောက်စောင်းတို့လည်း မင်းခေါင်ထံ ပြေးလာကာ ဝိုင်းကူကြသည်။ ယက္ခက ဘုရားတရား အာရုံပြုပြီး မင်းခေါင်ကို ရစ်ပတ်နေသည့် ချည်မန်းကွင်း ကြာပွတ်ကို ဖြုတ်ပေးလိုက်သည်။ မင်းခေါင်မောဟိုက်ပင်ပန်း အားကုန်နေသော်လည်း ပြန်ထလာနိုင်သည်။

ဌာပနာဖေါက်သည့် ဘုရားသူခိုးတသိုက်တော့ နေဝတ်ဘဝမကူးခင်မှာပဲ အကုသိုလ်အကျိုးဆက်ကို တနင့်တပိုး ခံစားခဲ့ကြရပြီ ဖြစ်သည်။ ထိုအချိန်တွင် သူကြီး၊ ရဲအဖွဲ့နှင့် ရွာသားတွေ ရောက်လာကြ၏။

အဖြစ်အပျက်ကို ယက္ခနှင့် ရှင်နှောင်းတို့က အစအဆုံး ရှင်းပြကြသည်။ သူကြီးက ခုထိ လက်မခံနိုင်သေး၊ ရဲများနှင့်

www.burmeseclassic.com



အတူ ဂိုထောင်ထဲ အနှံ့လိုက်လံစစ်ဆေးကြည့်ရှုသည်။ ထိုအခါမှ ခေါင်းပြတ်နေသော သားဖြစ်သူ အောင်ဗလ၏ အဖြစ်ဆိုးကို ပက်ပင်းမြင်သွားရသည်။

အောင်ဗလအလောင်းရှိနေသည့် အခန်းထဲမှာလည်း အိတ်များ ထင်းရှုးသေတ္တာများနှင့် ထည့်ထားသည့် ကြေးဘုရား ဆင်းတုတော်များ၊ ဌာပနာတိုက်မှ ရတနာများကို သက်သေ အဖြစ် ရှာဖွေတွေ့ခဲ့သည်။

သူကြီးမှာ သားအလောင်းကို ကြည့်ကာ မျက်ရည်ဖြိုင် ဖြိုင် ကျနေရှာသည်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်ပြီး ဘုရား ဝင် မကယ်နိုင်သည့်ပြစ်မှု ကျူးလွန်ထားသူ အောင်ဗလတော့ တမလွန်မှတဆင့် ငရဲသို့ထွက်သွားပြီဖြစ်သည်။ ဒေဝ၏ တပည့် နှစ်ယောက်တော့ အသက်မသေဘဲ ကျန်နေသေး၏။

ထိုနှစ်ယောက်အား ရဲက စစ်ဆေးမေးမြန်းနေတာကို မျက်ရည်ဝဲလျက် ငေးကြည့်နေသူက ဘန့်ဘွေးကုန်းရွာသူကြီးပင် ဖြစ်တော့သည်။ ယက္ခမှာ အသတ်ခံခဲ့ရသည့် မင်းခေါင်က သရဲ ဘဝနှင့် အမှုမှန်ပေါ်အောင်၊ ဌာပနာဖေါက်သူများ ဖမ်းဆီးရမိ အောင်၊ ဓားစာခံအဖြစ် အဖမ်းခံထားရသည့် ရှင်နှောင်းတို့ လွတ် မြောက်အောင် အမိကကူညီစွမ်းဆောင်ဖေါ် ထုတ်ပေးခဲ့ကြောင်း ရှင်းပြကြ၏။

သို့သော် ရဲကလက်မခံ၊ ဝိညာဉ်တွေ နာ[illegible]ဘာဝတွေကို



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်ကြောင်း ပြတ်ပြတ်သားသားပင် ပြောဆိုသည်။

ရှင်နှောင်လည်း မခံချင်စိတ်နှင့် သက်သေပြရန် မင်းခေါင်ကို ရှာကြည့်၏။ သို့သော် မတွေ့။ မင်းခေါင်နှင့် ခွေးလေးရန်လုံတို့မှာ အခင်းဖြစ်နေရာမှ ပျောက်ချင်းမလှ ပျောက်ကွယ်သွားကြပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# နိဂုံး

ဆန်းစွာပင် ခေါင်းနှင့်ကိုယ် ပြန်ဆက်နေသည့် မင်းခေါင်အလောင်းကို ဆရာတော် ဦးစီးပြီး ကောင်းမွန်စွာ သင်္ဂြိုလ်ပေးခဲ့သည်။ ထိုအသုဘက ဝက်ဝက်ကွဲစည်ကားခဲ့၏။ တစ်ရွာလုံးလိုလို လိုက်ပါပို့ဆောင်ကြသည်။ မင်းခေါင်တို့ ရပ်ရွာကို ဒုက္ခပေးခဲ့သူ မဟုတ်သည့်အပြင် ဘန့်ဘွေးကျောင်းစေတီတော်

www.burmeseclassic.com



၏ ဌာပနာများနှင့် ဆင်းတုတော်များ ပြန်လည်ရရှိအောင် သက်စွန့်ကြိုးပမ်းခဲ့သူ ဖြစ်သည်။

ထိုမျှသာမက မသမာသူတို့လက်ချက်နှင့် အသက်ထွက်ခဲ့ရသည်တိုင် ဘဝမကူးနိုင်ဘဲ ဝိညာဉ်အဖြစ်နှင့် လူယုတ်မာများကို အမိဖမ်းနိုင်ရန် ကူညီခဲ့သလို ချစ်သူရှင်နှောင်း၏ ဘဝကိုလည်း ကယ်တင်ပေးခဲ့သူဖြစ်သည်။

တာဝန်ရှိသူတွေ ဘယ်လိုပဲ လက်မခံသည်ဖြစ်စေ. .၊ ဝိညာဉ်မင်းခေါင် ကူညီဆောင်ရွက်ခဲ့တာ တစ်ရွာလုံး လက်ခံထားပြီ ဖြစ်သည်။ ဘန့်ဘွေကုန်းတစ်ရွာလုံး၏ အသည်းနှလုံးထဲတွင် မင်းခေါင်ရှိနေမည်မှာလည်း အသေအချာပဲဖြစ်သည်။ ထိုဖြစ်ရပ်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ပြောပြသွားကြမည်ဆိုတာလည်း မြေကြီးလက်ခက်မလွဲပင်ဖြစ်သည်။

ဆရာတော်ဦးပရမနှင့် ဦးပဥ္ဇင်းနှစ်ပါးက မင်းခေါင်အား သရဏဂုံတင်ပေးကာ မေတ္တာပို့ အမျှဝေပေးကြသည်။ ရွာလူထု၏ သာဓုခေါ်သံက သုသာန်ထဲမှာ ဟိန်းထွက်လာ၏။ ရည်စူးပြုလုပ်သည့် ကောင်းမှုကုသိုလ်အဖို့ဘာဂတို့ကို ရောက်လေရာဘဝမှ မင်းခေါင်တစ်ယောက် သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါစေသော်. . .

တရားနာပြီးတော့ မင်းခေါင်အလောင်းအား မြေချသည်။ ကျင်းကို မြေဖို့သည်။ မြေကျစ်စာခဲတစ်ခဲ ကျင်းထဲပစ်



www.burmeseclassic.com

www.burmeseclassic.com



ထည့်အပြီး ရှင်နှောင်း ရှိုက်ကြီးတငင် ငိုတော့သည်။ ညိုမြနှင့် ဂွမ်းပုံတို့ ထိန်းပြီး ချော့မော့ကြရ၏။ သူ့မြေပုံမှာနာမည်မှတ်တိုင် စိုက်အပြီးတွင် အသုဘပို့ ပရိသတ်က တဖွဲဖွဲ ပြန်ကုန်ကြသည်။ ရှင်နှောင်းမပြန်သေး. . .။

ဆရာတော်တို့လည်း ပြန်ကြွသွားကြပြီ၊ ရှင်နှောင်း မပြန်နိုင်သေး။ မင်းခေါင်နှင့် အရင်းနှီးဆုံးမိတ်ဆွေများဖြစ်သည့် ဆရာယက္ခ၊ သာဂိ၊ ဆိတ်သိုးနှင့် ခြောက်စောင်းတို့လည်း ပြန်သွားကြပြီ၊ ရှင်နှောင်းကား မပြန်သေး. . .။

"ရှင်နှောင်း တဖြည်းဖြည်းနဲ့ နေစောင်းလာပြီ ပြန်ကြရအောင်နော်. ."

မင်းခေါင်၏ မြေပုံရှေ့မှာ ဒူးတုပ်ထိုင်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျနေသည့် ရှင်နှောင်းအား ညိုမြက ချော့မော့ပြီး ပြန်ဖို့ပြောသည်။ ရှင်နှောင်းက ခေါင်းခါ၏။

"ရှင်နှောင်း ငါ သရဲကြောက်တယ်ဟ ပြန်ကြရအောင်ဟာ. ."

ဂွမ်းပုံက သရဲနှင့် လှည့်ခြောက်ပြီး ပြန်ဖို့စည်းရုံးသည်။ ရှင်နှောင်းမှာ ခေါင်းခါ၍သာနေမြဲ ဖြစ်သည်။ ညိုမြနှင့် ဂွမ်းပုံတို့ ကြောက်လည်းကြောက် ရှင်နှောင်းအား ထားခဲ့ဖို့လည်း စိတ်မချနိုင်ဖြစ်သဖြင့် ဘာလုပ်ရမှန်းမသိဘဲ ချီတုံချတုံဖြစ်နေသေး၏။

အောင်အည်းသည်းခံ စောင့်ဆိုင်းပေးရင်းနှင့်ပင် တဖြည်း

www.burmeseclassic.com



ဖြည်း အလင်းရောင်က အားပျော့လာနေပြီ။

"ရှင်နှောင်း မှောင်တော့မယ်. . ငါတို့ကြောက်တယ်ဟ ပြန်ကြရအောင်"

"ဟင့်အင်း. . ငါ ခဏနေချင်သေးတယ်. . "

"ဒါဆိုလည်း တစ်ယောက်ထဲနေခဲ့တော့ ငါတို့သွားပြီ"

ညိုမြနှင့် ငွမ်းပုံတို့ ရှင်နှောင်း၏ လုပ်ရပ်အပေါ် စိတ်မရှည်နိုင်တော့ဘဲ ဗျစ်တောက်ဗျစ်တောက်ပြောဆိုကာ မပြေးရုံတမည်ပင် သုသာန်ထဲမှ ပြေးထွက်သွားကြတော့၏။ သုသာန်ထဲ တစ်ယောက်တည်း ကျန်နေခဲ့၍လည်း ရှင်နှောင်း လုံးဝမတုန်လှုပ်၊ ထွက်သွားသည့် ညိုမြတို့ကိုလည်း လှည့်မကြည့်၊ သူ့အာရုံက မင်းခေါင်၏ မြေပုံပေါ်မှာသာ ငြိတွယ်လျက်ရှိသည်။

ရှင်နှောင်း၏ အာရုံထဲတွင် ဆွမ်းခံကြွလာသည့်အခါတိုင်း မင်းခေါင် အေးလေ့ရှိသည့် ဆွမ်းတော်ဗျို့ဟူသော အသံကိုသာ ကြားယောင်လျက်ရှိ၏။ ရှင်နှောင်း ဆွမ်းလောင်းနေစဉ်မှာလည်း ဘာစကားမှ မပြောဘဲ ရွှန်းရွှန်းစားစားကြည့်နေတတ်သည့် မျက်လုံးရွဲကြီးတွေကို သတိရနေသည်။

ဆရာတော် နေမကောင်း၍ ကျောင်းသို့ ဆန်ပြုတ်နှင့် ငါးကြော်သွားပို့စဉ် ပြောလွှတ်လိုက်သည့် ရည်းစားစကားကို ရင်ခုန်စွာပြန်ကြားယောင်နေမိ၏။ လူရမ်းကား အေးဝင်ဗလ နှောင့်ယှက်၍ ကိစ္စငြိမ်းအောင် မင်းခေါင်က သူ့ရည်းစားဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောမိခိုက်မှာ တိုက်ဆိုင်စွာပင် မင်းခေါင်ရောက်နေ၍ အတိအလင်း ချစ်သူဘဝ ရောက်ခဲ့ရတာကိုလည်း ကြည်ကြည်နူးနူးနှင့် အမှတ်ရနေမိသည်။

သို့သော် ချစ်သူသက်တမ်းက ဘာမှမကြာလိုက်၊ သမီးရည်းစားဘဝ ပထမဆုံးချိန်းတွေ့မှုအဖြစ် ရွာဘုရားပွဲမှာ တူယှဉ်တွဲပြီး လည်ပတ်ခဲ့ကြတာတွေ၊ မောင်နှံ့စုံ ဘုရားဖူးခဲ့ရတာတွေဆိုတာလည်း မနေ့တစ်နေ့ကပဲမို့ မေ့ရက်စရာလုံးဝမရှိခဲ့။

မြေပုံရှေ့မှာ ဒူးထောက်ထိုင်ရင်း ချစ်သူကို တသသ သတိရနေသည့်ရှင်နှောင်း အနီးဝန်းကျင်ကို မျက်စိကစားလိုက်တော့ တောပန်းလေးတွေ အပြိုင်းအရိုင်းပေါက်ရောက် ရှင်သန်နေတာကို မြင်မိသည်။

မြေပုံရှေ့မှ ထလာပြီး တောပန်းရောင်စုံတွေကို လက်တဆုပ်စာလောက်ရအောင် ရှင်နှောင်းလိုက်ခူးသည်။ ပြီးတော့ ချစ်သူ၏ မြေပုံပေါ်မှာ အလှဆင်သည်။ ထိုသို့လုပ်ရင်း ရှင်နှောင်း မျက်ရည်ဝဲလာ၏။ ခုတော့ မင်းခေါင်၏ မြေပုံက ပန်းမွေ့ရာကြီးအောက်မှာ အေးချမ်းစွာ တည်ရှိနေခဲ့ပြီ။ အလင်းရောင်လည်း ပို၍ပို၍ အားနည်းလာပြီဖြစ်သည်။

ထို့အတွက် ရှင်နှောင်း သုသာန်ထဲမှ မဖြစ်မနေ ထွက်လာခဲ့ရတော့၏။ သံယောဇဉ်မပြတ်သလို လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်လာသည့် ရှင်နှောင်းတစ်ယောက် ချော်ဟောင်းသံ



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရ၍ ကြက်သီးမွေးညှင်းထသွားသည်။

ရှေ့နောက်ဝဲယာ လှည့်ကြည့် စူးစမ်းမိသည်တွင် သူ့မထံ ပြေးလာနေသည့် ခွေးလေးရန်လုံကို တွေ့လိုက်ရ၏။ ရှင်နှောင်း မကြောက်သော်လည်း ထိတ်ထိတ်ပျာပျာတော့ ဖြစ်သွားသည်။ ခွေးလေးသူ့နားမရောက်ခင်မှာပင် အပင်ကွယ်မှ ထွက်လာသော မင်းခေါင်ကို တွေ့လိုက်ရလေတော့၏။

ရှင်နှောင်းမှာ အိပ်မွေ့ချခံထားရသူ၊ အညှို့ခံထားသူ ပမာ တောင့်တောင့်ကြီးရပ်လျက် စောင့်နေမိသည်။ မင်းခေါင် သူ့ထံ တည့်တည့်မတ်မတ်လျှောက်လာ၏။ သူတို့ မျက်နှာချင်း ဆိုင် ရပ်မိကြပြီ။

BURMESE CLASSIC

မင်းခေါင်က ရှင်နှောင်းလက်နှစ်ဖက်ကို လှမ်း၍ဆွဲယူ ဆုပ်ကိုင်လိုက်သည်။ ရှင်နှောင်းမကြောက်မိသလို ရှန်းလည်း မရုန်းဖြစ်။ တစ်ယောက်ကိုတစ်ယောက် စူးစူးနစ်နစ် စိုက်ကြည့် နေကြအပြီး. . .

"ကို. . ကိုမင်းခေါင်. . ရှင်နှောင်းဆီ လာတာလားဟင်"

"ဟုတ်တယ် ရှင်နှောင်း ကျုပ်လာနှုတ်ဆက်တာပါ. . "

"နှုတ်ဆက်တာ ဟုတ်လား၊ အို. . ကိုမင်းခေါင်ရယ်. . "

ရှင်နှောင်း ငိုချင်ချင်ဖြစ်သွားသော်လည်း မင်းခေါင်က နှစ်သိမ့်ဖို့ မကြိုးစားတော့. .

"ကျုပ်တို့က ဘဝခြားသွားပြီလေ ရှင်နှောင်းရဲ့. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . ဟုတ်ပါတယ် ကိုမင်းခေါင်. ."

"အင်း. . ဘာပဲဖြစ်ဖြစ် ကျုပ်ချစ်ရတဲ့သူကို လူရမ်းကား လက်မှာ ရေတိမ်မနစ်အောင် ကာကွယ်ပေးနိုင်လို့ ကျုပ် ဝမ်းသာတယ်"

"ကိုမင်းခေါင်ရယ်. ."

"အခု ကျုပ် ဘဝကူးရတော့မယ်လေ. . အဲဒါကြောင့် နောက်ဆုံးအနေနဲ့ လာနှုတ်ဆက်တာပါ. ."

"ဟုတ်. . ဟုတ်ကဲ့. . ."

"သွားတော့မယ် ရှင်နှောင်း၊ ကျုပ်မရှိပေမယ့်လည်း သင့်တော်သူကို လက်ထပ်ပြီး ဘဝကို ပျော်ပျော်ကြီး ရင်ဆိုင်သွားပါ"

"အဟင့်. . ဟင့်ဟင့်"

BURMESE CLASSIC

စိတ်မထိန်းနိုင်တော့၍ ရှင်နှောင်းထံမှ ရှိုက်သံထွက်လာ၏။ မင်းခေါင်းလည်း ရင်ထဲမကောင်း။ သို့သော် ဘဝပေးကုသိုလ် အရ ရေစက်က ဒီမျှသာ ပါလာသည်မဟုတ်လား။

ထို့အတွက် ဘယ်သူ့ထံမှ အယူခံဝင်၍မရ၊ သံသရာခရီး သည်တွေပီပီ ကံမကုန်သေးလျှင်ဖြင့် တကွေ့ကွေ့ ပြန်ဆုံကြရမည်ဖြစ်သည်။

ရန်လုံက တဝုတ်ဝုတ်ဟောင်၍ သတိပေး၏။

ကိုင်ထားသည့် ရှင်နှောင်း၏လက်များကို လွှတ်လိုက်ပြီး နောက်ဆုံးအနေနှင့် မင်းခေါင်၏အပြုံးတစ်စကို မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။

“နှုတ်ဆက်ခဲ့ပါတယ်. . .”

မင်းခေါင်နှင့် ရန်လုံတို့ကိုယ်မှ ပြိုးပြိုးပြက်ပြက်အရောင်တွေထွက်လာသည်။ ထိုရောင်စဉ်တန်းက အစိပ်စိပ်အမွှာမွှာ ပြိုကွဲသွားကာ ပိုးစုန်းကြူးလေးတွေ လေထဲပျံ့ဝဲသွားသလို တဖြည်းဖြည်း ဝေးလွင့်ပျောက်ကွယ်သွားတော့သည်။

ခုတော့ဖြင့်. . သဒ္ဒိုင်းဝ လမ်းဆုံမှာ ရှင်နှောင်း တစ်ယောက်တည်း. . . . . .။ ။



www.burmeseclassic.com